www.burmeseclassic.com

# အိမ့်သက်မှိုင်

# ရင်ခွင်မဲ့ပုစ္ဆာ



www.burmeseclassic.com

www.burmeseclassic.com

စင်တင်ကလေလောင်ရှင်များ မွေးဖွားရာ

သစ္စာမွန်စာပေတိုက်၏

လုံးချင်းဝတ္ထုသန့်သန့်များ

သျှင်မ

ရွှေဘဝင်

အိမ့်သက်ပိုင်

မိုးထက်

# အိမ့်သက်ပိုင်

## ရင်ခွင်မဲ့ပုဏ္ဏာ

(အချစ်လုံးချင်းဝတ္ထုသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၄၄၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၄၀၉၀၈

## ထုတ်ဝေခြင်း

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

## ထုတ်ဝေသူ

ဦးအောင်ကြည်(ခ)ဦးသစ်လွင်(ကံ့ကော်မြိုင်စာပေ)

(၀၉၄၇)၊ အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း၊

(၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဒေါ်အိမွန်သက်လွင် (မြ-၀၁၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ကိုအောင်လွင် (Conqueror)

မြင်ပဆက်သွယ်ရေး - ခင်မာဆွေ

ဖြန့်ချိရေး - မြတ်မာမာမင်း၊ မင်းလေး

အတွင်းဖလင် - ကိုထူး

စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Center မှ

တာဝန်ယူစီစဉ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

✳ အလွမ်း၏ ပုံရိပ်ဟောင်းတွေကို
အနာဂတ်မျက်နှာကျက်မှာ...
နှလုံးသား သွေးစိမ်းတွေနဲ့...
ကမ္ဘည်းထိုးစဉ်...
ရှိုက်သံယဲ့ယဲ့ကို ကြားလိုက်ရတယ်...
ကိုယ် မြတ်နိုးခဲ့သော
ချစ်သူ... သူ ငိုနေတယ်...

ဝသုန်နှောင်

www.burmeseclassic.com

www.burmeseclassic.com

* ရွှန်းသာမြွယ်တဲ့
အိပ်မက်ကောင်းတွေနဲ့...
ခြောက်ကပ်ကပ်ကလေး ပြုံးလိုက်မိမှာတော့...
အဆိပ်လူးထားတဲ့
သံယောဇဉ်မြားတစ်စင်းရဲ့
စူးစူးစိုက်စိုက် ရင်ကိုထိမှန်ခဲ့တယ်...

မျိုးအာလင်္ကာ

www.burmeseclassic.com

www.burmeseclassic.com

※ ဝန့်တော်ဦး

သစ္စာတရား ရင်ခွင်ကို
ဥပေက္ခာတို့ဖြင့် ရက်စက်ခဲ့သူ..
နောင်တဆိုတာကိုလည်း ကျော့ခိုင်းရင်း...
နှလုံးသားရယ်မောသံတွေနဲ့
ရင်ကွဲလေးတွေကို တိတ်ဆိတ်စွာ ဆိုခဲ့ရပြီလေ...

တာမျှာအိမ်

www.burmeseclassic.com

www.burmeseclassic.com

## တကယ်လို့သာ

တကယ်လို့သာ...
သူမဆိုတာ
ဤကမ္ဘာကြီးတွင် မမွေးဖွားခဲ့ဘူးဆိုရင်
သူဟာ
အချစ်ဆိုတာကို ရှာတွေ့ခဲ့သူ ဟုတ်ခဲ့မှာမဟုတ်ဘူး...

တကယ်လို့သာ...
မိုးကောင်းကင်ကြီးမှာ
တိမ်တိုက်တွေ ပြိုကျခဲ့ခြင်းမရှိခဲ့ရင်
အိပ်မက်ဆိုတာ ဖျက်ဆီးခဲ့မှာ သေချာတယ်...

တကယ်လို့သာ...
သူမမျက်ဝန်းအိမ်မှာ
မျက်ရည်ဆိုတာ မရှိခဲ့ရင်
သူ့နှလုံးသားတွင် အလွမ်းသီချင်းဆိုတာရှိခဲ့မှာမဟုတ်ဘူး...



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ...
မေတ္တာဆိုတာမရှိခဲ့ရင်
သူ၏ နှုတ်ခမ်းပါးက စကားသံစဉ်ကို
မက်မက်မောမော နားစိုက်မိခဲ့မှာ မဟုတ်ခဲ့...

တကယ်လို့သာ...
မြစ်ငယ်မှရေ
ပင်လယ်ထဲသို့ မစီးဆင်းခဲ့ဘူးဆိုရင်...
အချစ်သည် ရယူခြင်းလို့ သတ်မှတ်မိခဲ့မှာ

ခုတော့
ခုများ...
နှလုံးသားရဲ့ အာရုံမြက်ခင်းတွေ
လေပြေညင်းကြောင့် လန်းဆန်းခွင့်မကြုံရတော့ဘဲ
အနောက်ဘက်မုန်တိုင်းအောက်မှာ
တစ်စစီ ပျက်စီးခဲ့ရပြီး
ဘာရယ်ကြောင့်ပဲဖြစ်ဖြစ်...
သို့ချစ်သော သူ...
ဝမ်းမြောက်မယ်ဆိုရင်...
ကမ္ဘာကြီးပျက်သုဉ်းစေဦး ကျေနပ်စွာဖြင့်...
ကျေနပ်စွာဖြင့်...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁ ◀

"တကယ်လိုက်ဖက်တဲ့စုံတွဲဗျ"

"ဟုတ်ပဗျာ၊ တကယ့်နေနဲ့လပဲ"

သူ့နားထဲသို့ ထိုးဖောက်ပြီး ဝင်ရောက်လာသော စကားလုံးကြောင့် နှီးချည်နေသော သူ့လက်ချောင်းများ တုန့်ရီသလို ဖြစ်သွားသည်။

ထိုစကားလုံးများအပေါ်တွင် သူ ဝမ်းသာမိသလို ကြေကွဲမိသလို ဝေခွဲပိုင်းခြားလို့မရနိုင်ပေမယ့်...

သူ့ရင်တွင် သိနေတာကတော့ ချစ်ခြင်းတရား၏ ဆုံးရှုံးမှု...

"ဝသုန်ရေ... အရှေ့ဘက်ခြမ်း နှီးချည်ပြီးရင် ထောင်းစားရအောင်"

"ဟုတ်ကဲ့ အဘလှိုင်"



www.burmeseclassic.com

www.burmeseclassic.com



အဘဖျိုင်ဆိုတာ ဝသုန်၏အလုပ်ရှင်...

ရွာတွင် ပြိုင်ဘက်ကင်းချမ်းသာသူ... ပြီးတော့ သူ တိတ်ဆိတ်စွာချစ်ခဲ့ရသော မျိုးအလင်္ကာ၏ဖခင်။

ခု သူကိုယ်တိုင် မျိုးအလင်္ကာ၏မင်္ဂလာမဏ္ဍပ်ကို ဝိုင်းပြီး လုပ်ပေးနေပြီး တစ်ဖက်သတို့သားလောင်းက တခြားသူတော့ မဟုတ်။

သူ၏ငယ်သူငယ်ချင်း... သူ့အပေါ် နားအလည်ဆုံး၊ အခင်ရဆုံး... သူငယ်ချင်း ကိုကိုလတ်ပင် ဖြစ်သည်။

ကိုကိုလတ်တို့ မိဘအသိုင်းအဝိုင်းက မျိုးတို့လို ချမ်းသာ ကြွယ်ဝခြင်းမရှိပေမယ့် ရွာတွင် တင့်တင့်တယ်တယ် နေနိုင်သူ။

မျိုးနဲ့ ကိုကိုလတ်တို့နှစ်ယောက်ကတော့ မိဘတွေ သဘောတူ၍ ပေးစားခဲ့ခြင်းတော့ မဟုတ်။

သူတို့နှစ်ယောက်က ချစ်သူတွေ... နှစ်ယောက်လုံးက တက္ကသိုလ်တွင် ဘွဲ့အသီးသီးယူထားခဲ့သူတွေ...

သူကတော့ (၁၀)တန်းအောင်ခဲ့သော်လည်း တက္ကသိုလ် ဆိုတာ အိပ်မက်ပင် မက်ခွင့်မရလိုက်။

"ရာသီဥတုကြည့်ရတာ သိပ်မှုမမှန်ဘူး"

"ဟာ... ကိုဖိုးလုံးကလည်း၊ သူများတွေ မင်္ဂလာပွဲ ကျင်းပမည့်အချိန်မှာ ဘာလို့မင်္ဂလာမဲ့စကားတွေကို ပြော နေရတာလဲ"

"မင်္ဂလာမဲ့စကားမဟုတ်ဘူး ဝသုန်၊ ကောင်းကင်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ခြောက်လှန့်နေသလိုပဲ"

"စိတ်ထင်လို့ဖြစ်မှာပါဗျာ"

"ဝသုန်"

"ဘာလဲ ကိုဖိုးလုံး"

"မင်းကို မေးရဦးမယ်"

"ဘာအကြောင်း"

"ဟို... ဟို..."

ကိုဖိုးလုံး ဘေးဘက်တွေကို မျက်စိဝေ့ကစားပြီး

"ခင်ဗျား ဘယ်သူ့အတင်းပြောဦးမလို့လဲ"

"အတင်းမဟုတ်ပါဘူး၊ သတင်းနားထောင်ချင်လို့"

"ဘယ်သူ့သတင်းလဲ"

"ကိုလတ်နဲ့ပျိုးက ဘာလို့ ကမန်းကတန်း မင်္ဂလာဆောင်ရတာလဲ"

"ဟာဗျာ... သူတို့က ကမန်းကတန်း မဟုတ်ပါဘူး၊ စီစဉ်ထားတာ ကြာပါပြီ"

"ငါတို့ ပထမသတင်းကြားတော့ ဒီဝါထွက် သီတင်းကျွတ်မှဆို"

"မဟုတ်ပါဘူးဗျာ"

ကိုဖိုးလုံးကြားတဲ့သတင်းက မမှား။ ကိုကိုလတ် သူ့ကို ပြောထားတုန်းကလည်း ဒီဝါထွက် သီတင်းကျွတ်မှ လက်ထပ်ကြမှာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုလို အရေးပေါ်ကြီး မင်္ဂလာပွဲကို ပြုလုပ်မယ်ဆိုတော့ သူကိုယ်တိုင်ပင် အံ့အားသင့်ခဲ့တယ်။ ဒါပေမယ့် ကိုကိုလတ်နှင့်ပျိုးတို့ နှစ်ဖက်အရေးကိစ္စမို့ သူ့အနေဖြင့် ဝေဖန်တာမျိုးကိုတော့ မလုပ်ခဲ့။

သူတို့နှစ်ယောက်အကြောင်းပင် ဖြစ်လိမ့်မည်။

"နောက်သတင်းတစ်ခု ရှိသေးတယ်ကွ"

"ခင်ဗျားကတော့ လုပ်ပြန်ပြီ"

"ဒီသတင်းက ဒီမင်္ဂလာပွဲရဲ့ အဓိကသော့ချက်ပဲ"

"လုပ်စမ်းပါဦး"

"ပျိုးမှာ ကိုယ်ဝန်ရှိနေတယ်တဲ့"

"ဟာ… ကိုဖိုးလုံး"

"ဒီသတင်းက အခိုင်အလုံပဲကွ၊ တို့ရွာက လက်သည် ဒေါ်လှမြင့်ကိုယ်တိုင်ပြောတာကွ၊ ဒါကြောင့် အရေးပေါ် မင်္ဂလာပွဲပြုလုပ်ရတာ"

ကိုဖိုးလုံးစကားသည် ဟုတ်သလိုလိုရှိနေပေမယ့်

"ခင်ဗျား ပေါက်ကရတွေဗျာ"

"တကယ်ပြောတာကွ"

"ကဲ… ကိုဖိုးလုံး တော်တော့၊ ထမင်းသွားစားကြမယ်"

ကိုဖိုးလုံးကို စကားဖြတ်ပြီး မဏ္ဍပ်ထဲရှိ ထမင်းဝိုင်းဆီသို့ ခေါ်ခဲ့ရသည်။

ပျိုးနဲ့ ကိုကိုလတ် ဘယ်လိုအခြေအနေပဲ ရှိပါစေ။ သူတို့ နှစ်ယောက်က မနက်ဆိုရင် တရားဝင် ဇနီးမောင်နှံဘဝကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့မှာမို့ ကိုဖိုးလုံးကြားခဲ့ရသော သတင်းသည် သိပ်ပြီး အရေး ပါလှသည် မဟုတ်။

"နောင်"

"ကိုလတ်"

သူတို့ ထမင်းစားဝိုင်းတွင် ကိုကိုလတ် ဝင်ပြီးထိုင်ကာ

"ငါ့သူငယ်ချင်း ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူးကွာ၊ ကိုယ့်သူငယ်ချင်းအတွက် လုပ် ပေးရတာပဲ"

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကျေးဇူးတင်တယ်ကွာ"

"ကိုလတ်"

"နောင်"

"မင်းနဲ့ ငါ့ကြားမှာ ကျေးဇူးစကားဆိုတာ မသုံးနဲ့ကွာ"

"ငါ ဘာကြောင့်ကျေးဇူးတင်ရသလဲ သိလား နောင်"

"ဟင့်အင်း"

"မင်းနဲ့ငါက သူငယ်ချင်းဆိုပေမယ့် ညီအစ်ကိုလို သံယောဇဉ်ရှိကြတာမှန်ပေမယ့် ခုကိစ္စက မင်္ဂလာ ကိစ္စမို့လို့ပါ၊ နောက် မင်းပြောနိုင်းရင်တောင် မပြော ဘူး"

"ဒါဆိုလည်း မင်္ဂလာကျေးဇူးလေးကို ငါ သိမ်းထား မယ်"

"မင်းသိမ်းထားဖို့ ကျန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"မနက်ဖြန် မင်းဝတ်ဖို့ ပုဆိုးနဲ့အင်္ကျီ ငါဝယ်ထားတယ်"

"ဟာကွာ"

"ဘာလဲ… မယူဘူးလား"

"ယူမှာပေါ့ကွာ… ဟား ဟား ဟား…"

သူငယ်ချင်း ကိုကိုလတ် သူ့လက်မောင်းကလေးကို ဆုပ်ကိုင်ပြီးမှ

"ကဲ… ငါစီစဉ်စရာလေးတွေ စီစဉ်လိုက်ဦးမယ်၊ မင်းပြန်ရင် တစ်ခါတည်းဝင်ပြီးယူသွား"

"အေး"

ကိုကိုလတ်ထွက်သွားပြီးနောက် သူ့ရင်ထဲမှာ ကြေကွဲမှုကလေးတွေ ဝင်ရောက်နေသလို ငယ်စဉ်တည်းက သူ့အပေါ်တွင် အရမ်းကောင်းခဲ့သော သူငယ်ချင်းကို သူငယ်ငယ်လေးတည်းက စွဲလမ်းခဲ့သော ချစ်သူတစ်ယောက်ကို ပေးဆက်လိုက်ရခြင်းသည် ညီမျှသော ဆုံးရှုံးမှုပင်ဖြစ်သည်။

"ဝသုန်… ဝသုန်"

"ဗျာ အဘလှိုင်"

"မင်း ထမင်းစားပြီးရင် ရွာလယ်က ဦးရှန်ကို သွားခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့"

"ရာသီဥတုက သိပ်မကောင်းဘူး၊ ပွဲလေး ဘာလေးပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး တောင်းပန်ထားရအောင်"

"ကျွန်တော် ခုပဲသွားလိုက်ပါ့မယ်"

သူ လက်ဆေးပြီး အပြင်ထွက်ခဲ့စဉ်...

ကောင်းကင်ကြီးကို မော့ကြည့်လိုက်တော့ စိတ်ထဲတွင် ခြောက်ခြားနေသလို ခံစားလိုက်ရသည်။

မိုးကောင်းကင်ကြီးက ဒေါသမျက်နှာပြင်ကြီးနှင့် တူနေလေသည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂

"နောင်… နားဦးလေ"

"ကိုင်ကြက်"

သူ ခွဲလက်စထင်းကိုရပ်ပြီး ကိုလတ်ကို လှမ်းကြည့်လိုက်မိသည်။

ကိုလတ် သူ့ဘေးတွင် ဝင်ထိုင်ပြီး

"ငါ့သူငယ်ချင်းလည်း ပင်ပန်းလှပြီ"

"ကိုလတ်ရယ်… ငါတို့အတွက် ဒီအလုပ်တွေက ပင်ပန်းတယ်လို့ မဆိုလောက်ပါဘူး၊ တောသားတစ်ယောက်အတွက် ဘာမှစာမဖွဲ့လောက်ပါဘူးကွာ"

"ဪ… မင်းက တောသားဆိုတော့ ငါက မြို့ကြီးသားပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက တောမှာမွေးခဲ့ပေမယ့် (၅)တန်းကျောင်းသားဘဝ တည်းက မြို့မှာကျောင်းတက်ခဲ့ရတော့ မြို့သားလို ဖြစ်နေပြီလေ"

"နောင်… ငါ ဘယ်လိုပဲ မြို့မှာကျောင်းတက်တက်၊ ငါ့နှလုံးသားက ဒီကျေးရွာကလေးမှာပဲ ရှိနေတာပါ၊ မင်းက ငါ့ကို ဘဝမေ့တဲ့ကောင်လို့ သတ်မှတ်ထားလို့လား"

"မသတ်မှတ်ပါဘူး"

"ကဲ… ဒါတွေထားဦး၊ မင်းကို ပြောပြစရာရှိတယ်"

"ဘာလဲ ကိုလတ်"

"တခြားအကြောင်းတော့ မဟုတ်ပါဘူး၊ ပျိုးကိစ္စ"

"ဟင်… ပျိုး ဘာဖြစ်လို့လဲ"

"ပျိုး ဘာမှမဖြစ်ပါဘူး၊ မင်းနဲ့ပျိုးကြားမှာရှိတဲ့ အမုန်းတွေကို ငါ ချေဖျက်ချင်လို့"

"ကိုလတ်"

"ပြော… နောင်"

"ပျိုးနဲ့ ငါ့ကြားမှာ အမုန်းဆိုတာ မရှိပါဘူးကွာ"

"မင်းက မမုန်းဘူးဆိုတာ ငါသဘောပေါက်ပါတယ်၊ မုန်းနေတာက ပျိုး"

"ဒါကတော့ကွာ… သူ့အဆင့်နဲ့ သိပ်ကွာတဲ့ ငါ့အပေါ်မှာ မတန်ဘူးထင်လို့ မုန်းနေတာ နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါအံ့သြတာရှိတယ် နောင်"

"မင်းက ဘာကိုအံ့သြနေတာလဲ"

"ပျိုးဟာ မင်းပြောသလို အဆင့်အတန်းချင်းမတူလို့ မဆက်ဆံတာကို လွယ်လွယ်လေး သဘောပေါက်လို့ရပေမယ့် ဘာကြောင့် ပျိုး မင်းကို မုန်းနေရတာလဲဆိုတာ ငါ စဉ်းစားလို့မရဘူး"

"ငါ့အထင်တော့ မင်းကြောင့်လို့ထင်တယ်"

"ဘာ... ငါ့ကြောင့် ဟုတ်လား"

"ဟုတ်နိုင်တယ် ကိုလတ်၊ ပျိုး ငယ်ငယ်လေးတည်းက ငါ့ကို မင်းနဲ့ပေါင်းသင်းတာကို မကြိုက်တာ၊ မင်းက ပေါင်းသင်းတော့ ဒီအပေါ်မှာ အမုန်းပွားနေတာပဲလို့ ထင်ကယ်"

"မင်းပြောတာ ဟုတ်သလိုလိုရှိပေမယ့် မပြည့်စုံဘူး နောင်"

"ငါကတော့ ဒီလောက်ထိပဲ ဇွေးမိတယ်"

"ငါလည်း ပျိုးကို အကြိမ်ကြိမ်မေးဖူးတယ်"

"ပျိုးက ဘာပြောလဲ"

"တိကျတဲ့အဖြေတော့ မရဘူး၊ သူပြောပြောနေတဲ့စကားကတော့ မင်းကို မုန်းချင်လို့မုန်းတာတဲ့"

"ကဲပါ ကိုလတ်ရာ၊ မုန်းချင်လို့မုန်းတယ်လို့ပဲ အဖြေထွက်လိုက်တော့ သိပ်ပြီးအရေးပါတဲ့ကိစ္စမှမဟုတ်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုရင် ငါ့သူငယ်ချင်းဇနီးတောင် ဖြစ်တော့မယ်၊ ဒီ အမုန်းတွေကို စာဖွဲ့ဖို့မှ မလိုတော့တာပဲ"

"ငါက ရှေ့ဆက်ပြီး မင်းတို့နှစ်ယောက်အမုန်းတွေကို ပျောက်ကွယ်သွားအောင်လုပ်ချင်တာ"

"အလုပ်မရှိ အလုပ်ရှာလို့ကွာ၊ ဒီအတိုင်းသာ နေလိုက် စမ်းပါ ကိုလတ်၊ ငါ တစ်ခုယုံကြည်ထားတာရှိတယ်"

"ဘာလဲ"

"အမုန်းဆိုတာ တစ်နေ့အဆုံးတစ်ဖက်ကို ရောက်သွားမှာ ပါ၊ ဒီအခါကျရင် ပျိုးရင်ထဲက အမုန်းတွေ သူ့အလိုလို ကွယ်ပျောက်သွားပါလိမ့်မယ်"

"ငါလည်း မင်းပြောတဲ့အချိန်ကို ဆုတောင်းနေမှာပါ၊ နောင်… ငါလေ မင်းတို့နှစ်ယောက်ကို ငယ်ငယ်တည်း က ခင်ခင်မင်မင်မြင်ချင်တဲ့ဆန္ဒက ခုထိမပြည့်သေး ဘူး"

"စိတ်သာချ၊ မင်းဆန္ဒပြည့်မှာပါ"

"ဘယ်တော့လဲ"

"မင်းတို့နှစ်ယောက် မွေးဖွားလာမယ့် သားလေးဖြစ်ဖြစ်၊ သမီးလေးဖြစ်ဖြစ် လူ့လောကထဲကို ရောက်တဲ့အချိန်ပေါ့၊ ဟား ဟား ဟား"

သူက ရယ်ရယ်မောမော ပြောပေမယ့် ကိုလတ်မျက်နှာ တွင် အပျော်ဆိုတာ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်… မင်း ဘာဖြစ်သွားတာလဲ"

"ဘာ… ဘာမှမဖြစ်ပါဘူး"

ကိုလတ်နှင့် မျိုးကြားတွင် လျှို့ဝှက်ဒိုင်ယာရီတစ်ခုတော့ ရှိနေမယ်လို့ သူ့စိတ်တွင် ထင်မိလိုက်သည်။ ဒါပေမယ့် သူ ဆက်ပြီး မမေးချင်။

"ကိုလတ်… ကိုလတ်"

"ဘာလဲ ငထက်"

မျိုးတို့အိမ်ထဲမှ အပြေးကလေးထွက်လာပြီး လှမ်းခေါ်လိုက်သော ငထက်ကြောင့် စကားကိုရပ်လိုက်ကြသည်။

"မမျိုး ခေါ်ခိုင်းလိုက်လို့"

"ဘာကိစ္စရှိလို့လဲ"

"မသိဘူး ကိုလတ်"

"ကဲပါ ကိုလတ်ရယ်… ကိစ္စတစ်ခုခုရှိလို့နေမှာပေါ့"

"ဘာကိစ္စမှမရှိဘူး နောင်၊ မင်းနဲ့ စကားပြောတာကို သဘောမတွေ့လို့ ခေါ်ခိုင်းတာ"

"ကိုလတ်….ခုလိုကိစ္စတွေက ငါတို့သုံးယောက်ကြားမှာ မဆန်းပြားတော့ဘူး၊ သွားလိုက်… သတို့သမီးလောင်း ကြီး စိတ်ဆိုးနေမှဖြင့်…"

"ဟူး… ငါသွားပြီ နောင်"

"အေး"

ကိုလတ်တစ်ယောက် သက်ပြင်းကလေးကို မှုတ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အနားမှ ထွက်ခွာသွားမှ သူ့ရင်ထဲတွင် ပျိုး၏အမုန်းတို့သည် အဆိပ်များပြန့်နှံ့သလို ရင်ထဲသို့ စီးဝင်နေတော့သည်။

ပျိုး ဘာကြောင့် သူ့ကိုမုန်းခဲ့သလဲဆိုတဲ့အဖြေကို သူ ရှာခဲ့ပေမယ့် အဖြေမထွက်ခဲ့ပေ။

မင်း ဘာကြောင့် ငါ့ကိုမုန်းခဲ့ရတာလဲ ပျိုး… မင်းမုန်းစေလောက်တဲ့ကိစ္စဆို ငါဘက်က မြူတစ်မှုံလောက်တောင် မလုပ်ခဲ့ဖူးဘူးဆိုတာ ငါသိနေပါတယ်…

ပျိုးဟာ ယနေ့ချိန်ထိ ဝသုန်နောင်ကို တိတိလင်းလင်း ခေါ်ဖူးတာဆိုလို့ မှတ်မှတ်ရရ တစ်ကြိမ်သာ ရှိခဲ့ဖူးသည်။

ထိုတစ်ကြိမ်က သူ ပျိုးတို့အိမ်တွင် သောက်ရေထမ်းပေးစဉ်က ဖြစ်သည်။

အဖေက ပျိုးတို့မိဘများထံတွင် လယ်သမားဆိုတော့ သူ့ကျောင်းအားတဲ့အခါ အဖေနှင့်အတူ ပျိုးတို့အိမ်တွင် အလုပ်ကိစ္စလေးတွေကို ဝင်ရောက်လုပ်ကိုင်ခဲ့ရတယ်။

ဒီတုန်းကလည်း ပျိုးတို့စဥ့်အိုးတွင် သောက်ရေမရှိသဖြင့် အဖေ့ကိုယ်စား သူ ထမ်းပေးစဉ် ဖြစ်တယ်…

"ဝသုန်နောင်"

သူ့အမည်ကို ပြည့်ပြည့်စုံစုံ ပျိုးခေါ်ပေမယ့် အသံကတော့ ခပ်ကြောတင်းမာနေသည်။

"ဘာလဲ ပျိုး"

"ငါ့ကို ပျိုးဆိုပြီး တစ်လုံးတည်းမခေါ်နဲ့ ငါ့နာမည်



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အစုံရှိတယ်"

"ဪ… ဟုတ်တဲ့ ပျိုးအလက်ာ၊ ဘာကိစ္စများရှိလို့လဲ"

"ဟိုခြံထောင့်က လှန်းထားတဲ့ ငါ့ဖိနပ်ကိုယူခဲ့ပေး"

"ဟင်"

ပျိုး သူ့ကို တမင်ခိုင်းတာလား… တကယ်ပဲ အပြင်မသွားချင်လို့ ခိုင်းတာလားဆိုတာတော့ မသိ။ သူ့တာဝန်က ခြံထောင့်တွင် လှန်းထားသော ဖိနပ်ကို သွားပြီးယူပေးရမှာပဲလေ။

ထိုတစ်ကြိမ်သာ သူ့ကိုခေါ်ခဲ့ဖူးသည်။ ဒီနောက်တော့ ခုချိန်ထိ ဝသုန်နောင်ဆိုသော အမည်ကို သူ့နားတွင် မကြားဘူးခဲ့ပေ။

ပျိုးနှင့် ကျောင်းအတူတူတက်ခဲ့ရပေမယ့် (၅) တန်းနှစ်တွင် ပျိုးနှင့် ကိုလတ်တို့က မြို့ကျောင်းတွင် ပြောင်းရွှေ့သွားကြပြီး တစ်နှစ် တစ်ခါသာ ပျိုးနှင့် ဆုံခဲ့ရသည်။

ဆုံခဲ့ကြပေမယ့် မလွှဲသာ၍သာ ဆုံရခြင်းဖြစ်သည်။

သူသာ ပျိုးကို ဂရုတစိုက် သံယောဇဉ်တွယ်ခဲ့ပေမယ့် ပျိုးတစ်ယောက်ကတော့ သူ့ကို သဲတစ်မှုံလောက်တောင်ရှိတယ်လို့ မသတ်မှတ်ခဲ့ပေ။

သူတို့နှစ်ယောက်ကြားတွင် အမြဲတမ်းဗျာများရသူက ကိုလတ်… ပျိုးအပေါ်တွင် ကိုလတ် သံယောဇဉ်ကြီးသလို သူ့အပေါ်တွင်လည်း သံယောဇဉ်ကြီးရှာသူ ဖြစ်တာကြောင့် ကိုလတ် အနေကြပ်ခဲ့ရသည်။

သူကတော့ ပျိုးနဲ့ပတ်သက်ပြီး ကိုလတ်ကို ကျေးဇူးခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရတာက များသည်။ ဒီအတွက် စိတ်မကောင်းဖြစ်ရုံကလွဲပြီး သူ ကျေနပ်ခဲ့သည်။ ပျိုးဘေးတွင် အဖော်တစ်ယောက်ရှိပြီး သူ့ဘဝ အထီးကျန် နေမှုကို ထာဝရကျေနပ်နိုင်ခဲ့သူ မဟုတ်လား။

ခုလည်း ပျိုးဘဝအတွက် ကိုလတ်ကို ထာဝရ ပေးလိုက်ရပြီ။ ထာဝရအထီးကျန်ခြင်းဆုကို ပိုင်ဆိုင်လိုက်ပြီလေ။

နင် ကျေနပ်နိုင်ပါစေ ပျိုး...

သူ့ရင်ထဲတွင် နောက်ဆုံးပေးနိုင်သော ဆုတောင်းခြင်းကိုပဲ တိတ်ဆိတ်စွာ ပျိုးကို ပေးလိုက်ခဲ့ပြီလေ။

"ဝသုန် ..."

"နီကလောင် ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမလဲကွ၊ သတင်းမကောင်းတာကို ကြားလာလို့"

"ဘာသတင်းမကောင်းတာလဲ"

"ပိုက်လှေတချို့ ပြန်လာတယ်"

"ဒါများ သတင်းမကောင်းတာလား၊ သူ့ဘာသာသူ ငါးမဖမ်းချင်လို့ ပြန်လာတဲ့ကိစ္စ"

"ငါမဖမ်းချင်လို့ မဟုတ်ဘူးကွ၊ မုန်တိုင်းရှိလို့တဲ့"

"နီကလောင်... မင်းနဲ့ကွာ မုန်တိုင်းရှိတာကို ကြီးကြီးကျယ်ကျယ် လုပ်နေပြန်ပြီ၊ မုန်တိုင်းရှိတာနဲ့ ငါတို့နဲ့ ဘာဆိုင်လဲ"

"ဆိုင်တော့မဆိုင်ပါဘူး၊ ဒါပေမယ့်ကွာ ငါ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြစ်နေလို့၊ ပြီးတော့ ပင်လယ်ထဲထွက်နေကြတဲ့ သူတွေကို စိုးရိမ်တယ်"

"နီကလောင် သောကတွေကို ဝယ်မယူနဲ့၊ တံငါသည်နဲ့ မုန်တိုင်းဟာ အားပြိုင်မှုတစ်ခုပဲလေ၊ သဘာဝတရားရဲ့ ဖြစ်စေတတ်မှုကို ဘယ်သူမှတားလို့မရဘူး၊ မင်္ဂလာ မဏ္ဍပ်အောက်မှာ မင်္ဂလာစကားပဲ ပြောကြွာ၊ မင်းကို အဘလှိုင်ခိုင်းထားတဲ့ ပန်းကန်တွေ သွားယူရမယ့်ကိစ္စ လုပ်ပြီးပြီလား"

"အေး··· ခုသွားမလို့"

"ဒါဆို သွားတော့"

နီကလောင်ထွက်သွားပြီး သူ ကောင်းကင်ကြီးကို အကြောင်းမဲ့မော့ကြည့်ရင်း···

မနက်ဖြန်ကျင်းပတော့မယ့် ကိုလတ်နဲ့ ပျိုးတို့၏မင်္ဂလာပွဲကလေးကို မုန်တိုင်းကြောင့် အနှောင့်အယှက်ဖြစ်မှာကို စိုးရိမ်မိလိုက်သည်။

သူတို့နှစ်ဦးရဲ့ အနာဂတ်ခရီးအစမှာ ဆူးခလုတ်ကန်သင်းများ ဝေးကွာစေလိုသော ဆန္ဒသည် သူ၏ရိုးစင်းသောဆန္ဒတစ်ခုပင် ဖြစ်သည်။ မုန်တိုင်းဆိုတာရယ်···

အဝေးဆီကို သွားလိုက်ပါနော်···

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ‣ ၃ ◂

သူနှင့် နီကလောင် နေထိုင်သောတဲကို ပြန်ရောက်တော့ မှောင်စပြုနေပြီ။

နီကလောင်က သူနှင့်အတူ ပျိုးတို့အိမ်တွင် ပင်တိုင်အလုပ်သမားနှစ်ယောက်ဖြစ်တာကြောင့် ပျိုးတို့ပိုင်ဆိုင်သော လယ်တွင် တဲထိုးပြီးနေထိုင်ကြရသည်။

"နီကလောင် မီးခွက်ထွန်းလေ"

"အေး… ဟာ"

နီကလောင် မီးခွက်ထွန်းမည်အပြု လေက ကြမ်းကြမ်းလေး တိုက်ခိုက်လာတာကြောင့် မီးခွက်ထွန်းလို့မရအောင် ဖြစ်နေသည်။

"ဝသုန် လေက အရမ်းကိုကြမ်းလာတာကွ"

"ဒါဆို မထွန်းနဲ့ကွာ"

"ဝသုန်"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"လေတိုက်တာကြီးကို မကြိုက်ဘူး"

"နီကလောင်…လေက မင်းအကြိုက်လိုက်ပြီး တိုက်ပေးနေရမှာလား"

"မဟုတ်ဘူး ဝသုန်၊ ခုတိုက်နေတဲ့လေက အနောက်လေမဟုတ်ဘူး၊ ပြီးတော့ တောင်မြောက် အရှေ့ဘက်စုံက တိုက်နေတယ်"

နီကလောင်ကိုသာ သူ ပြက်ရယ်ပြုလိုသည့်သဘော ပြောနေပေမယ့် သူကိုယ်တိုင်ကမှ လေတိုက်ပုံကို သဘောမတွေ့လှ။

"ဟာ"

လေနှင့်အတူ မိုးစက်တွေက ကပ်ပါလာပြီး ကောင်းကင်ကြီးကို ထွက်ကြည့်ရာ မှိုင်းညို့ပြီး ယခင်အခြေအနေနှင့် မတူတာကို တွေ့လိုက်ရသဖြင့်…

"နီကလောင်"

"ဘာလဲ"

"မင်း အိပ်ချင်အိပ်တော့၊ ငါ အပြင်သွားဦးမယ်"

"ဝသုန်… မင်း ဘယ်သွားမလို့လဲ၊ မိုးရော လေပါ တိုက်နေတာကွာ"

"ငါ မဏ္ဍပ်ကိုသွားမလို့၊ မိုးကာထားတဲ့ တာလပတ်တွေ မိုးယို မယို သွားကြည့်မလို့၊ တော်ကြာ မနက်ကျရင် ဗွက်ထနေမှာစိုးလို့"

"မင်းကတော့ တကယ့်ကောင်ပဲ၊ တားမရဘူးဆိုရင် သွား



www.burmeseclassic.com

www.burmeseclassic.com



ကွာ"

"မင်းလည်း သတိနဲ့အိပ်"

"သတိနဲ့အိပ်စရာမလိုဘူး၊ ငါ အိပ်လို့ရမှာမဟုတ်ဘူး"

နှစ်ယောက်သား စကားပြောနေရင်း လေရော မိုးပါ ပိုပြီး ပြင်းထန်လာတာကို တွေ့နေရသည်။

သူတို့နှစ်ယောက်တဲနောက်မှ ကုက္ကိုပင်ကြီးတောင် ယိမ်းထိုးနေလေသည်။

"ဝသုန်... မင်း သွားလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ ဒီမိုး ဒီလေလောက်တော့ ဘာမှ စာမဖွဲ့လောက်ပါဘူး"

ဟု ပြောကာ တဲအပြင်ကို ထွက်လိုက်သည်။

"ဟာ"

လူခန္ဓာကိုယ်တစ်ခုလုံး လွင့်စင်မတတ်ဖြစ်သွားအောင် လေက ပြင်းထန်နေသည်။

နောက်တစ်ချက် သူ သတိထားမိတာက ချောင်းရေတက်မှုပင်ဖြစ်သည်။

မိုးရွာတာ ခဏတာရှိပေမယ့် ချောင်းရေတက်မှုက အရမ်းမြန်ပြီး လယ်ကွင်းကန်သင်းရိုးများကို ရေလွှမ်းသွားသည်။

သူ့အတွက် သွားနေကြလမ်းဖြစ်တာကြောင့် လယ်ကန်သင်းရိုးများကို အလွတ်ရနေလေသည်။

လယ်ထဲမှ ရွာဆီသို့ တော်တော်ကိုသွားနေရသည်။ အရင်



www.burmeseclassic.com

www.burmeseclassic.com



က (၁၅)မိနစ်လောက်နှင့်သွားရင်ရောက်သော ခရီးကို သူ နာရီဝက်နီးပါး လျှောက်နေရသည်။

လေက အရှေ့ဘက်မှလာလိုက်၊ အနောက်မှလာလိုက်နှင့် ခြေလှမ်းတစ်လှမ်း လှမ်းဖို့ကို တကယ်ပင် အားစိုက်နေရသည်။

ရွာနားရောက်တော့ သူ လှမ်းပြီးကြည့်စဉ် သစ်ပင်၊ ဝါးပင်တို့မှာ ယိမ်းကနေသလိုပင် ဖြစ်နေလေသည်။

"ဟင်"

ရေက အတက်မြန်တယ်လို့ ထင်ထားသည့်အတိုင်း သူ့ဒူးဆစ်နားထိ ရောက်နေလေပြီ။

ရွာထဲတွင် ရေဝင်နေပြီဆိုတာကို သဘောပေါက်လိုက်သည်။

ရွာလမ်းပေါ်ကိုရောက်ပေမယ့် ရှေ့ကိုလှမ်းဖို့က မလွယ်တော့ပေ။ ရေစီးက အရှိန်းသန်နေပြီး လူကိုပါ မျောပါသွားမတတ်ဖြစ်နေသဖြင့် အိမ်ရှေ့ခြံစည်းရိုးတိုင်များကို ကိုင်တွယ်အားယူပြီး ပျိုးတို့အိမ်ထဲကို ဝင်ခဲ့ရသည်။

ကိုလတ်နှင့် ပျိုးတို့မဂ်လာဏ္ဍပ်ရော၊ အမိုးအကာများ ယှဉ်ပြီး စိုက်ထားသော ဝါးလုံးများ ယိမ်းယိုင်နေသဖြင့် သူ ဝါးတိုင်များကို ပြုတ်မထွက်အောင် ကြိုးများဖြင့် ထပ်ပြီးချည်နေသည်။

"ဥသုန်... ဝသုန်"

"ဟင်... အဘလှိုင်"

"မဏ္ဍပ်ကို ပြင်မနေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ… ဘာဖြစ်လို့လဲ အဘလှိုင်"

"ဒီမိုး ဒီလေဒဏ်ကို မဏ္ဍပ်ခံနိုင်မှာမဟုတ်ဘူး၊ ပြိုမှာပဲ"

"ဝုန်း"

အဘလှိုင်နှင့် စကားပြောနေရင်း မဏ္ဍပ်ကြီးမှာ အရှေ့ဘက်ဆီသို့ ပြိုလဲကျသွားလေတော့သည်။

"ဝသုန်… ထွက် ထွက်"

အဘလှိုင်က သူ့ကို အပြင်မှလှမ်းပြီးခေါ်သံကို ကြားနေရသော်လည်း သူ အပြင်သို့ထွက်လို့မရပေ။ မဏ္ဍပ်အမိုးများနှင့် ပိနေလေပြီ။

အောက်ရေကလည်း တဖြည်းဖြည်းတက်နေတာကြောင့် တာလပတ်အောက်တွင် မှန်းကြပ်နေလေသည်။

"ဝသုန်… အမိုးကိုခွဲပြီးထွက်"

အဘလှိုင်စကားကြောင့် သူ့အပေါ်တွင်ပိနေသော အမိုးကို ကုတ်ဆွဲဖြဲပြီး အပြင်သို့ထွက်ခဲ့ရသည်။

"ဟူး…"

ရေက ခါးတစ်ဝက်ထိရောက်နေပြီ ဖြစ်သည်။

"အဘလှိုင်… ကိုလတ်ရော"

"သူ့အဖေ အမေအိမ်ကို သွားကြတယ်"

"တစ်ယောက်တည်းလား"

"သမီးပျိုးပါ ပါသွားတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com


သူ့ရင်တွင် စိုးရိမ်စိတ်က ပြင်းပြင်းထန်ထန် ရောက်ရှိသွားလေသည်။

"ဒါဆို ကျွန်တော်လိုက်သွားဦးမယ်"

"ဝသုန်… ရေတွေအရမ်းတက်နေပြီ၊ ဖြစ်ပါ့မလား"

"ရတယ် အဘ"

အဘလှိုင်ကို ကျောခိုင်းပြီး ရွာလမ်းဆီသို့ထွက်ခဲ့ပေမယ့် လမ်းဆိုတာကို စမ်းတဝါးဝါးပင်။ ရေတွေက ရွာလမ်းကို ဖုံးလွှမ်းသွားခဲ့ပြီ။

"ဖြောင်း"

"ဝုန်း"

သစ်ပင်ကြီးများ လဲကျပြီး ရွာလမ်းကို ပိတ်ဆို့နေပြီဖြစ်သလို ကောင်းကင်မှ အသံနက်ကြီးဖြင့် အော်ဟစ်သံတွေကိုပါ ကြားနေရလေသည်။

ထိုအသံများသည် နတ်မိစ္ဆာကြီးတစ်ကောင်၏ ကြိမ်းဝါးသံသဖွယ် သူ ထင်လိုက်သည်။

သူ့ဘဝတွင် တစ်ကြိမ်တစ်ခါမှ တွေ့ကြုံဖူးခြင်းမရှိသော ရေကြီးမှုကြီးနှင့် လေတိုက်ခိုက်မှုကို ကြုံနေရသည်။

ရွာထဲရှိ အိမ်တွေဆီမှ ကလေးအော်ငိုသံများ၊ ဘုရားတသံများကို ကြားနေရသည်။

သစ်ပင်ကြီးများ တစ်ပင်ပြီးတစ်ပင် လဲကျနေသဖြင့် သူ ရှေ့ဆက်ပြီး သွားလို့မရအောင် ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေက ရင်ညွန့်ထိရောက်နေပြီမို့ သူ ဘာလုပ်ရမလဲဆိုတာကို စဉ်းစားလို့မရအောင် ဖြစ်နေသည်။

"ဝုန်း"

သူ့ဘေးတွင် ရှိနေသော အိမ်ကြီးပြိုသံကို ကြားလိုက်ရပြီးနောက်…

"ကယ်ကြပါ"

"မေမေ"

"သမီး"

"သား"

အိမ်ကြီးထဲမှ အော်ဟစ်သံများကို ကြားနေရတော့သည်။

သူ အိမ်ကြီးဆီသို့ သစ်ပင်ကျိုး၊ သစ်ကိုင်းကျိုးများကြားမှ ရအောင်သွားနေရတော့သည်။

"ဒေါ်တင်လှ… ဒေါ်တင်လှ"

အိမ်ပြိုကြီးပေါ်သို့ ရေက တဖြည်းဖြည်းလွှမ်းနေပြီဖြစ်သလို အိမ်ပြိုကြီးအောက်တွင် ရောက်နေသော ဒေါ်တင်လှ မိသားစု (၄)ယောက်အတွက် အသက်မှာ မလွယ်လှတော့ဘူးဆိုတာကို သဘောပေါက်လိုက်သဖြင့် လွတ်နေသော အပေါက်မှ အိမ်ပြိုကြီးထဲသို့ ရအောင်ဝင်လိုက်သည်။

သူ့ခါးကြားတွင် ထိုးထားသော ဓာတ်မီးနှင့် ထိုးကြည့်လိုက်တော့ မိသားစု (၄)ယောက်လုံး ကြောက်လန့်စွာဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်ထားတာကို တွေ့မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်တင်လှ… ထွက်… ထွက်"

"မောင်… ဝသုန်… လား"

"ဟုတ်တယ်"

မိုးသံ လေသံတို့ကြောင့် စကားကို အော်ဟစ်ပြီး ပြောနေရသည်။

ရေ၊ လေတို့က တကယ်ပင် အငြိုးကြီးစွာနှင့် ရက်ရက်စက်စက် ပြုရက်နေလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်ပြီး ဘာကိုမှမမြင်ရ။ ရေစီးသံတွေ၊ သစ်ပင်ပြိုသံတွေက တကယ်ပင်.ကမ္ဘာကြီးပျက်နေသလို။

"ကျွန်တော့်လက်ကိုဆွဲပြီး ထွက်ခဲ့"

"မေမေ"

"သမီး ~သး"

(၁)နှစ် သမီးအရွယ် ကလေးမှာ ရေများစိုရွှဲပြီး ခိုက်ခိုက်တုန်နေလေပြီ။

"သမီးကို ကျွန်တော့်ကိုပေးထား၊ ဒေါ်တင်လှက သားနဲ့ ဦးလေးချစ်မောင်ကို တွဲထား"

"အေး အေး"

ဦးလေးချစ်မောင်ဆိုတာကလည်း အောက်ပိုင်းလေဖြတ်ထားတာ မကြာသေးတာကြောင့် လမ်းကို ကောင်းစွာလျှောက်လို့မရသေးပေ။

ပြိုကျနေသော အိမ်ပျက်ထဲမှ အပြင်ကိုရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြပေမယ့် ဦးလေးချစ်မောင်ကို ဆွဲခေါ်ထုတ်လို့မရအောင် ဖြစ်နေသည်။

သူ့မှာက ကလေးတစ်ယောက်ကို ပွေ့ထားရသလို ဒေါ်တင်လှတို့နှစ်ဦးကိုလည်း ဆွဲထားရသဖြင့် ဘယ်လိုမှလုပ်လို့မရအောင် ဖြစ်နေတော့သည်။

"တင်လှ… ငါ့ကို ထားခဲ့တော့"

"ကိုချစ်မောင်"

"သွား… သွား… မြန်… မြန်… ထွက်ကြတော့"

ရေမှာ တဖြည်းဖြည်း ရင်ညွန့်ကိုကျော်လုလုဖြစ်နေခဲ့လေပြီ။

"ရှင်မလိုက်ရင် ကျွန်မလည်း မလိုက်တော့ဘူး"

"တင်လှ… ငါ့စကားကို နားထောင်၊ အားလုံး သေကုန်လိမ့်မယ်"

သူ ဒီအခြေအနေကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုတာကို ခေါင်းစားရတော့သည်။

နောက်ထပ် နာရီပိုင်း၊ မိနစ်ပိုင်းဟာ အသက်အန္တရာယ်ကို ဆီပါးတော့မည်။ သူတို့အတွက် ကံကောင်းခြင်းတစ်ခုကတော့ ခြံထဲတွင် ပြိုလဲနေသော ကုက္ကိုပင်ကြီးပင် ဖြစ်သည်။

ကုက္ကိုပင်ကြီးမှာ ရေပေါ်တွင် ရှိနေတာကြောင့်…

"ဒေါ်တင်လှ"

"မောင်ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်နဲ့ ဒီကလေးနှစ်ယောက် ကုက္ကိုပင်ပေါ်မှာ တက်နေဦး၊ ကျွန်တော် ဦးလေးချစ်မောင်ကို ဆွဲခေါ်ခဲ့မယ်"

"အေး"

"ကလေးတွေကို မြဲမြဲကိုင်ထားနော်"

ဒေါ်တင်လှတို့သုံးယောက်ကို ကုက္ကိုပင်လဲကြီးတွင် ထားရစ်ခဲ့ပြီး ဦးချစ်မောင်ကို အိမ်အပြိုကြီးထဲမှ ဆွဲထုတ်ခဲ့ရသည်။

သူတို့ငါးယောက်လုံး ကုက္ကိုပင်ကြီးပေါ်ကို ရောက်နေပေမယ့် စိတ်ချရခြင်း အနေအထားကို မရောက်သေးပေ။

"ဒေါ်တင်လှတို့ ဒီမှာနေကြဦး"

"မောင်ဝသုန် ဘယ်သွားမလို့လဲ"

"ကျွန်တော် ကိုမျိုးတို့စပါးကျီဘက်ကို သွားကြည့်ဦးမယ်"

ကိုမျိုးတို့ စပါးကျီက ဒီနှစ်မှ အုတ်ပိတ်ကာသည်။ သွပ်မိုးတို့ဖြင့် ခိုင်ခိုင်ခန့်ခန့် ဆောက်ထားတာကြောင့် လေဒဏ်ကို ခံနိုင်သလို ကုန်းမြင့်ပိုင်းမှာ ဆောက်ထားတာမို့ ရေတက်မှုကို သိပ်ပြီး မစိုးရိမ်ရ။

ပြီးတော့ ဒေါ်တင်လှတို့ခြံနှင့် တစ်ခြံကျော်တွင်ရှိနေတာကြောင့် သွားလာရမှာ သိပ်ပြီးမကြာလှပေ။

"မောင်ဝသုန်… မြန်မြန်လေးသွားနော်"

"အင်း"

သူ ကုက္ကိုပင်ကြီးနားမှ စတင်ပြီးထွက်ခွာလိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရေစီးအားကြောင့် အောက်ခြေလွတ်ပြီး မျောထွက်သွားလေသည်။

"ဒုတ်"

"အင့်"

သူ့ကျောပြင်ကို မာကြောသောအရာဝတ္ထုတစ်ခုနှင့် တိုက်မိပြီး အသက်ရှူရပ်မတတ် ခံစားလိုက်ရသည်။

သူ့ကျောပြင်နှင့် တိုက်မိသောအရာမှာ ဗီရိုကြီးတစ်ခုပင် ဖြစ်သည်။ ဘယ်သူ့အိမ်မှ မျောပါလာသည်ကို မသိ။

"အူဝဲ"

"ဟာ"

ဗီရိုကြီးပေါ်မှ ကလေးငိုသံကြောင့် ကြည့်လိုက်တော့ လသားအရွယ် ကလေးတစ်ယောက် ကော်ဇလုံကြီးနှင့် ထည့်ထားသည်ကို တွေ့လိုက်ရသည်။

မိဘတွေကတော့ ဘယ်ဆီကိုရောက်နေကြသလဲဆိုတာ မသိ။

ကလေးငယ်ကို လှမ်းယူလိုက်ပြီး ကိုမျိုးတို့ စပါးကျီဘက်ကို စမ်းတဝါးဝါး သွားနေရသည်။

အရင်က ဒီလမ်းများကို အလွတ်သွားနေပေမယ့် ခု ဘယ်လိုလုပ်သွားရမလဲဆိုတာကို လမ်းစမတွေ့ပေ။

စိတ်ထဲမှာ ခန့်မှန်းပြီး ရေစီးကို တင်းခံကာ ထွက်လာခဲ့ရတော့သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုထဲမှ သွပ်ပေါ်သို့ ရေကျသံများကို ကြားလိုက်ရသဖြင့် သူ စပါးကျီနားသို့ ရောက်နေပြီဆိုတာကို သိလိုက်ပြီး ဓာတ်မီးကို ဖော့ယမ်းထိုးလိုက်တော့ သူ့အရှေ့တည့်တည့်တွင် စပါးကျီကြီးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

စပါးကျီကြီးထဲမှ စကားပြောသံတွေကို ထပ်ပြီးကြားလိုက်ရတာကြောင့် အားတက်ပြီး အသံကုန်အော်လိုက်သည်။

ခဏအကြာ ပိတ်ထားသောတံခါးလေးပွင့်လာပြီး ဓာတ်မီးအရောင်ကို တွေ့လိုက်ရသည်။

"ကို… ကိုမျိုး"

"ဟာ… ဝသုန်"

ကိုမျိုးက သူ့ကို ဆွဲတင်ပြီး

"ဒီကလေးကို နွေးနွေးထွေးထွေးဖြစ်အောင် လုပ်ထားပေးပါဗျာ၊ ကလေးနှုတ်ခမ်းတွေ ပြာနေပြီ"

"အေး… အေး… မင်းက ဘယ်သွားဦးမလို့လဲ"

"ဒေါ်တင်လှတို့ကို သွားပြီးခေါ်ရဦးမယ်"

"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား"

"မဖြစ်လည်း ရအောင်ခေါ်ရမှာပဲလေ"

"ဒါဆို ခဏစောင့်၊ ကလေးကို မိစံကိုပေးထားပြီး ငါပါလိုက်ခဲ့မယ်"

"ကောင်းတာပေါ့ဗျာ"

ကိုမျိုး ကလေးကို သွားပေးပြီး နှစ်ယောက်သား ရေထဲ



www.burmeseclassic.com

www.burmeseclassic.com



ထို ပြန်ပြီးဆင်းလာခဲ့စဉ်...

"ဝသုန်... ဟိုရှေ့က ဘာကြီးလဲ"

ကိုမျိုးပြသောနေရာကို ခတ်မီးထိုးကြည့်လိုက်တော့...

"ကျွဲတွေဗျ"

ကျွဲသုံးကောင်လောက် ရေစီးနှင့် မျောပါနေသည်ကို တွေ့မြင်နေရသည်။

"လေက ပိုပြီးကြမ်းလာတယ်"

"ဖှတ်တယ် ကိုမျိုး"

"ကယ်ကြပါ"

"ဟင်"

"ဟင်"

သူတို့နှစ်ယောက်နားထဲသို့ စူးစူးဝါးဝါးရောက်လာသောအသံကြောင့် ခတ်မီးနှင့် နှစ်ယောက်သား ထိုးကြည့်စဉ် ဝါးပင်ကြားတွင် ညှပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဖော်မိုးကွ"

နှစ်ယောက်သား ဝါးပင်များဆီသို့ အရောက်သွားပြီး ဖော်မိုးကို ဆွဲထုတ်လိုက်ရသည်။

"အား... အီး"

"ဘာဖြစ်တာလဲ ဖော်မိုး"

"ခြေထောက်အရမ်းနာတယ်ကွာ၊ ကျိုးများသွားပြီလား မသိဘူး၊ ဟို... ဟို... မိချို့တို့ကို ကယ်ပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မချိုတို့ ဘယ်မှာလဲ"

"အိမ်ထဲမှာရှိမယ်၊ ငါက ကျွဲတွေကို အောက်ဆင်းပြီး ကြိုးဖြေရင်း ရေနဲ့လေနဲ့ မျောပါလာတာ"

"စိတ်ချ၊ ငါတို့သွားပြီးကယ်ခဲ့မယ်၊ ကိုမျိုး"

"ဝသုန်"

"ကိုဇော်မိုးကို စပါးကျီထဲအရင်ပို့ရင် ကောင်းမယ်"

"အေး"

"ကျွန်တော် မိချိုတို့အိမ်ဘက်ကို သွားပြီးကယ်ခဲ့မယ်"

"အေး"

ကိုမျိုးက ဇော်မိုးကိုတွဲပြီး စပါးကျီကိုခေါ်သွားသည်နှင့် ဇော်မိုးအိမ်ဘက်သို့ ထွက်လာခဲ့သည်။

ရေက သူ့တစ်ရပ်ကိုမြုပ်လုလုကို ရောက်နေတာကြောင့် သစ်ပင်အကိုင်းအကျိုးများကို ကိုင်တွယ်ပြီး သွားနေရတော့သည်။

"မမိချို"

"နင်... ဘယ်သူလဲ"

ခါးလည်မှပိုင်းပြီးပြတ်ကျလာသော အုန်းပင်ကြီးကို ဖက် လျက် မျောလာနေသော မိချိုတို့သားအမိနှစ်ယောက်ကို တွေ့လိုက် ရသည်။

"ကျွန်တော် ဝသုန်ပါ"

"ကို... ဇော်မိုး သေပြီထင်တယ်"

"မသေပါဘူး၊ ကိုမျိုးတို့ စပါးကျီမှာ ရောက်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား… ဘုရား"

"မမိချို… အုန်းလုံးကိုတော့ လက်မလွှတ်နဲ့နော်၊ ဖြေးဖြေးချင်း စပါးကျီကို ရောက်အောင်သွားရမယ်"

"အေးပါကွယ်"

● အမှောင်ထုထဲမှာ စမ်းတဝါးဝါးနှင့် မျောလာရင်း ဓာတ်မီးအရောင်များနှင့် လှေတစ်စင်းကို လှမ်းပြီးတွေ့လိုက်ရ၏။

"ကိုဝသုန်"

"ဟာ… ထူးအောင်"

"လှေပေါ်ကိုတက်"

မိချိုတို့ သားအမိကို လှေပေါ်သို့ဆွဲတင်ပြီး

"ထူးအောင်… ကိုမျိုးတို့ စပါးကျီဘက်ကို အရင်သွားပြီး မမိချိုတို့ကို ထားရအောင်၊ ပြီးရင် ဒေါ်တင်လှတို့ မိသားစုကို သွားပြီးခေါ်ကြရမယ်"

"ကိုဝသုန်… ဒေါ်တင်လှတို့မိသားစုကို မပူနဲ့တော့"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ ဘုန်းကြီးကျောင်းကို ပို့ပေးခဲ့တယ်"

"ကျောင်းအခြေအနေကရော"

"ခုချိန်ထိတော့ အပေါ်ထပ်လောက်ပဲ သွပ်တွေပြုတ်ထွက်နေတာ၊ အောက်ထပ်ပိုင်းကတော့ သိပ်ပြီးမစိုးရိမ်ရဘူး"

"ဟီး… အီး… အီး"

မမိချိုသား ဘူးသီးမှာ ချမ်းလို့တုန်ရီနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လှော်ကွာ"

"အင်း"

လှေကို လှော်ခတ်နေပေမယ့် သစ်ပင်အကျိုးအပဲ့များကြားမှ သွားနေရတာကြောင့် ခရီးမပေါက်နိုင်ပေ။

ခက်ခက်ခဲခဲနှင့် လှော်ခတ်ပြီးမှ စပါးကျီသို့ရောက်ခဲ့သည်။ စပါးကျီတွင် မမိချိုတို့ကို ထားခဲ့ပြီး

"ထူးအောင်"

"ကိုဝသုန်… ပြော"

"ငါတို့ ရွာထဲကို ထွက်ကြရအောင်"

"ဝသုန်… မင်းတို့ ထွက်လို့မလွယ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီရေ၊ ဒီလေက အပြင်ကိုထွက်ဖို့ဆိုတာ မလွယ်တော့ဘူး"

"ဟုတ်တယ် ကိုဝသုန်၊ အိမ်တော်တော်များများ ရေထဲမျောနေပြီ"

"ထူးအောင်… ငါတို့ ဒီအတိုင်းထိုင်နေမယ့်အစား ကယ်လို့ရတဲ့သူကို ကယ်ကြရအောင်၊ ဒီလိုကယ်ရင်းနဲ့ သေရင်လည်း သေပါစေကွာ"

"ကိုဝသုန် ဒီလောက်ဆန္ဒရှိနေရင် သွားမယ်ဗျာ"

"ကိုမျိုး… ခင်ဗျားက ဒီမှာစောင့်ပြီးနေခဲ့တော့"

"အေး"



www.burmeseclassic.com

www.burmeseclassic.com



ထူးအောင်နှင့် နှစ်ယောက်သား လှေပေါ်ကို ပြန်တက်ခဲ့ပြီး

"ဘယ်လမ်းကသွားမလဲ၊ လမ်းမတွေ့တော့ဘူး"

"ကွင်းထဲဘက်က သွားမယ်ကွာ"

"ကိုဝသုန်သဘောပဲ"

ကိုမျိုးခြံနောက်ဘက်ရှိ လယ်ကွင်းထဲဘက်သို့ လှေကိုဦးတည်လိုက်ပြီး ထွက်လာစဉ်…

"ဝုန်း"

"ကိုဝသုန်"

"ထူးအောင်"

အလွန်ပြင်းထန်သော ရေတိုးသံကြီးကြောင့် လှေကို ထိန်းမရအောင် ဖြစ်သွားပြီး လွင့်စင်သွားတော့သည်။

"ထူးအောင်… ထူးအောင်"

ရေထဲမှ လှမ်းပြီးခေါ်ပေမယ့် ထူးအောင်ထံမှ အသံကို မကြားရတော့ပေ။

လှေကြီးမှာ မှောက်ပြီး ရေပေါ်တွင် မျောနေသည်။

လှေမှောက်ကြီးကို မိမိရရဆွဲကိုင်ပြီး ရေစီးနှင့်မျောနေစဉ်…

"ဒုန်း"

"ဟာ"

လှေနှင့် တစ်စုံတစ်ခုတို့ တိုက်မိတာကိုသိပေမယ့် ရေထဲတွင် မာတ်မီးမရှိတော့တာကြောင့် ဘာအရာဝတ္ထုမှန်း မသိတော့



www.burmeseclassic.com

www.burmeseclassic.com



ပေ။

"ဝသုန်"

"နီကလောင်"

ခတ်မီးအလင်းနှင့် နီကလောင်ကို တွေ့လိုက်ရသည်။ ဝါးလုံးကြီးနှစ်လုံးကိုဖက်လျက်...

"တဲတော့ ရေထဲမျောသွားပြီ ဝသုန်"

"တဲမျောတာက ထားလိုက်၊ ခု ဘယ်ကိုရောက်နေပြီလဲ"

"ဘယ်ရောက်ရမှာလဲ၊ လယ်ထဲက ထန်းပင်ကြီးနဲ့တစ်နေတာကွ၊ တောက်... မိုးကလည်း သည်းနေတယ်၊ လေက ပိုပိုပြီးဆိုးနေတယ်၊ ဝသုန်... ဒီအတိုင်းဆိုရင် နှစ်ယောက်လုံး ကြွသွားလိမ့်မယ်"

"လှေကို ပြန်ဆယ်ပြီး ရွာထဲကိုရောက်အောင် လှော်ရမှာပဲ"

"ဒါဆို လုပ်ကွာ၊ ဟာ... ဟိုမှာ ဘာကြီးလဲ"

ကော်ဆီပုံးကြီးဖက်ပြီး မျောလာသော လူတစ်ယောက်ကြောင့်

"ခတ်မီးနဲ့ထိုးကွာ"

"ထူးအောင်... ကွ၊ ထူးအောင်"

"ကိုနီကလောင်... ကိုဝသုန်ရော"

"ငါလည်းရှိတယ်"

"ဟူး... တော်သေးတာပေါ့ဗျာ၊ ကျွန်တော်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီဇယ်ပုံးကြီးကယ်လို့ ကိုဝသုန်… ဟိုမည်းမည်းကြီး တွေက ဘာလဲ"

နီကလောင်က မာတ်မီးနှင့် ထိုးကြည့်တော့…

"ဟာ… တဲအိမ်တွေ မျောနေတာကွ"

"ဒုက္ခပါပဲဗျာ၊ အားလုံးတော့ သေကုန်ပြီထင်တာပဲ"

"ထူးအောင်… ခုချိန်မှာ ကိုယ့်အသက်ကိုတောင် ဘယ်လိုရှင်သန်ရမလဲဆိုတာ စဉ်းစားလို့မရအောင်ဖြစ်နေ တာကွ"

"ကဲ… စကားတွေများမနေနဲ့၊ လှေမှောက်နေတာကို ပြန်ပြီးလှန်ရအောင်"

ထန်းပင်ကြီးခံနေတာကြောင့် သူတို့သုံးယောက် ရေစီးဒဏ် ကို အတော်လေးခံသာနေသည်။

"မေမေ… ဖေဖေ"

"ဟင်"

ကလေးတစ်ယောက်အော်သံကို ကြားလိုက်ရသဖြင့် အသံ လာရာဘက်ဆီသို့ ကြည့်လိုက်တော့ ကလေးတစ်ယောက် ငှက်ပျော ပင်ကြီးကိုဖက်ပြီး အော်ဟစ်ခေါ်နေတာကို တွေ့လိုက်ရသည်။

"ငါသွားပြီးဆယ်မယ်"

"ဝသုန်… ရော့… ဆီပုံးယူသွား"

နီကလောင် လှမ်းပြီးပစ်ပေးလိုက်သော ဒီဇယ်ပုံးကိုယူပြီး ကလေးငယ်ကို သွားရောက်ဆယ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်မှာ သူတို့ရွာက မဟုတ်။ သူပြန်ရောက်လာတော့ ထူးအောင်နှင့် နီကလောင်တို့က လှေကိုဖော်ပြီး ရေများကို ခပ်ထုတ်နေကြသည်။

ရေစီးသံကြီးမှာ ကြောက်စရာကောင်းလောက်အောင် စီးနေတာကြောင့် လှေမှာထိန်းမရအောင် ဖြစ်နေလေတော့သည်။

"ဝသုန်… မလွယ်တော့ဘူး"

"နီကလောင်… စိတ်ခတ်ကျရင် ငါတို့အသက်ပေးရမယ်၊ ခုချိန်မှာ သဘာဝတရားကြီးရဲ့စိမ်ခေါ်မှုကို သတ္တိရှိရှိ ရင်ဆိုင်စမ်းပါ"

နီကလောင် တကယ်ပင် သွေးပျက်ခြောက်ခြားနေတာကို တွေ့မြင်နေရသည်။

"ရေတော့ အကုန်ခပ်လို့မရတော့ဘူး ကိုဝသုန်"

"လှော်လို့ရမလား"

"လှော်လို့ရတယ်၊ ဒါပေမယ့် လှော်တက်မရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ"

ထူးအောင်စကားကြောင့် လှေကြီးကို ထားရစ်ခဲ့ရတော့မည့် အခြေအနေပင် ရောက်နေသည်။ လှေကိုထားရစ်ခဲ့ရင်လည်း သူတို့လေးယောက်အတွက် အသက်ရှင်လမ်းက မရှိတော့ပေ။

"ဝသုန်… ဘယ်လိုလုပ်မလဲ၊ ရေတွေက အရမ်းကြီးလာပြီကွ"

"နီကလောင်… ခေါင်းအေးအေးထားစမ်း၊ ဦးသိန်းပင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရွာက သိပ်တော့မဝေးတော့ဘူး၊ အသက်နဲ့လောင်းကြေးထပ်ပြီး စွန့်စားရမှာပဲကွာ၊ ငါတို့က ခုကြုံနေရတဲ့ အန္တရာယ်ကို ရပ်ပြီးအသက်အသေခံမယ့်အစား စွန့်စားရင်းသေတာ ပိုပြီးကောင်းတယ်၊ ဘယ်လိုလဲ နီကလောင်၊ ထူးအောင်''

''ကိုဝသုန်နဲ့သဘောအတိုင်းပဲ၊ ဒီအတိုင်းတော့ အသေမခံနိုင်ဘူး''

''မင်းက ဘယ်လိုစွန့်စားမှာလဲ''

''ပထမဆုံး ဝါးလုံးရအောင် အရင်လုပ်ပြီးတော့ လှေကို ရွာဆီကိုရောက်အောင် လုပ်ရမယ်''

''ဝါးလုံးက ဘယ်ရှာမလဲ''

''ဒီရေနဲ့အတူ ပါလာနိုင်တယ်၊ ပြီးတော့ လေက ပုံသေတိုက်နေတာမဟုတ်ဘူး၊ တောင်၊ မြောက်၊ အရှေ့၊ အနောက် စုံနေအောင် တိုက်နေတာဆိုတော့ ရွာဘက်ကို တောင်လေတိုက်တာနဲ့ ဒီလေကို အသုံးချပြီး ရွာဘက်ကို သွားရမယ်၊ အဓိကက ဝါးလုံးရဖို့ပဲ''

''ဝါးလုံးရဖို့ သိပ်ပြီးတော့ခက်မှာမဟုတ်ဘူး''

''ဘာလို့မခက်တာလဲ ထူးအောင်''

''ဒီရေစီးနဲ့ ခြံစည်းရိုးတွေ၊ အိမ်တွေဆီက ပြုတ်ပြီးမျောလာမှာ သေချာတယ်''

''အင်း... မင်းပြောတာ ဖြစ်နိုင်တယ်၊ နီကလောင်...



www.burmeseclassic.com

www.burmeseclassic.com



မင်းစာတ်မီးအခြေအနေ"

"ခုထိတော့ ထိုးလို့ရသေးတယ်"

"ဒါဆို ထိုးကြည့်ကွာ"

နီကလောင် ပတ်ဝန်းကျင်ကို ဓာတ်မီးထိုးကြည့်တော့…

"ဟာ… ဟိုမှာ တဲအိမ်ကြီးမျောလာနေတယ်"

"နီကလောင်… မင်း လှေနဲ့ကလေးကို ထိန်းထား၊ ငါနဲ့ ထူးအောင် ဒီတဲဆီကို ရအောင်သွားမယ်"

"သတိထားပြီးတော့ သွား"

"အေးပါ… ထူးအောင် သွားကြရအောင်"

"ဟုတ်ကဲ့"

တဲကြီးမှာ သူတို့နှင့် သိပ်ပြီး မလှမ်းမကမ်းတွင် မျောနေတာကြောင့် ရေစုန်မျောလိုက်ပါပြီး တဲအိမ်ဆီသို့ ကပ်လိုက်ကြသည်။

တဲအိမ်မှ ဝါးများကို ဖြုတ်ပြီးယူကြရသည်။

"ကိုဝသုန်"

"ဘာလဲ ထူးအောင်"

"လူ… လူ…"

ထူးအောင်ပြသောနေရာကို ဓာတ်မီးနှင့်ကြည့်တော့ လူတစ်ယောက်… ဒါပေမယ့် အသက်ဝိညာဉ်ကင်းမဲ့နေလေပြီ။

"သေနေပြီ ထင်တယ်၊ ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူးကွာ၊ သယ်လို့မှမရတာ၊ ထားခဲ့ရမှာပေါ့"

"တစ်ယောက်တည်းမဟုတ်ဘူး၊ နှစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



မာတ်မီးနှင့် သေသေချာချာထိုးကြည့်တော့ ကလေးငယ်ကို တင်းကြပ်စွာဖက်ပြီး သေဆုံးနေတာကို တွေ့ရသည်။

"သားအဖထင်တယ်"

မြင်ရတဲ့မြင်ကွင်းက ရင်ကိုဆို့သွားခဲ့လေသည်။

သားဓားကြောင့် ဖခင်ပါ သေဆုံးရခြင်းဖြစ်မည်ဟု ထင်လိုက်မိသည်။ ထိုသားအဖနှစ်ယောက်အတွက် သူတို့နှင့်ဆုံချိန်က အရမ်းကိုနောက်ကျနေလေပြီ။ သူတို့ မကယ်နိုင်တော့ပါ။

"ထူးအောင်... ဝါးလုံးရရင် သွားကြမယ်"

ရင်ထဲမှာမကောင်းစွာဖြင့် လှေဆီသို့ ကျောခိုင်းပြီး ထွက်လာခဲ့ကြရတော့ ထိုသားအဖနှစ်ယောက်တွက် ဆုတောင်းပေးရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ချေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၄ ◀

"တောင်လေ တိုက်ပြီဟေ့"

သူ တောင်ဘက်မှ ပြင်းထန်စွာတိုက်ခိုက်လာသော လေထုကိုကြည့်ပြီး လှေပေါ်သို့ အားလုံးတက်လိုက်ကြတော့သည်။

"ဦးဦး... သား ကြောက်တယ်"

"ဘာမှမကြောက်နဲ့ သား၊ လှေဘောင်တွေကို လက်မြဲမြဲကိုင်ထား"

"ဟုတ်ကဲ့"

"ထူးအောင်... နီကလောင်၊ ထိုးဝါးတွေကို မြဲအောင်တော့ ကိုင်ထားနော်၊ ရေစီးက အရှိန်းသန်တယ်"

"အေးပါကွ"

"ကဲ... ထွက်မယ်"

"ဝေါ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



လှေကို ထန်းပင်ကြားမှ စပြီးထွက်လိုက်သည်နှင့် ရေစီးက ထိုးဆင်းလာပြီး လှေမှာ အရှေ့ဘက်ဆီသို့ မျောသွားသည်။

"ဝါးတွေကိုထောက်ပြီး ဦးပြန်လှည့်"

သုံးယောက်လုံး အားစိုက်ပြီး မြောက်ဘက်ဆီသို့ လှေကို ဦးလှည့်ခဲ့ရတော့သည်။

တောင်လေတိုက်နေတာကြောင့် သိပ်ပြီးတော့ အခက်အခဲ မရှိဘဲ လှေက ရွေ့သွားလေသည်။

လေနှင့်အတူပါလာသော မိုးစက်တွေကြောင့် ခန္ဓာကိုယ် တစ်ခုလုံး ကျိန်းစပ်နေလေတော့သည်။

ခေါင်းပင်မော့လို့မရအောင် လေနှင့်မိုးက ပြင်းထန်သည့် အပြင် ရေစီးအသံနက်ကြီးပေးပြီး စီးဆင်းနေတာကြောင့် သူတို့ သုံးယောက် ဇောချွေးများတောင် ကျနေတယ်လို့ ထင်ရသည်။

အရင်က ရွာကို (၁၀)မိနစ်လောက်နှင့် လမ်းလျှောက်ပြီး သွားခဲ့ရသောနေရာကို နာရီဝက်နီးပါး ရုန်းကန်သွားနေရသည်။

"ဘုန်း"

"ဟာ... ဘာကြီးလဲ"

ရွာဘက်ဆီသို့ လှေဝင်ရောက်သည်နှင့် လှေကို တစ်စုံ တစ်ခု ဝင်ပြီးတိုက်တာကို ခံရပြီး လှေမှာ ဘေးသို့တိမ်းစောင်းသွား သည်။

"ဓာတ်မီးနဲ့ ထိုးကြည့်စမ်း"

"ဟင်... အလောင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်တွင် မှောက်ခုံကြီးဖြစ်နေသော အလောင်းတစ်လောင်းကို တွေ့လိုက်ရပြီး…

"ဘယ်သူလဲ မသိဘူး၊ လှန်ကြည့်လိုက်"

နီကလောင်မှ ရေထဲမှအလောင်းကို လှန်ပြီးကြည့်လိုက်တော့…

"အဘလှိုင်ကွ"

"ဘာ"

သူ့စိတ်ထဲတွင် တကယ်ပင် တုန်လှုပ်ခြောက်ခြားသွားလေသည်။

"ဘယ်လိုလုပ်မလဲ ဝသုန်၊ သယ်သွားမလား"

"သယ်သွားလို့တော့ မထူးပါဘူးကွာ၊ တစ်နေရာရာမှာ ထားခဲ့ကြရအောင်"

"အေး"

အလောင်းကို လှေနှင့်ကပ်ပြီးဆွဲကာ ပြိုပျက်နေသော စပါးစင်ကြီးပေါ်သို့ တင်ထားလိုက်တော့သည်။

"ကြိုးရှာကွာ"

"ဘာလုပ်မလို့လဲ ဝသုန်၊ ကြိုးနဲ့ချည်ထားမှာလား"

"အေး… ဒါမှ ရေထဲကို မျောပါမသွားမှာ"

အဘလှိုင်အလောင်းကို စပါးစင်ကြီးပေါ်မှ တိုင်တွင် ကြိုးဖြင့်ချည်လိုက်ပြီး ရွာထဲသို့ ဆက်ပြီးထွက်ခဲ့သည်။

သူ့ရင်ထဲတွင် အဘလှိုင်အလောင်းကို ကြည့်ပြီး မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



များပင် ဝဲကျလာသည်။

"ဝသုန်... စိတ်မကောင်းဖြစ်မနေပါနဲ့ကွာ၊ အဘလိုင်လိုပဲ ရွာကလူတွေ ဘယ်လောက်သေဆုံးနေရပြီလဲ မသိဘူး"

သူ့ကို လူမှန်းသိကတည်းက ကျွေးမွေးခဲ့သော အဘလိုင်တစ်ယောက် သဘာဝကပ်ဆိုးကြီးထဲတွင် ပါသွားခဲ့လေပြီ ဖြစ်သည်။ ထို့အပြင် ပျိုးနှင့် ကိုလတ်ကို သတိရလိုက်သည်။

"သူတို့ရော အသက်ရှင်လျက် ရှိနေပါ့မလား"

ထိုအတွေးနှင့်အတူ မွန်းကြပ်သွားလေသည်။

ခုချိန်မှာ ပျိုးတို့ဆီကိုသွားဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပေ။ သူတို့ရွာကို ရေက လွှမ်းမိုးနေလေပြီ။

လှေကလေးမှာ မိုးလေကြားမှ ရွာထဲသို့ တအိအိနှင့်ဝင်လာခဲ့ရင်း သစ်ပင်ပြိုလဲသံ၊ အိမ်ပြိုသံတွေကို ခြောက်ခြားဖွယ်ကြားနေရလေသည်။

"ထူးအောင်... ရှေ့ကအိမ်ကြီးက ဦးတင်အိအိမ် မဟုတ်လား"

"ဟုတ်တယ် ကိုဝသုန်"

အိမ်ကြီး အရှေ့ဘက်ဆီသို့ ယိမ်းထိုးပြိုးကျနေလေပြီ ဖြစ်သည်။

အိမ်ကြီးနားသို့ လှေကိုကပ်လိုက်ပြီးနောက်...

"အိမ်ထဲကိုဝင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး.. ဝင်ကြည့်ရအောင်၊ လူတွေရှိသေးရဲ့လား မသိဘူး၊ နီကလောင်… မင်း လှေကိုထိန်းထား၊ ငါနဲ့ထူးအောင် အိမ်ထဲကိုဝင်မယ်"

နီကလောင်ကို လှေပေါ်တွင် ထားရစ်ခဲ့ပြီး အိမ်ပေါ်သို့ တက်လိုက်သည်နှင့်…

"ဘယ်သူတွေလဲ၊ အိမ်ပေါ်မတက်နဲ့၊ သေသွားမယ်မှတ်"

အိမ်ထဲမှ မားကြီးနှင့် ဦးတင်အိကို တွေ့လိုက်ရသည်။

"ကျွန်တော်တို့ပါ"

"ကျွန်တော်ဆိုတာ ဘယ်သူလဲကွ"

"ဝသုန်နဲ့ ထူးအောင်ပါ"

"မင်းတို့ ဘာလာလုပ်တာလဲ"

ဦးတင်အိ အသွင်သဏ္ဍာန်မှာ စိတ်ခြောက်ခြားနေသလို ဖြစ်နေတာကို သတိပြုမိလိုက်သည်။ အိမ်ထဲတွင် ဦးတင်အိမှလွဲပြီး ဘယ်သူမှမတွေ့ရပေ။

"မင်းတို့ ငါ့ပစ္စည်းတွေကို လာပြီးလုတာမဟုတ်လား"

"ဟာ… မဟုတ်ဘူး၊ ကျွန်တော်တို့က လူတွေကို လိုက်ပြီးကယ်နေတာ"

"မယုံဘူး၊ ငါ့အိမ်ပေါ်က ခုဆင်းသွားကြ"

"ကျွီ… ကျွီ…"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်အိ အိမ်အမိုးကြီးမှာ အောက်သို့ပြုတ်ကြွရန် အသံပေးနေပြီဖြစ်သည်။

"ကိုဝသုန်… အိမ်အမိုးပြိုတော့မယ်"

"ဦးတင်အိ… ထွက်တော့၊ အိမ်ပြိုတော့မယ်"

"ပြိုပြို၊ ငါ့ပစ္စည်းတွေကို မထားခဲ့နိုင်ဘူး"

ဦးတင်အိ ဥစ္စာရမ္မက်နှောက်တွင် ဇောကပ်နေလေပြီဖြစ်သည်။

"ဦးတင်အိ… လူ အသက်ရှင်နေသရွေ့ ဥစ္စာဓနဆိုတာ ပြန်ပြီးရှာလို့ရတယ်ဗျာ၊ ခုဆုံးရှုံးမှုဟာ ဦးတင်အိတစ်ယောက်တည်း မဟုတ်ဘူး၊ တစ်ရွာလုံးကြုံနေရတာ၊ လူ့အသက်ထက် ဘာမှတန်ဖိုးမရှိဘူး"

သူ့စကားကြောင့် ဦးတင်အိ တွေဝေသလိုတော့ ဖြစ်သွားသည်။

"အချိန်မရှိဘူး ဦးတင်အိ၊ အမြန်ဆုံးထွက်မှ ဖြစ်မယ်"

"ဖြောင်း"

"ဝုန်း"

အိမ်အမိုးတန်းများ လေတစ်ချက်ဆောင့်ပြီးတိုက်လိုက်သည်နှင့် ပြုတ်ထွက်နေလေသည်။

ဦးတင်အိ အခြေအနေမှန်ကို သဘောပေါက်သွားပြီး သူတို့နှင့်အတူ အိမ်အပြင်ဆီသို့ ထွက်လိုက်ခဲ့တော့သည်။

အိမ်အပြင်သို့ရောက်သည်နှင့် အိမ်ကြီးမှာ အပေါ်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖိထားလိုက်သလို ပိပြားသွားလေတော့သည်။

"သွားပြီကွာ၊ ငါ ချွေးနဲ့ရင်းပြီး ဆောက်ထားခဲ့တဲ့အိမ်ကြီး ပြိုသွားပြီ"

ဦးတင်အိ… ဝမ်းနည်းပက်လက်ဖြင့် ပြောနေလေတော့သည်။

ရွာထဲသို့ ရေဆန်လှော်ခတ်ပြီး တိုးဝင်ခဲ့တော့သည်။

"ထူးအောင်… ဦးတင်အိလက်ထဲက ဓားကိုယူပြီး ရှေ့ကနေ ရှင်းကွာ"

"ဟုတ်ကဲ့"

"လေမိုးက ခုထိ အရှိန်မလျှော့သေးဘူး"

"ဒီထက်ပိုပြီး တိုက်မည့်ပုံစံရှိနေတယ်"

"တစ်ရွာလုံးတော့ အသက်ရှင်တဲ့သူတောင် ရှိပါ့မလား"

"ရွာထက် လယ်ထဲမှာနေတဲ့သူတွေက ပိုပြီးဆိုးမှာကွ၊ အသက်ရှင်ဖို့ဆိုတာ လမ်းမမြင်ဘူး"

"ဘုရား… ဘုရား… ငါ့ဘဝတစ်သက်မှာ ခုလိုမျိုး အဖြစ်ဆိုးကြီးကို မကြုံဘူးပါဘူးကွာ"

ဦးတင်အိ ဘုရားတရင်း ပြောနေလေပြီ။ လှေပေါ်တွင် ရှိနေသော သူတို့(၅)ယောက်လုံး မိုးဒဏ် လေဒဏ်ကြောင့် တုန်ရီနေပြီ ဖြစ်သည်။

"ဒါ ရွာလမ်းကွ၊ ဟိုမှာ သန်းထွန်းအိမ်ရှေ့က ပိတောက်ပင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့လှေကလေး ရွာထဲကို ရောက်နေပြီ ဖြစ်သည်။

"လူတွေ အသံမကြားရတော့ပါလား၊ ဘယ်ရောက်ကုန်ပြီလဲ၊ ရှိရောရှိကြသေးရဲ့လား"

"ရှိတော့ရှိကြမှာပါ၊ သူတို့လည်း လွတ်ရာမှာ ခိုအောင်းနေကြမှာပေါ့"

"သမီးလေး... သမီး... လုပ်ကြပါဦး၊ သမီးလေး ရေထဲမျောပါသွားပြီ၊ ကယ်ကြပါ"

"မအေးမြင့်အသံ မဟုတ်လား"

"ဟုတ်တယ်"

"ဟိုဘက်ဝါးရုံကြားထဲကထင်တယ် ဝသုန်"

"ဒါဆို ဝါးရုံဘက်ကိုလှော်ကွာ"

သူတို့လှေကို ဝါးရုံဆီသို့ လှော်ခတ်သွားပြီး ကြည့်တော့ ဝါးပင်များကိုဖက်တွယ်ပြီး မျက်လုံးစုံမှိတ်အော်နေသော မအေးမြင့်ကိုတွေ့လိုက်ရသည်။

"မအေးမြင့်"

"နင်... နင်တို့"

"ဝသုန်တို့ပါ"

"ကယ်ကြပါဦး၊ သမီးလေး ငါ့လက်ကလွတ်ပြီး ရေထဲမျောသွားပြီ"

မအေးမြင့်သမီးလေး (၅)နှစ်အရွယ်ကို ဘေးပတ်ဝန်းကျင်မှာ တွေ့လိုတွေ့ငြား ရှာပေမယ့် မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မအေးမြင့်… လှေပေါ်ကိုတက်"

"သမီးလေးကို ရှာပေးပါဦး"

"ကျွန်တော်တို့ ရှာပေးမှာပါ"

မအေးမြင့်ကို လှေပေါ်ကိုဆွဲတင်ပြီးနောက်…

"ဝသုန်… ရေရှေ့ရော၊ လေရော အခြေအနေက ပိုပြီးဆိုးလာပြီ၊ လှေထွက်လို့တောင် မရတော့ဘူး၊ ဘယ်လိုလုပ်မလဲ"

"ဟိုပိတောက်ပင်ကြီးအောက်မှာ လှေထိုးပြီးနေမှ ဖြစ်မယ်"

"ဒါဆို ပိတောက်ပင်ကြီးကို ရောက်အောင်သွားကြမယ်"

ကောင်းကင်ထက်တွင် လေ၏အသံဆိုးကြီးက ထွက်ပေါ်လာပြီး မြေပြင်ပေါ်မှာ ရပ်တည်နေသော သစ်ပင်များ၊ အိမ်များကို ဖြိုခွင်းနေသည်။

"ကြောက်ဖို့ကောင်းလိုက်တာ"

တကယ်ပင် ဘာမှအဖတ်ဆယ်မရအောင် ဖြစ်နေလေပြီ။ မြစ်ချောင်းကြီးသဖွယ် စီးဆင်းနေသလို သစ်ပင်များ၊ အိမ်များလည်း ပြိုပျက်ပြီး မျောနေလေပြီ။

"ဝသုန်… ဆက်ပြီးနေလို့မရတော့ဘူး၊ လှေမြုပ်တော့မယ်"

နိုကလောင်ပြောသလိုပင် လှေမှာ ရေတစ်ဝက်နီးပါးဝင်ပြီး မြုပ်လုလုဖြစ်နေပြီး သူတို့ဆက်နေရင် လှေမြုပ်ပြီး အားလုံးသေဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့သည်။

"ဟိုရှေ့က ဘာကြီးတွေလဲ ထူးအောင်"

"ဗီရိုကြီးတွေထင်တယ်"

"ဒီဗီရိုကြီးတွေကို ရအောင်ဆယ်ပြီး လှေနဲ့တွဲမှဖြစ်မယ်"

ထူးအောင်နှင့်သူ သစ်ပင်အကျိုးအပဲ့များကို အကာအကွယ်ယူပြီး ဗီရိုများရှိရာသို့ ချည်းကပ်ရတော့သည်။

"ကိုဝသုန်"

"ထူးအောင်"

"ရှေ့ကို ဘာမှမမြင်ရတော့ဘူး၊ မိုးတွေက ပိတ်နေအောင် ရွာနေတယ်"

"ထူးအောင် မျက်လုံးကို သိပ်ပြီးမဖွင့်နဲ့၊ ခေါင်းကိုငုံ့ထား"

ထူးအောင်ကို သတိပေးစကားပြောပြီး ဗီရိုကြီးနှစ်လုံးရှိရာကို ကပ်ခဲ့သည်။

"မင်းဘက်က သယ်လို့ရလား"

"ရတယ် ကိုဝသုန်"

"ဖြေးဖြေးချင်းသာ ဆွဲကွာ"

"ဟုတ်ကဲ့"

ဗီရိုကြီးတစ်လုံးစီကိုဆွဲကာ လှေဆီသို့ရောက်အောင် ပြန်ဆွဲကြရတော့သည်။ လှေ၏ ဘေးတစ်ဖက်စီမှာ ဗီရိုတစ်လုံးစီကိုတွဲပြီး လှေကို ပိတောက်ပင်ကြီးနားက ခွာပြီးသည်နှင့်...

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခိုကပ်ခဲ့သော ပိတောက်ပင်ကြီးမှာ လေဒဏ်ကြောင့် ပြိုလဲကျသွားတော့သည်။

"ငါတို့ရွာရဲ့ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့တဲ့ ပိတောက်ပင်ကြီးတောင် ကိစ္စတုံးသွားပြီကွာ"

"ဘာတတ်နိုင်မလဲ ဦးတင်အိရယ်"

"ခု ဘယ်ကိုသွားကြမလဲ"

"စိတ်ချရမယ့်နေရာကို ရှာရမှာပဲ"

"စိတ်ချရမယ့်နေရာဆိုတာ ခုချိန်မှာ ရှိသေးရဲ့လား"

နီကလောင်က စိတ်ပျက်စွာဖြင့် ပြောနေလေတော့သည်။

"ရှိတော့ရှိမှာပေါ့"

"ဟို… သက်သက်တို့အိမ်ဘက်ကို သွားကြရင်ကောင်းမယ်၊ သူတို့အိမ်က တို့ရွာမှာ အကောင်းဆုံးပဲ"

"ဒီလေနဲ့ ဒီရေက ဘယ်လောက်ခိုင်ခိုင် ပြိုမှာပဲ"

"ကဲ… ဘာပဲဖြစ်ဖြစ် သွားကြည့်တာပေါ့၊ ဘုန်းကြီးကျောင်းကိုသွားဖို့ဆိုတာက လွယ်မှမလွယ်တာ"

အားလုံး သဘောတူညီစွာဖြင့် သက်သက်တို့အိမ်ဘက်ဆီသို့ လှေကိုလှော်ပြီး ထွက်ခဲ့သည်။

"ကိုဝသုန်… ဒီအတိုင်းဆို လှေထွက်လို့ရမှာမဟုတ်ဘူး အားလုံး သစ်ပင်တွေက ပိတ်ဆို့နေပြီ"

"ရွာနောက်ဘက်ကထွက်ရင်တော့ အဆင်ပြေနိုင်မလား"

"အနောက်ဘက်ကဆိုရင် သစ်ပင်တွေမရှိတော့ လှော်လို့ရ



www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တာပဲ"

"ဒါဆိုလည်း သွားကြမယ်"

ပြိုပျက်နေသော အိမ်တွေကြားမှ အနောက်ဘက်ဆီသို့ လှေကိုထွက်ခဲ့တော့သည်။

"ဟာ"

"အို"

"ဘုရား... ဘုရား"

အနောက်ဘက် လယ်ကွင်းဘက်ဆီသို့ လှေ စတင်ပြီးထွက်လိုက်သည်နှင့် အံ့အားသင့်ဖွယ်ကောင်းလောက်သော ရေလှိုင်းကြီးတို့ တွေ့လိုက်ရပြီး လှေကို ရိုက်ချသွားလေတော့သည်။

"နိုကလောင်တို့ သတိထားပြီး ထိန်းထား၊ ထူးအောင်... ဝါးလုံးကို မြဲမြဲကိုင်ထား"

လှေကို ဟန်ချက်မပျက်အောင်ထိန်းပြီး လှော်ပေမယ့် သူတို့သွားလိုသောနေရာဆီကို လှေဖြင့်မသွားနိုင်တော့ဘဲ ရေစီးကြောင်းအတိုင်း ပါသွားကြတော့သည်။

"လှေမမှောက်အောင် သတိထားဟေ့"

ဦးတင်အိပါ မနေနိုင်တော့ဘဲ သူတို့နှင့်ဝိုင်းပြီး လှေကိုထိန်းလေသည်။ သူတို့ ကံကောင်းသည်က လှေတွင် ဗီရိုကြီးများချည်နှောင်ထားတာကြောင့် လှေမမြုပ်ခြင်းပင် ဖြစ်သည်။

"ဝသုန်... ရှေ့မှာ ဇရပ်ကြီးမဟုတ်လား"

"ဟုတ်တယ်၊ ငါတို့ အနောက်ဘုရားကြီးဘက်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီကွ"

ဇရပ်ကြီးမှာ ကုန်းမြင့်ပိုင်းတွင် တည်ဆောက်ထားတာမို့ ရေတက်ပေမယ့် ကြမ်းပြင်ထိမရောက်ပေ။ ပြီးတော့ ရှေးဟောင်း ကျွန်းတိုင်ကြီးများဖြင့် တည်ဆောက်ထားသောကြောင့် သိပ်ပြီး အပျက်အစီးမရှိပေ။

"ငါတို့တစ်တွေကို ဘုရားကယ်တာပဲ"

လှေသည် ဇရပ်ကြီးဘက်ဆီသို့ ဦးတည်ပြီး မျောနေလေ တော့သည်။

ဇရပ်ကြီးပေါ်သို့ တက်ခဲ့ပြီး အမောဖြေကြရတော့သည်။

"သမီး ဖေဖေ့လက်ကိုဆွဲထား"

"ဖေဖေ"

သူတို့ ဇရပ်ပေါ်သို့ရောက်ပြီး သိပ်မကြာ... ကြားလိုက်ရ သော အသံကြောင့်...

"ထူးအောင်... မီးပြပြီး လှမ်းခေါ်လိုက်"

"ဟေး... ဒီဘက်ကိုလာ"

ထူးအောင် ဓာတ်မီးထိုးပြီး အချက်ပြကာ အော်လိုက်ပြီး ခဏအကြာ ဇရပ်နားသို့ လှေတစ်စီးထိုးကပ်လာသည်။

"ဟာ... ကိုသန်းထွန်းတို့ မိသားစုပါလား"

"ဝသုန်လား"

"ဟုတ်တယ်... ဇရပ်ပေါ်တက်"

ကိုသန်းထွန်းဇနီးနှင့် ကလေးတွေကို ဇရပ်ပေါ်သို့ ဆွဲတင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေမယ့် ကိုသန်းထွန်းက ဇရပ်ပေါ်သို့ တက်မလာ။

"ဟော့လူ… ခင်ဗျား ဘယ်သွားမလို့လဲ"

"တဲဆီကို ပြန်သွားမလို့"

"ဟာ… ဘာသွားလုပ်မှာလဲ"

"သမီးလေး နားကပ်ဘူးကလေးကို ပြန်ပြီးယူမလို့"

"ကိုသန်းထွန်း… ခင်ဗျား သွားလို့မရတော့ဘူး၊ လှိုင်းတွေ တက်လာပြီ"

"ဒီလှိုင်းလောက်ကတော့ ကျုပ်အတွက် မှုစရာမလိုပါဘူး"

ပြောပြောဆိုဆိုနှင့် ကိုသန်းထွန်း လှေဖြင့် တဲအိမ်ဆီသို့ ပြန်ထွက်သွားလေသည်။

"ကိုသန်းထွန်း မသွားနဲ့"

သူ ဘယ်လိုပဲ လှမ်းပြီးခေါ်ပေမယ့် ကိုသန်းထွန်း ပြန်ပြီး လှည့်လာခြင်းမရှိဘဲ ထွက်သွားနေလေသည်။

"ဟာ… ကိုသန်းထွန်း"

လေနှင့်အတူပါလာသော လှိုင်းကြီးက ကိုသန်းထွန်းလှေကြီးကို ရိုက်ချလိုက်တာကြောင့် ကိုသန်းထွန်း လှေရော လူပါ လှိုင်းအောက်တွင် ရောက်သွားပြီး ပြန်ပေါ်လာခြင်းမရှိတော့ပေ။

"ကိုသန်းထွန်း"

"ဖေဖေ"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သော မိသားစုအော်သံများကို လေမိုးကြားတွင် ပဲ့တင်ရိုက်ခတ်ခဲ့ပေမယ့် ကိုသန်းထွန်းတစ်ယောက် ထိုအသံများကို ကြားနိုင်မည် မထင်တော့ပေ။

"သူ့သမီးလေးကို ဟိုတလောကမှ ဝယ်ပေးထားတာ၊
နားမဖောက်ရသေးလို့ သိမ်းထားတာလေ...
ကိုသန်းထွန်းရယ်... ဟီး... အီး... အီး"

သူတို့အားလုံး ကိုသန်းထွန်းဇနီးသည်ကို အားပေးနှစ်သိမ့်စရာ စကားလုံးများ ရှာလို့မတွေ့နိုင်တော့ချေ။

လေတွေ မိုးတွေကတော့ ဘယ်သူတွေ ဘယ်လောက်ရင်နာစရာတွေကြုံကြုံ သူ့ဘက်မှာတော့ လေအရှိန်၊ ရေအရှိန်၊ မိုးအရှိန်က လျော့ကျသွားခြင်းမရှိသေးပေ။

ရက်စက်လိုက်တာ မုန်တိုင်းရယ်...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၅ ◀

ဇရပ်ပေါ်တွင် မိုးမလုံပေမယ့် **လေအတော်ကို** ကာကွယ်နိုင်သည်မို့ တော်သေးသည်ဟု ဆိုရမည်။ ဇရပ်ပေါ်ရှိ လူအားလုံး ခြုံကိုက်တုန်အောင် ချမ်းနေကြလေပြီ။

"မုန့်တိုင်းပုံစံက စဲမည့်ပုံစံမဟုတ်ဘူး"

"ဟုတ်တယ်ဗျာ၊ ည (၈း၀၀)နာရီလောက်တည်းက တိုက်နေတာ၊ ခုဆို သန်းခေါင်ကျော်လောက်ရှိနေပြီ"

"တစ်ရွာလုံးလည်း ကုန်သလောက်ရှိနေပြီထင်တယ်"

"ကိုဝသုန်… ကိုဝသုန်"

"ဘာလဲ ထူးအောင်"

"ဟိုမှာ စက်လှေကြီးတစ်စီး ဇရပ်ဘက်ကို မျောလာနေတယ်"

"ဟင်… ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထူးအောင်ပြရာကိုကြည့်လိုက်တော့ ငါးဖမ်းစက်လှေအကြီးစားတစ်စင်းကို တွေ့လိုက်ရသည်။

"ဒါ… ဟိုဘက်ကမ်းကို ဈေးသည်တွေပို့တဲ့ သန်းရွှေစက်လှေကြီးလား မသိဘူး"

"ဖြစ်နိုင်တယ်ကွ၊ လူပါ မပါတော့ မသိဘူး"

စက်လှေကြီးမှာ သူတို့ရှိနေသော ဇရပ်ကိုဦးတည်ပြီး ရပ်သွားတော့သည်။

"ထူးအောင်… စက်လှေထဲကို ဓာတ်မီးထိုးကြည့်"

"ဘယ်သူမှမပါဘူး၊ ချည်တိုင်ကျွတ်ပြီး မျောလာတာဖြစ်မယ်"

စက်လှေကြီးပေါ်သို့ တက်ကြည့်တော့ စက်လှေဝမ်းထဲတွင် ဓာတ်ဆီအပြည့်ပါ…ာပုံးနှစ်လုံးကိုပါ တွေ့လိုက်ရသည်။

စက်လှေမှာ အမိုးအကာရှိသဖြင့် ဇရပ်ပေါ်ရှိ လူတွေအတွက် နွေးထွေးမှုကို ရနိုင်သည်။

"နီကလောင်… အားလုံးကို စက်လှေကြီးပေါ်ကို တက်ခိုင်းလိုက်"

"အေး"

စက်လှေကြီးပေါ်သို့ အားလုံးကိုတက်စေပြီး စက်ကို နှိုးကြည့်လိုက်သည်။

ချက်ချင်းတော့ နှိုး၍မရ။ တော်တော်ကြာအောင် ...ား‌စိုက်ပြီး နှိုးမှ စက်နှိုးတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

သူ သက်ပြင်းပူကို မှုတ်ထုတ်ပြီး စက်လှေကြီးကို ရှာလမ်းကြောင်းဘက်ကို ဦးတည်ပြီး မောင်းခဲ့တော့သည်။

"ထူးအောင်"

"ပြော... ကိုဝသုန်"

"လမ်းမှာတွေ့တဲ့သူတွေကို ဆယ်ယူနိုင်အောင် ပြင်ထား ကွာ"

"ဟုတ်ကဲ့"

လှေထဲတွင် ရောက်နေကြသော ကလေး၊ လူကြီးများ ချမ်းအေးကြောင့် ခိုက်ခိုက်တုန်နေသလို သူကိုယ်တိုင်လည်း လက်ဖျားခြေဖျားများ အေးစက်ပြီး တုန်ရီနေပြီဖြစ်သည်။

သူ့စိတ်ထဲတွင် သတိရဆုံး လှူနှစ်ယောက်ကတော့ ကိုလတ်နှင့် ပျိုးပင်ဖြစ်သည်။

သူတို့နှစ်ယောက်အတွက် သူ ဘာမှမလုပ်ပေးနိုင်တော့ ချေ။ ဒီအတွက် ကြေကွဲခြင်းတစ်ခုကလွဲပြီး သူ့နှလုံးသားတွင် နာကျင်နေရလေပြီ ဖြစ်သည်။

ကိုသန်းထွန်းဇနီး မစန်းဝင်းကတော့ သူ့ခင်ပွန်းသည် အတွက် ငိုရှိုက်သံတွေကို ကြားရတိုင်း မုန်တိုင်းအောက်တွင် သေဆုံးသူတွေအတွက် ယူကျုံးမရဖြစ်နေမိတော့သည်။

ကိုလတ်နှင့်ပျိုး ဘာမှမဖြစ်ပါစေနဲ့...

သူ့ရင်တွင် အကြိမ်ကြိမ် ဆုတောင်းနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝသုန်… ဟိုသစ်ပင်ပေါ်မှာ လူတွေ"

"ဟုတ်လား… ခတ်မီးကို ထိုးထား"

ထူးအောင် ခတ်မီးထိုးတဲ့ဆီကို စက်လှေဦးတည်ပြီး မောင်းလာတော့သည်။

သစ်ပင်ပေါ်တွင် အမျိုးသမီးတစ်ယောက်နှင့် ကလေးသုံးယောက်…

"ဥတို… ဇနီးနဲ့ ကလေးတွေကွ"

"လှေပေါ်ကို အမြန်ဆင်းခိုင်းလိုက်"

လှေပေါ်ကိုရောက်သည်နှင့်…

"ဥတိုရော"

"သူ… မြစ်ဘက်ဆင်းသွားတာ ခုထိမလာတော့ဘူး"

"ဟင်"

ဥတိုဇနီးသည်စကားကြောင့် သဘောပေါက်လိုက်ပြီဖြစ်သည်။ ဥတိုအတွက် အသက်ရှင်လမ်းက သိပ်ပြီးမမြင်တော့ပေ။

စက်လှေကိုဆက်ပြီး မောင်းလာခဲ့ရင်း နောက်ထပ်ကြေကွဲစရာ၊ ဝမ်းနည်းစရာတွေ ဘယ်လောက်ထိ ဆက်ပြီးတွေ့ရမလဲဆိုတာကို မတွေးတတ်အောင်ပင် ဖြစ်နေလေတော့သည်။

ရာသီဥတု အခြေအနေမှာလည်း ဘာမှပြောင်းလဲခြင်းမရှိသေးပေ။ သန်းခေါင်ယံအချိန်ကျော်လွန်နေပြီ ဖြစ်သည်။

မုန်တိုင်းက လုံးဝမစဲသေးပေ။ အမုန်းအငြိုးကြီးစွာနှင့် တိုက်ခိုက်နေဆဲ လေနှင့်မိုးတွဲပြီး ရက်စက်ကြမ်းကြုတ်စွာ အနိုင်ကျင့်



www.burmeseclassic.com

www.burmeseclassic.com



မှုအောက်တွင်…

ရှာသူရှာသားများ အသေခံနေရလေပြီ။

"ကိုဝသုန်… ရှေ့မှာ သစ်ပင်ကြီးပိတ်နေတယ်"

"လုံးလုံးဖြတ်သွားလို့မရဘူးလား"

"အရှေ့ဘက်က သစ်ကိုင်းတွေကို ခုတ်ရှင်းပြီးသွားရင်တော့ ရနိုင်တယ်"

"ဒါဆို ခုတ်ပြီးရှင်းကွာ၊ အရှေ့ဘက်ကွင်းထဲက သွားရင် အန္တရာယ်များမယ်၊ ဒီလမ်းကြောင်းက သွားမှဖြစ်မှာကွ"

ထူးအောင် လဲကျနေသော ကွံကော်ကိုင်းတွေကို ခုတ်ဖြတ်ရင်း…

"ကိုဝသုန်… ကိုဝသုန်"

"ဘာလဲ"

"ဒီမှာ အလောင်းတစ်လောင်း"

"ဟင်"

"မိန်းကလေးအလောင်းဗျ၊ သစ်ပင်ပေါ်မှာ ချိတ်နေတာ"

"ထူးအောင်… သေတာရော ဟုတ်ရဲ့လား"

"မပြောတတ်ဘူး"

"နီကလောင်… စက်လှေတက်ကို လာပြီးထိန်းထား၊ ငါ ကြည့်လိုက်ဦးမယ်"

နီကလောင်နှင့် နေရာချင်းချိန်းပြီး ကံကော်ကိုင်းပေါ်မှ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကြည့်လိုက်တော့…

"ဟာ… ပျိုး"

သူ့ရင်တွင် ဆူပွက်ထွက်သွားတော့သည်။

"အီး… အီး"

"ဟာ… မသေသေးဘူး၊ ထူးအောင် စက်လှေပေါ်ကို ဆွဲတင်ကွာ"

"ဟုတ်ကဲ့"

ပျိုးကို နှစ်ယောက်သား မွေ့မပြီး စက်လှေပေါ်သို့တင် ကာ…

"ဘေးဘက်တွေကို မီးထိုးကြည့်ပါဦး"

ကိုလတ်ကို တွေ့လိုတွေ့ငြား ရှာကြည့်ပေမယ့် ဘာမှမတွေ့ ရပေ။

"ပျိုး… ပျိုးအလက်ာ"

သူ့ရင်ခွင်ထဲတွင်ထည့်ပြီး ပျိုးကို အကြိမ်ကြိမ်ခေါ်နေမိ တော့သည်။

"ကြောက်… ကြောက်တယ်၊ ရေတွေ… ရေတွေ"

"ပျိုး… သတိထား"

"ဟင့်အင်း… ကြောက်တယ်၊ ကိုလတ်… ကျွန်မကို ကယ်ပါ"

ပျိုးနှုတ်ဖျားမှ ကယောင်ကတမ်း အော်ဟစ်ပြီး ပြောဆိုနေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးကို ပွေ့မပြီး လှေဝမ်းထဲသို့ ခေါ်ခဲ့ပြီး နွေးထွေးစွာ ထားလိုက်သည်။

ပျိုးကို အသက်ရှင်လျက်နှင့်တွေ့ရလို့ သူ့ စိတ်ချမ်းသာမှု ရခဲ့ပေမယ့် ကိုလတ်တစ်ယောက်အတွက် စိုးရိမ်မှုက အတိုင်းအဆမဲ့ ဖြစ်သွားလေပြီ။

"ဝသုန်… ရှေ့ကမြင်နေရတာ ဘုန်းကြီးကျောင်း မဟုတ်လား"

အမှောင်ထုထဲတွင် အဆောက်အအုံကြီးတစ်ခုကို စမ်းတဝါးဝါး လှမ်းပြီးမြင်နေရသည်။ ဓာတ်မီးဖြင့် လှမ်းပြီးထိုးပေမယ့် မိုးသည်းကို ဓာတ်မီးအလင်းရောင်က လုံးဝမတိုးနိုင်ချေ။

"ဟုတ်မယ်ကွ၊ အဲဒီဘက်ကို ဦးတည်မောင်းကွာ"

နီကလောင် သူ့စကားအတိုင်း မောင်းလာခဲ့တော့သည်။

အမှောင်ထုထဲမှ အဆောက်အအုံကြီးကို အနီးကပ်ဆုံးမြင်တော့မှ ရွာဘုန်းကြီးကျောင်းဆိုတာကို သိလိုက်ရသည်။

ဘုန်းကြီးကျောင်းထဲတွင် ကလေးငိုသံများကို ကြားနေရသည်။ သူတို့စက်လှေဝင်လာသည်နှင့် ကျောင်းပေါ်မှ မီးရောင်များ ငြိမ်းပြီးထိုးကာ အချက်ပြကြတော့သည်။

"ဝသုန်တို့ပါလား"

"တင်ပါ့ ဘုရား"

"လူတွေကို ကျောင်းပေါ်တင်ကြ"

"တင်ပါ့"



www.burmeseclassic.com

www.burmeseclassic.com



ထူးအောင်နှင့် နီကလောင် စက်လှေပေါ်မှ ဒုက္ခသည်တွေကို ဘုန်းကြီးကျောင်းပေါ်သို့ တင်နေစဉ် သူ ပျိုးကို ပွေ့မကာ ကျောင်းပေါ်သို့ တက်ခဲ့လေသည်။

"ကျွန်မ… ကျွန်မ"

"ပျိုး… မင်း ဘုန်းကြီးကျောင်းပေါ် ရောက်နေတာ"

"ရှင်… ကို… ကိုလတ်ရော"

ပျိုးအမေးစကားကြောင့် သူ ဘာကိုပြောရမှန်းမသိ ဖြစ်သွားလေသည်။

"ကိုလတ်… နောက်စက်လှေနဲ့ ပါလာမှာပါ"

ပျိုးကို နှစ်သိမ့်စကားပြောဆိုပြီး ကျောင်းအောက်ဘက်သို့ ဆင်းလာခဲ့တော့သည်။

"ဝသုန်"

"ဘာလဲ နီကလောင်"

"မင်းလည်း အရမ်းပင်ပန်းနေပြီ၊ နားလိုက်ပါလား"

"ငါ မနားချင်သေးဘူးကွာ"

"မနားချင်ရအောင် မင်း ဘာလုပ်မလို့လဲ"

"ငါ ကိုလတ်ကို ထွက်ပြီးရှာချင်တယ်"

"ဝသုန်… မင်းရူးနေလား၊ ဒီလေ၊ ဒီမိုးနဲ့ မင်း ဘယ်လို ရှာလို့ရမှာမဟုတ်ဘူး"

နီကလောင်ပြောသော စကားဟာမှန်ပေမယ့် ကိုလတ်အတွက် စိုးရိမ်နေမှုကြောင့် အပြင်ကိုပြန်ပြီးထွက်လိုသော ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြနေသည်။

"ငါ ရအောင်ရှာမယ်"

"ဝသုန်… မင်း…"

သူ စက်လှေပေါ်သို့တက်မည်အပြု…

"ဒကာလေး ဝသုန်"

"ဘုရား"

လက်ထောက် ကျောင်းထိုင်ဆရာတော်ခေါ်သံကြောင့် ခြေလှမ်းတုံ့ဆိုင်းသွားသည်။

"ဒီစက်လှေဟာ အားလုံးအသက်ကိုကယ်ဖို့အတွက် ပြင်ဆင်ထားရမယ်၊ ဦးပဉ္စင်းတို့ကျောင်း အခြေအနေက ရှေ့ဆက်ပြီး ဘာဖြစ်လာမလဲဆိုတာ မပြောတတ်ဘူး၊ အကယ်၍ အရေးပေါ်ဖြစ်လာရင် ဒီစက်လှေနဲ့ လူတွေကို ကယ်ရမှာလေ"

ဦးပဉ္စင်းစကားကြောင့် သူ့ရဲ့ တစ်ကိုယ်ကောင်းသံယောဇဉ်ကို စွန့်လွှတ်လိုက်ရတော့သည်။

ကိုလတ်… ငါ့ဆုတောင်းထဲမှာတော့ တစ်ယောက်တော့ ဆုံခဲ့ရပြီ၊ မင်းတစ်ယောက်ပဲ ကျန်တော့တယ်ကွာ၊ မင်း ဘာမှမဖြစ်ပါစေနဲ့…

ကိုလတ်က တောမှာမွေးခဲ့ပေမယ့် ကြမ်းကြမ်းတမ်းတမ်း ဘာမှလုပ်နိုင်သူမဟုတ်သလို ရေကို ကောင်းစွာမကူးတတ်သူတစ်ယောက်မို့ သူ အမှန်တကယ်ပင် စိုးရိမ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်… မင်းစိတ်ကို လျှော့လိုက်ပါကွာ"

နီကလောင်က သူ့ပခုံးကိုဖက်ပြီး ပြောလိုက်တာကြောင့် သူ အပြင်သို့လှမ်းပြီး ကြည့်လိုက်မိတော့သည်။

ထိတ်လန့်ဖွယ်ကောင်းလှသော မုန်တိုင်းကြီးကတော့ ခြောက်ခြားဖွယ်ကောင်းသော အသံနက်ကြီးဖြင့် အော်ဟစ်ကာ တိုက်ခိုက်နေဆဲပေ။

"ကျောင်းပေါ်မှာရှိနေသူတွေအတွက် တစ်ခုခု စီစဉ်ကြရအောင်"

"ဘာစီစဉ်မှာလဲ"

"အားလုံး အအေးပတ်ပြီး သေကုန်တော့မယ်၊ ဒီတော့ မီးရအောင်မွှေးပြီး ရေနွေးတည်ကြရအောင်၊ လာကွာ"

ခုချိန်မှာ ရေနွေးအိုးတည်ဖို့ဆိုတာ မလွယ်သောကိစ္စတစ်ခု ဖြစ်ပေမယ့် ဘုန်းကြီးကျောင်းပေါ်သို့ရောက်နေသော လူတွေရဲ့ အသက်ကို အတတ်နိုင်ဆုံး ကာကွယ်နိုင်ရေးအတွက် လုပ်ဆောင်ရတော့မည်။

အထူးသဖြင့် ကလေးသူငယ်တွေအတွက် အပူဓာတ် မဖြစ်မနေ လိုအပ်နေပြီဖြစ်သည်။

ဘုန်းကြီးကျောင်း အောက်ထပ်တွင် ရေက ဒူးဆစ်ထိ ရောက်နေတာကြောင့် ထင်းရဖို့ဆိုတာ လုံးလုံးမလွယ်တော့ပေ။

"ဟာ… ဟိုမှာ အတော်ပဲ"

နီကလောင်က ကျောင်းမျက်နှာကျက်ပေါ်မှ ဝါးလုံးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မတ်အဟောင်းများကိုမြင်ပြီး ဝမ်းသာသွားတော့သည်။

"ရေလုံတဲ့နေရာပဲ ရှာကြရအောင်"

ကျောင်းမီးဖိုဆောင်ခန်းက ရေလုံပေမယ့် ရေက အောက်ခြေတွင် ရောက်နေတာကြောင့် မီးတင်ပြီးမွေးဖို့နေရာ မရှိ။

"ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူးကွာ"

"နီကလောင်"

"ဘာလဲ ဝသုန်"

"ဟိုသွပ်ပြားတွေကို ရေခြောက်အောင်လုပ်ပြီး ရေနဲ့လွတ်တဲ့ပေါ်မှာ တင်ပြီး မီးမွေးပေါ့ကွာ"

"အေး ကောင်းတယ်"

နှစ်ယောက်သား တက်ညီလက်ညီနှင့် လုပ်နေချိန်တွင် ထူးအောင်နှင့် ရွာမှလူငယ်နှစ်ယောက်ရောက်လာပြီး ဒန်အိုးရှာသူကရှာ၊ မိုးရေခံသူက ခံနှင့် ရေနွေးအိုးကြီးကို ရအောင်တည်ရတော့သည်။

"မုန်တိုင်းအခြေအနေက ရပ်မည့်ပုံတော့ မပေါ်သေးဘူး"

"ဟုတ်တယ်၊ အာရုံတောင်တက်တော့မယ်"

"ရွာမှာ လူတွေ ဘာဖြစ်နေကြမလဲ မသိဘူးကွာ"

"ဘာတတ်နိုင်မလဲကွာ၊ အားလုံး ကမ္ဘာသကာပေါ့"

"မီးမသေစေနဲ့ဟေ့၊ ဂရုစိုက်ပြီး မီးထိုး၊ ဒီရေနွေးဟာ အားလုံးရဲ့အသက်ပဲ၊ ထူးအောင်"

"ဘာများလဲ ကိုဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးငယ်တွေရဲ့ အဝတ်အစားတွေကိုချုတ်ပြီးယူခဲ့ကွာ၊ ရသလောက် မီးကင်ရမယ်"

"ဟုတ်ကဲ့"

"နီကလောင်"

"ဝသုန် ဘာပြောချင်လဲ၊ ပြောလေ"

"ကိုလတ်တစ်ယောက် အသက်ရှင်ပါ့မလား"

"ဝသုန်… ငါ ဘယ်လိုလုပ်ပြီး ပြောနိုင်မှာလဲကွာ"

"ငါ့စိတ်ထဲမှာ ကိုလတ်အတွက် စိတ်ခြောက်ခြားနေတယ်"

"ဝသုန်… ခုချိန်ဟာ တစ်ယောက်အသက်ကို တစ်ယောက် ကယ်နိုင်တဲ့အချိန်မဟုတ်ဘူး၊ ဒါပေမယ့် မင်းတို့ . ငါတို့ တတ်နိုင်တဲ့ဘက်ကနေ လူတွေကို ကယ်ခဲ့တာပဲကွာ၊ မင်းအတွက်ဖြေသာပါတယ် ဝသုန်ရာ"

"ဘာဖြစ်လို့"

"ကိုလတ်ကို မကယ်နိုင်ပေမယ့် မျိုးကို ကယ်နိုင်ခဲ့တယ်မဟုတ်လား"

"ငါမဖြေသာဘူး နီကလောင်၊ သူတို့နှစ်ယောက် ခုလိုတကွဲတပြားစီဖြစ်သွားခြင်းဟာ ငါ့အတွက် ပိုပြီးခံစားရတယ်ကွ၊ ပြီးတော့ သူတို့မင်္ဂလာပွဲပျက်သွားတာကိုရင်ထဲမှာ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဝသုန်… သူတို့မင်္ဂလာပွဲကို ဘယ်သူမှဖျက်ခဲ့တာမဟုတ်ဘူး၊ သဘာဝတရားကြီးက ဖျက်ခဲ့တာပဲကွာ"

"ဩော်… နီကလောင်"

"ဘာလဲ ဝသုန်"

"ပျိုးအဖေ အဘလှိုင်သေသွားတာကို ပျိုးမသိစေနဲ့ဦး"

"အေးပါကွာ"

"ပျိုးဘဝတော့ တကယ်တစ်ယောက်တည်းဖြစ်ပြီ ထင်တယ်ကွာ"

"ပျိုးအတွက် မင်းရှိနေပါတယ် ဝသုန်ရာ၊ ရေနွေးတောင်ဆူတော့မယ်"

ဒန်အိုးကြီးထဲမှ ရေနွေးဆူပွက်ခြင်းမရှိသေးပေမယ့် သူ့ရင်ထဲမှာတော့ ဆူပွက်နေလေပြီ။

♥♥♥


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▸ ၆ ◂

"ပျိုး... ဩော်... ပျိုးအလကာ၊ ရေနွေးလေး သောက်လိုက်ပါ၊ အချမ်းပြေသွားတာပေါ့"

သူလှမ်းပြီးပေးသော ရေနွေးခွက်ကို လှမ်းပြီးမယူသေးဘဲ သူ့မျက်နှာကို စိုက်ကြည့်နေသည်။

"သောက်လိုက်ပါ ပျိုးအလကာ၊ ခုချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အမုန်းတွေကို ခဏမေ့ထားပြီး နေပေးပါနော်"

ပျိုးနှုတ်ဖျားမှ စကားသံထွက်လာခြင်းမရှိပေမယ့် သူ့လက်ထဲက ရေနွေးခွက်ကလေးကို လှမ်းပြီးယူလိုက်သဖြင့် သူကျေနပ်သွားသည်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဟာ၊ ဩော်... ပျိုး၊ နင်မရှုံဘူးဆိုရင် ငါ့အင်္ကျီလေးကို လဲပြီးဝတ်ထားပါလား၊ ငါ့အင်္ကျီက မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ နေခဲ့တော့ ခြောက်သလိုလိုဖြစ်နေပြီလေ၊ နှင့် အင်္ကျီက အရမ်းကို စိုနေတယ်"

"ရ… ရပါတယ်ဟာ"

"နှင် သိပ်ပြီးချမ်းနေမှာစိုးလို့ပါ"

တကာယ်ပင် ပျိုးတစ်ယောက် နှုတ်ခမ်းပါးလေးတွေတောင် တုန်ရီနေသည်။

"နှင်ရှိရင်တော့ နေပါစေ၊ ငါသွားမယ်"

"ဝသုန်နောင်"

သူမနှုတ်ဖျားမှ သူ့အမည်ကို ခေါ်လိုက်ခြင်းသည် သူ့အတွက် အံ့ဩတုန်လှုပ်ဖွယ်ကိစ္စတစ်ခုပင်။

"နှင် ဘာပြောချင်လဲ၊ ပြောလေ"

"ငါ အရမ်းချမ်းနေတယ်"

သူ သဘောပေါက်လိုက်ပြီ။ သူ့အင်္ကျီကို ချွတ်ကာပေးလိုက်သည်။

သူ့အင်္ကျီအောက်တွင် စွပ်ကျယ်ရှိတာမို့ တော်သေးသည်။

"ဟိုဘက်အခန်းမှာ သွားပြီးလဲလိုက်ပါလား၊ ဘယ်သူမှ မရှိဘူး"

"ငါမသွားရဲဘူး၊ ကြောက်တယ်"

"ဒါဆို ငါလိုက်ခဲ့မယ်"

"ဟယ်"

"ဩော်… ငါ လူညံ့မကြည့်ပါဘူး၊ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆိုရင် လိုက်ခဲ့လေ"

ပျိုးကို တစ်ဖက်အခန်းထဲတွင် အဝတ်လဲခိုင်းပြီး သူ ကျော ခိုင်းပြီး နေလိုက်သည်။

"ရပြီ"

ပျိုး သူပေးလိုက်သော အင်္ကျီလေးကိုဝတ်ပြီး သူ့အင်္ကျီ ကို လက်တွင်ကိုင်ထားတာကြောင့်

"ငါ့ကိုပေး"

"အို… ဘာလုပ်မလို့လဲ"

"အောက်ထပ်မှာ မီးပြပြီး ခြောက်အောင်လုပ်ပေးမလို့"

"နေပါစေဟာ၊ ဒီအတိုင်းလှမ်းထားရင် လေတိုက်ပြီး ခြောက်သွားပါလိမ့်မယ်"

သူ ဆက်ပြီးမတောင်းဆိုချင်တာကြောင့် ဘာမှထပ်ပြီး မပြောတော့ချေ။

"ဝသုန်နှောင်"

"ပြောလေ"

"ကိုလတ် ရောက်မလာသေးဘူးလား"

"ရောက်လာမှာပေါ့ဟာ"

"*သူ ငါ့ဆီကို လာနိုင်ပါတော့မလား*"

"ဟင်"

ပျိုးရဲ့စကားဟာ အဓိပ္ပါယ်များစွာ သက်ရောက်နေတာကို သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျိုးအလက်ာရယ်… ကိုလတ် နင့်ဆီကို ရောက်လာမှာပါ"

"အင်းလေ… ငါလည်း ဒီလိုပဲ ထင်နေပါတယ်၊ မိုးလင်းတော့မယ်နော်"

"ဟုတ်တယ်"

"မှန်တိုင်းက ခုထိမရပ်သေးဘူး၊ ဒီအတိုင်းဆိုရင် ကျောင်းကြီးတောင် စိတ်ချရပါ့မလား"

"ခုချိန်ထိ လေဒဏ်ကိုခံနိုင်ပြီဆိုရင် ဘာမှမဖြစ်တော့ပါဘူး"

"ဝသုန်နောင်… နင် ကိုလတ်ကို ထွက်ပြီးရှာပေးပါလား"

"ငါ မိုးလင်းတာနဲ့ ထွက်ပြီးရှာမှာပါ"

"အဖေ့ကိုရော ရှာခဲ့ပါ"

"ဟင်"

ပျိုးနှုတ်ဖျားမှ အဖေဆိုသောစကားကြောင့် စပါးစင်တွင်ကြီးဖြင့်ချည်နှောင်ထားခဲ့သော ပျိုးဖခင်ကြီးအလောင်းကို မြင်ယောင်မိတော့သည်။

"အေး… စိတ်ချ၊ ငါ ရအောင်ရှာခဲ့မယ်"

သူ့ဘဝသက်တမ်းတစ်လျှောက်တွင် ပျိုးနှင့်သူ ခုလိုစကားအကြာကြီးပြောခဲ့တာမျိုး မရှိခဲ့ပေ။

ဒါပေမယ့် နှစ်ယောက်လုံးသည် တစ်ရွာတည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပေါင်းများအဖြစ်ကတော့ သတ်မှတ်ထားခဲ့ဆဲပါ။

"ငါ့အသက်ကို ကယ်ခဲ့တာကို ငါမမေ့ပါဘူး ဝသုန်နောင်"

"နင့်စိတ်ထဲမှာ ဒါကိုမေ့ထားပါဟာ၊ တို့တစ်တွေက တစ်ရွာတည်းနေတဲ့သူအချင်းချင်းပဲလေ၊ ကယ်ရမှာပေါ့"

"ငါ့စိတ်ထဲမှာ အိပ်မက်ဆိုးကြီး မက်နေရသလိုပဲဟာ"

"ငါလည်း နင့်လိုပဲ ပျိုးအလက်ာ၊ မယုံကြည်နိုင်လောက်အောင် ဖြစ်နေတယ်"

"ငါ့ဘဝမှာ သွေးပျက်စရာကောင်းတဲ့ နေ့တစ်နေ့လို့ပဲ ထင်မိတယ်၊ ငါ အရမ်းကိုကြောက်ပါတယ်၊ ခုထိ ကြောက်စိတ်က မပြေသေးဘူး"

ပျိုးမျက်နှာလေးမှာ တကယ်ကို ထိတ်လန့်ပြီး ခြောက်ခြားနေဆဲ။

အကယ်၍သာ ပျိုးဘဝတွင် သူအားထားခဲ့သော ဖခင်ကြီးပါ သေဆုံးတာကိုသိခဲ့ရင် ပျိုးတစ်ယောက် ဘယ်လောက်ထိ တုန်လှုပ်နေမလဲဆိုတာကို မတွေးဝံ့အောင် ဖြစ်မိတော့သည်။

"ပျိုး… ငါ အပြင်မှာ လုပ်စရာရှိတာတွေ သွားလုပ်ဦးမယ်နော်"

"ဝသုန်နောင်"

"ပျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို တစ်ယောက်တည်းမထားခဲ့ပါနဲ့"

"အင်း"

ပျိုးထံမှ ကြားလိုက်ရသော စကားသည် သူ့ရင်ကို ဆို့ဆို့နင့်နင့် ဝင်ရောက်သွားလေပြီ။ မယုံနိုင်လောက်အောင်ပင် ဖြစ်မိသည်။

သူ့အပေါ်တွင် ငယ်စဉ်တည်းက မတူမတန်သလို သဘောထားခဲ့သော ပျိုးတစ်ယောက် ခုလို အခြေအနေမျိုးရောက်မှ ထိုစကားသံတွေကို ကြားခဲ့ရပြီ။

သူ့အတွက် အဆိုးဆုံးကံကြမ္မာကြားမှ ရရှိခဲ့သော အမြတ်တစ်ခုပင် မဟုတ်လား။

"အလင်းရောင်တော့ပေါ်ပြီ ဝသုန်၊ လေကတော့ မငြိမ်သေးဘူး"

"ဘယ်နှစ်နာရီလောက်ရှိပြီလဲ"

"(၅) နာရီထိုးတော့မယ်၊ ည (၈)နာရီလောက်တည်းက တိုက်ခဲ့တဲ့လေနဲ့မိုး ခုထိ အရှိန်မလျော့သေးဘူးကွာ"

"နီကလောင်"

"ပြော ဝသုန်"

"ငါ အပြင်ကိုထွက်မယ်၊ မင်းလိုက်မှာလား"

"မင်းသွားမှတော့ လိုက်ရမှာပေါ့"

"ဒါဖြင့် သွားကြရအောင်၊ ကျောင်းအခြေအနေက ခု လောက်ဆို စိုးရိမ်စရာမရှိတော့ဘူး၊ သွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



နီကလောင်နှင့်အတူ စက်လှေပေါ်သို့တက်စဉ်…

"ကိုဝသုန်… ကျွန်တော်ပါလိုက်မယ်"

ထူးအောင်လည်း အပြေးကလေး ကျောင်းပေါ်ကဆင်းလာပြီး စက်လှေပေါ်သို့တက်လေသည်။

အပြင်တွင် လေနှင့်မိုးစက်တွေကို ထိလိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ချမ်းစိမ့်ပြီး သွေးများခဲမတတ် ခံစားလိုက်ရသည်။

"တကယ်ရက်စက်တာပဲကွာ"

"ဘာကိုပြောတာလဲ"

"ခုတိုက်နေတဲ့ မုန်တိုင်းကိုပြောတာ"

"ဟုတ်တယ်ဗျာ၊ သဘာဝတရားကြီးက ကျွန်တော်တို့ လူသားတွေအပေါ်မှာ တကယ့်ရန်သူကြီးတစ်ယောက်လို ရ[illegible]က်လိုက်တာ"

"သဘာဝတရားကြီးက ချစ်ဖို့ကောင်းသလို ကြောက်ဖို့ကောင်းတယ်ဆိုတာကို မင်းတို့ ငါတို့ လက်တွေ့တွေ့နေရပြီ မဟုတ်လား"

ကောင်းကင်ရဲ့အလင်းရောင်အောက်တွင် မြင်တွေ့ရသော မြင်ကွင်းကြောင့် သုံးယောက်လုံးမယုံနိုင်အောင် ဖြစ်သွားလေတော့သည်။

ပြင်းပြင်းထန်ထန်တိုက်နေသော မုန်တိုင်း၊ ကြမ်းတမ်းခက်ထန်စွာရွာနေသော မိုးစက်များကြားတွင် သူတို့ ခေတ်အဆက်ဆက်၊ မိဘမျိုးဆက်များ နေထိုင်ခဲ့သော ရွာကြီးမှာ သစ်ပင်အကျိုး



www.burmeseclassic.com

www.burmeseclassic.com



များ၊ အိမ်ပျက်၊ တဲပျက်များနှင့် ရွာတစ်ရွာရယ်လို့ သတ်မှတ်လို့ ရနိုင်တော့ပေ။

"ရွာပျက်ကြီးဖြစ်သွားပြီကွာ"

နီကလောင် နှုတ်ဖျားမှ ဝမ်းနည်းစွာဖြင့် ထွက်ပေါ်လာသော စကားကို သူနှင့်ထူးအောင် မငြင်းဆန်နိုင်ဘဲ လက်ခံလိုက်သည်။

ရွာကြီးမှာ လေဒဏ်ကြောင့် ပျက်စီးနေသလို ဘာတစ်ခုမှ ကောင်းဆိုတာမရှိတော့ပေ။

အရင်က သာယာလှပတဲ့ရွာကလေး…

ခုတော့ လွန်စွာရုပ်ဆိုး အကျည်းတန်လေပြီ မဟုတ်လား။

"ကိုဝသုန်"

"ဘာလဲ ထူးအောင်"

"ရွာကလူတွေ ဘယ်လောက်တောင်သေကြပြီလဲ မသိဘူးဗျာ"

ထူးအောင် ပြောရင်း မျက်ရည်များတောင် ဝဲနေလေသည်။

"တောက်"

နီကလောင်ကတော့ အံကိုကြိတ် တောက်ခေါက်လျက်…

လေနှင့်မိုးက ဘယ်လောက်ပဲ တိုက်တိုက် ရွာထဲတွင် ပြိုကျရာအိမ်ဆိုတာ မရှိတော့သလို လဲကျစရာသစ်ပင်ဆိုတာလည်း မရှိတော့ပေ။ ဒါတောင် မုန်တိုင်းကြီးက ကျေနပ်ခြင်းမရှိသေးပေ။

အောင်ပွဲခံနေတုန်း…



www.burmeseclassic.com

www.burmeseclassic.com



"လေတော့လျော့သွားပြီကွ"

တစ်ညလုံးတိုက်ခိုက်ခဲ့သောလေ အားအင်ကုန်သလိုရှိသွား ဟန်တော့ရှိပေမယ့် ရပ်တန့်သွားခြင်းတော့ မရှိသေးပေ။

သူတို့မောင်းလာသောစက်လှေ အနောက်ဘက်တွင် မြ ဘက်ဆီမှ မောင်းလာရသည်။ ရွာထဲမှာ သွားလမ်းမရှိသဖြင့် ရွာ အနောက်ဘက်မှ သွားနေရခြင်းဖြစ်သည်။

ရွာတွင် လူသံတွေက တိတ်ဆိတ်နေဆဲ…

"ဘာသံမှမကြားရပါလား ဝသုန်"

"ဟုတ်တယ်၊ လူတွေလည်း ကြောက်အားလန့်အား အပြင်ကို မထွက်ရဲကြဘူးနဲ့တူတယ်"

"မထွက်ရဲတာလား၊ မရှိတော့တာလား"

"ရှိတော့ရှိကြမှာပါ၊ ဟောဟိုမှာ ဒေါ်လှမြင့်တို့ မိသား မဟုတ်လား"

"အေး… ဟုတ်တယ်"

ပြိုပျက်နေတဲ့ အိမ်ကြီးပေါ်တွင်ထိုင်လျက် သူတို့ လက် လှမ်းပြီးပြနေလေသည်။

စက်လှေကို ခြံနားထိမောင်းသွားပြီး ရေထဲကိုဆင်းလိုက် တော့ ရေက ပြန်ပြီးဆုတ်နေလေပြီဖြစ်တာကြောင့် ရေက ခါးတ ဝက်လောက်ပင် ရှိတော့သည်။

"ဝသုန်"

"ဒေါ်လှမြင့် ဘာတွေဖြစ်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တော့ ဘာမှမဖြစ်ဘူး၊ ဟို… ဟို… စိန်ကုလား နဲ့ မိစန်းတို့တော့ ရေထဲမျောသွားကြပြီ"

"ဟင်"

"အသက်ရှင်စရာတော့ မရှိတော့ပါဘူး၊ သူ့မိန်းမကို ကယ်ရင်း သူပါသေရတဲ့ဘဝကို ရောက်သွားတာ"

သူတို့နားထဲသို့ ပထမဦးဆုံး သတင်းဆိုးကို စတင်ပြီး ကြားနေရပြီဖြစ်သည်။

ရှေ့ဆက်ပြီး ဘယ်လိုမြင်ကွင်းတွေ၊ သတင်းဆိုးတွေကို ကြားရမယ်ဆိုတာကို မပြောတတ်တော့ပေ။

"သူ့သားလေးက ကျောင်းမှာ ကိုရင်ဝတ်နေတာ မဟုတ် လား"

"ဟုတ်တယ်၊ သူပဲ ကျန်တော့တာပေါ့"

"ကဲ… ဒေါ်လှမြင့်၊ ရေကျနေပြီ၊ ကျောင်းဘက်ကို လေငြိမ်တာနဲ့သွားလေ"

"အေး အေး"

"ကျွန်တော်တို့ ရှေ့ဆက်ပြီး အခြေအနေတွေကို လိုက်ပြီး ကြည့်ဦးမယ်"

ဒေါ်လှမြင့်တို့အတွက် စိုးရိမ်စရာမရှိတာကြောင့် ထားရစ် ခဲ့ပြီး ပြန်ထွက်လာခဲ့ကြတော့သည်။

"ဝသုန်… ဟာ… ဟိုမှာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ထားရီ မဟုတ်လား"

"ဟုတ်တယ်"

သစ်ပင်ကျိုးကြားတွင်ညှပ်ပြီး အသက်ပျောက်နေသော ခင်ထားရီအလောင်းကို မြင်မကောင်းအောင် မြင်လိုက်ရသည်။

"ကလေးတွေရော မသိဘူး"

"ထူးအောင်ရယ်... လူကြီးတောင် သေတဲ့အဆင့်ရောက်မှတော့ ကလေးတွေရဲ့ကံကြမ္မာကို တွေးလို့တောင်မရနိုင်တော့ပါဘူး"

"အဖြစ်တွေက ဆိုးတယ်ကွာ"

သူကိုယ်တိုင်က ရှေ့ဆက်ပြီးသွားဖို့တောင် စိတ်ခြောက်ခြားနေလေပြီ။ အဝေးလယ်ကွင်းတွင် လှမ်းပြီးမြင်နေရသော ရုပ်ပျက်ဆင်းပျက်အလောင်းတွေကို လှမ်းကြည့်ပြီး တုန်လှုပ်လာမိတော့သည်။

"ကိုလတ်... ကိုလတ်"

သူ့ရင်တွင် ကိုလတ်အမည်ကလေးကို ရွတ်ဆိုပြီး အလောင်းများမျောနေသော နေရာဆီသို့ စက်လှေကို အားတင်းပြီး မောင်းလာလေသည်။

"ဟိုလမုပင်ကြားမှာ အလောင်းနှစ်လောင်းကို သွားပြီးကြည့်ရအောင်"

လမုပင်နားရောက်တော့ ယောကျ်ားအလောင်းနှင့် အမျိုးသမီးအလောင်း နှစ်ယောက်လုံးလက်တွင် ကြိုးများချည်နှောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ချက်...

"ဘယ်သူတွေလဲ နီကလောင်"

"ဟာကြီးနဲ့ ခင်ဗျေးဝင်းကွ၊ တစ်ယောက်ကိုတစ်ယောက် လွတ်မသွားအောင် ကြိုးတွေနဲ့ချည်နှောင်ထားရင်း နှစ်ယောက်လုံး သေတာကွ"

"ကိုဝသုန်"

"ထူးအောင်"

"ဒီအလောင်းတွေကို ဘယ်လိုလုပ်မလဲ"

"ခုချိန်မှာတော့ ဘာမှလုပ်လို့မရသေးဘူး၊ အသက်ရှင်တဲ့သူတွေကို လိုက်ပြီးကယ်ရမှာပဲ၊ နောက်မှ ပြန်ပြီးရှင်းရမယ်"

တကယ့်အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့နေရခြင်းပင် ဖြစ်သည်။ ခုချိန်ထိ ရေပေါ်တွင် အသက်ရှင်တဲ့လူဆိုတာ မတွေ့ရသေးပေ။

"ဝသုန်ရေ... တချို့အလောင်းတွေက တို့ရွာကမဟုတ်ဘူး၊ ဟိုဘက်ကမ်းကလူတွေလည်း ပါတယ်"

"ဒီမုန်တိုင်းက ရွာဘယ်နှစ်ရွာလောက်ကို ရက်စက်လိုက်ပြီလဲ မသိဘူးကွာ"

"ပင်လယ်ဘေး၊ မြစ်ဘေး၊ ချောင်း ဘေးမှာနေကြတဲ့ ရွာတွေအတွက်တော့ မျှော်လင့်ချက် မရှိတော့ဘူး ဝသုန်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်တိုင်းနဲ့ မရဏမင်းနဲ့ ပေါင်းပြီး လူသားတွေကို စစ်ခင်းလိုက်တာပဲ"

"ဟိုလမ်းကြောင်းက ကိုလတ်တို့အိမ်ကိုသွားတဲ့လမ်း မဟုတ်လား"

"အေး… ဟုတ်တယ်၊ စက်လှေတော့ ဝင်လို့ရမှာ မဟုတ်တော့ဘူး၊ ရေက ပြန်ပြီးကျနေပြီ"

"ကွင်းစပ်မှာပဲကပ်ပြီး အိမ်ဘက်ကို သွားကြည့်ပါလား"

"အေး"

ကိုလတ်တို့အိမ်ဘက်ဆီသို့သွားသော လမ်းသွယ်ထိပ်တွင် စက်လှေကိုရပ်လိုက်ပြီး သူ ရေထဲသို့ဆင်းပြီး လျှောက်လာသည်။

ရေကပြန်ကျနေပေမယ့် ခါးဝက်လောက်ထိရှိနေတုန်းပင်။

ကိုလတ်တို့အိမ်ကြီးမှာ ခိုင်ခိုင်ခန့်ခန့် ဆောက်ထားပေမယ့် ကွင်းစပ်နှင့် အနီးဆုံးမှာ ဆောက်ထားတာကြောင့် အရှေ့ကိုစိုက်ကျပြီး ပြိုနေလေပြီ။

"အိမ်ထဲကို ဝင်လို့ရပါ့မလား ကိုဝသုန်"

"ရအောင်တော့ ဝင်ကြည့်ရမှာပဲ"

သူ အိမ်ပေါ်သို့မတက်ခင် ရေစီးနှင့်မျောလာသော ဖိတ်စာလေးတစ်စောင်ကို ကောက်ယူပြီးကြည့်လိုက်တော့ ရင်ထဲတွင် အတိုင်းအဆမဲ့ ကြေကွဲသွားလေ၏။

ဖိတ်စာလေးမှာ ရေစိုပြီး အလယ်မှ ပိုင်းပြတ်နေသည်။ ဖိတ်စာလေးပေါ်တွင် ကိုလတ်အမည်ကလေး ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ ပျိုးအလက်ာအမည်လေးကိုသာ တွေ့နေရလေသည်။

"ကိုဝသုန်… ဟိုမှာ"

"ဟာ"

အိမ်အမိုးတန်းများနှင့်ပိပြီး အသက်ပျောက်နေသော ကိုလတ်ကို တွေ့လိုက်ရသည်။

"ကိုလတ်… ကိုလတ်"

သူ ဘယ်လိုပင်ခေါ်ခေါ် ကိုလတ်တစ်ယောက်ကတော့ သူ့ခေါ်သံကို လုံးဝကြားနိုင်မည်မဟုတ်တော့ပေ။

"သူငယ်ချင်း… ဖြစ်မှဖြစ်ရလေကွာ၊ ကိုလတ်"

ကိုလတ်ကို သူ ပွေ့မထုတ်ပြီး ဖက်၍ငိုနေမိတော့သည်။

"ကိုဝသုန်"

ထူးအောင်က သူ့ပခုံးကိုဆုပ်ကိုင်ပြီး သတိပေးနေပေမယ့် ဘယ်လိုမှဖြေလို့မရအောင် ဖြစ်နေလေသည်။

"တောက်… ရက်စက်လိုက်တာကွာ"

"ကိုဝသုန်ရယ်… ခုဖြစ်တဲ့ကိစ္စကြီးက တစ်ယောက်တည်းဖြစ်ခဲ့တာမှ မဟုတ်ဘဲ၊ တစ်ရွာလုံး ရင်စည်းခံခဲ့ရတဲ့ ဇာကြမ္မာဆိုးကြီးပဲဗျာ"

ထူးအောင်စကားကြောင့် သူ့ရင်ထဲက ကြေကွဲမှုတွေကို မြိုသိပ်လိုက်ရသည်။ သူခံစားရသလို သူ့လိုပင် ခံစားနေကြရမယ့် လူတွေ ဘယ်လောက်တောင် ရှိနေပြီလဲ။

"ကိုဝသုန် ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ ကိုလတ်အလောင်းကို မြှုပ်ချင်တယ်ကွာ"

"ဘယ်မှာမြှုပ်မလဲ"

ထူးအောင်၏ ဘယ်မှာမြှုပ်မလဲစကားသံကြောင့် ကိုလတ် ငယ်စဉ်က ပြောခဲ့သော စကားလေးကို ပြန်ပြီးသတိရမိလိုက်သည်။

"နောင်"

"ဘာလဲ ကိုလတ်"

"ငါသေရင် ရွာနောက်ဘက်က စကားဝါပင်အိုကြီးအောက် မှာ ဂူလေးသွင်းပြီးမြှုပ်ပေးကွာ"

"ကိုလတ်... မင်းစကားက နိမိတ်မရှိလိုက်တာ"

"နောင်ရယ်... လူဆိုတာ သေရမည့်လူချည်းပါပဲ၊ သေ ပြီးမှတော့ စိတ်ကူးယဉ်လို့ရမှာမဟုတ်ဘူး၊ ဒါကြောင့် မသေခင် ကိုယ့်မြေပုံလေးကို စိတ်ကူးနဲ့တွေးပြီး ကျေနပ် ချင်တာ"

"ငါကတော့ သေမှတော့ ဖြစ်ချင်ရာဖြစ်ကွာ"

"နောင်"

"ဘာလဲကွ"

"မင်းနဲ့ငါ ကတိတစ်ခုပေးရအောင်"

"ဘာကတိလဲ"

"တကယ်လို့ မင်းအရင်သေရင် ဒီစကားဝါပင်အောက်မှာ ငါမြှုပ်ပေးမယ်၊ ငါအရင်သေခဲ့ရင်လည်း မင်းမြှုပ်ပေး ရမယ်လေ၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ကိုလတ်ရာ… မင်းကတိကြီးက မကောင်းလိုက်တာ"

"မင်း မပေးနိုင်ဘူးလား"

"မပေးနိုင်လို့ ပြောနေတာမဟုတ်ပါဘူး၊ မင်္ဂလာမရှိလို့"

"မင်းက တကယ်တရားမရှိတဲ့ကောင်ပဲ၊ လူ့ဘဝကြီးမှာ မွေးဖွားခြင်းဆိုတာရှိခဲ့ရင် သေဆုံးခြင်းဆိုတာ ရှိရစမြဲပဲ ကွ၊ ဘာလို့ သေခြင်းတရားကိုကြောက်နေရတာလဲ"

"မင်းပြောသလို သေခြင်းတရားကို ကြောက်နေတာ မဟုတ် ဘူးကွ၊ လူ့ဘဝမှာ အသက်ရှင်နေချိန်အတွင်း မှာ ကောင်းသောအလုပ်တစ်ခုကို မလုပ်ဘဲနဲ့မသေချင် တာ"

"အလို့… မင်းစကားက တယ်ပြီးကြီးပါလား၊ ကောင်း သောအလုပ်ဆိုတာက…"

"ကိုယ့်ဘဝကို စတေးခံပြီး လူသားအကျိုးကို ဆောင်ရွက် နိုင်တဲ့ သမိုင်းကလေးတစ်ခုကို ပြောတာ"

"နောင်… ဒီလိုအလုပ်မျိုးဆိုတာ မြင့်မြတ်တဲ့လူတွေ၊ သတ္တိရှိတဲ့လူတွေပဲ လုပ်ကြတာ၊ ဘာကြောင့်လဲဆိုတော့ စတေးခံခြင်းဆိုတာ အရမ်းကိုခံစားရတယ်၊ အတ္တမဲ့တဲ့ လူဆိုတာ ရှားဘယ်လေ၊ မင်းအတ္တကို စွန့်နိုင်ရင်တော့ မင်းဖြစ်ချင်တဲ့ သမိုင်းကောင်းလေးတစ်ခုတော့ ကြုံရမှာ ပေါ့ကွာ၊ ကဲပါ… ငါပြောတာကို ဘယ်လိုသဘောရ လဲ"


www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ငါ ဘယ်တော့မှ ကတိမပျက်စေရပါဘူး"

"တည်စေနော်"

"ညီပြီးသားပါ ကိုလတ်"

"ဒါဆို လိုက်ခဲ့"

"ဘယ်ကိုလဲကွ"

"ရွာနောက်က စကားဝါပင်ကြီးအောက်ကို"

"ဘာလုပ်ဖို့"

"မင်းနဲ့ငါ ကတိသစ္စာကို စကားဝါပင်ကြီးအောက်မှာ သွားဆိုရမှာပေါ့"

"ကိုလတ်ရာ"

"ဘာလဲ... မင်း မဆိုရဲဘူးလား"

"ဆိုရဲပါတယ်"

"ဒါဖြင့် သွားကြမယ်"

သူ့မျက်ဝန်းမှ မျက်ရည်စက်များ ကိုလတ်ရင်ဘတ်ပေါ်သို့ ကျနေလေပြီ။ စက်လှေကြီးမှာ ရွာအနောက်ဘက် စကားဝါပင်ကြီးဆီသို့ မောင်းနေလေသည်။

ကိုလတ်တစ်ယောက်တော့ သူ၏လက်ပေါ်တွင် သူနေထိုင်လိုသော စကားဝါပင်ကြီးဆီသို့ သွားနေသည်ကို သိနိုင်မယ်လို့ ထင်မိလေသည်။

"ကိုလတ်... မင်းကို ငါ စကားဝါပင်ကြီးဆီကို ပို့နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝသုန်"

"ထူးအောင်"

"ရော့… ကိုလတ်ကို တန်းအောက်က ဆွဲထုတ်တုန်းက ပြုတ်ကျခဲ့တဲ့ဘူးလေး"

ထူးအောင် လှမ်းပြီးပေးလိုက်သော အနီရောင်ဘူးဗိုင်းကလေးကို လှမ်းယူပြီး ဖွင့်ကြည့်မိလိုက်သည်။

အနီရောင်ဘူးဗိုင်းလေးထဲတွင် မင်္ဂလာလက်စွပ်ကလေးကို တွေ့မြင်လိုက်ရသည်။

ဒီလက်စွပ်ကလေးကို ကိုလတ်နှင့်သူ မြို့ပေါ်သို့တက်ပြီး အတူတူလုပ်ခဲ့ခြင်းဖြစ်သည်။

ပျိုးအတွက် မင်္ဂလာဦးလက်စွပ်ကလေးပင် မဟုတ်လား…

*ဒီလက်စွပ်ကလေးကို ကိုလတ်ကိုယ်တိုင် ပျိုးကို စွပ်ပေးခွင့် မရတော့ချေ။*

"ကိုလတ်ရယ်… မင်းဆန္ဒတွေကို ကံကြမ္မာက ဖျက်ဆီးလိုက်ပြီ၊ မင်းသိပ်ပြီးစွပ်ပေးချင်တဲ့ ဒီလက်စွပ်ကလေးကို ငါ ဘယ်လိုလုပ်ပြီး ပျိုးကိုပေးရမလဲကွာ"

"ဝသုန်… ရှေ့ဆက်ပြီး စက်လှေသွားလို့မရတော့ဘူး"

"မရရင် ဒီမှာပဲရပ်လိုက်ကွာ၊ ငါ ကိုလတ်ကို ထမ်းပြီး သွားမယ်"

"ကျွန်တော်ပါ ကူပြီးထမ်းပေးမယ်"

*"ရတယ် ထူးအောင်၊ ငါ့သူငယ်ချင်းကို ငါကိုယ်တိုင်ပဲ*



www.burmeseclassic.com

www.burmeseclassic.com



ထမ်းသွားတော့မယ်"

ကိုလတ်ကို ပခုံးပေါ်သို့တင်ပြီး ပေါင်ရင်းလောက်ရှိသော ရေထဲမှထမ်းပြီး စကားဝါပင်ကြီးဆီသို့ သွားနေလေသည်။

သောကဇောကြောင့် ကိုလတ်တစ်ယောက် သူ့ပခုံးပေါ်တွင် လိုက်ပါလာသည်ကိုတောင် သတိမထားနိုင်တော့ပေ။

ထူးအောင်မှ ပေါက်တူးဖြင့် နောက်မှလိုက်ပါလာနေသည်။

"ကိုဝသုန်… စကားဝါပင်ကြီး အမြစ်ကနေကျွတ်ပြီး လဲနေပြီဗျ"

သူ လှမ်းပြီးကြည့်လိုက်တော့ စကားဝါပင်ကြီးမှာ မြေပြင်ပေါ်တွင်လဲကျနေလေပြီ ဖြစ်သည်။

"ကိုလတ်… မင်းသိပ်နေချင်တဲ့ စကားဝါပင်ကြီးလည်း မင်းနဲ့အတူ သေဆုံးနေပြီကွာ"

ကိုလတ်အလောင်းကို မြှုပ်နိုင်ရေးအတွက် မြေနေရာကို ရှင်းလင်းပြီးနောက်…

"ကိုဝသုန်… ဒီနေရာမှာပဲ မြှုပ်မလား"

"အေး… မြှုပ်မယ်ကွာ"

ကိုလတ်အတွက် မြေကျင်းကို သူကိုယ်တိုင်တူးပြီး

"သူငယ်ချင်း ကိုလတ်၊ ကောင်းသောဘဝကိုရောက်ပါစေကွာ"

"ကိုဝသုန်… မြေဖို့ရတော့မလား"

"နေပါဦးကွာ၊ ငါ့သူငယ်ချင်းမျက်နှာကို နောက်ဆုံးအနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အားရပါးရ ကြည့်ပါရစေဦးကွာ"

အတန်ကြာအောင် ကိုလတ်မျက်နှာကို စူးစိုက်ကြည့်ပြီး နောက် မြေကြီးခဲများကို ကိုလတ်ရင်ဘတ်ပေါ်သို့ ချပေးလိုက်သည်။

"နောင်ဘဝဆိုတာရှိခဲ့ရင် သူငယ်ချင်းရေ… တို့တတွေ ပြန်ပြီးဆုံကြရအောင် ဆုတောင်းနေခဲ့ပါတယ်… မင်း ဘယ်ဘဝရောက်ရောက် ငါ့ကိုစောင့်ပါလို့ မှာလိုက်ပါရစေတော့ ကိုလတ်ရယ်"

မြေခဲများက ကိုလတ်ကိုယ်ပေါ်တွင် တဖြည်းဖြည်း ပြည့် သွားခဲ့လေပြီ။

"မင်းဖြစ်ချင်တဲ့ ခုတ်ဂူကလေးကို ငါ ရအောင်လုပ်ပေး မယ်လို့ ကတိပေးပါတယ် သူငယ်ချင်း"

ကိုလတ်မြေပုံပေါ်တွင် စကားဝါပန်းကြွေများကို ဖြန့်ပြီး ခင်းလိုက်ကာ

"ငါ ပျိုးကို ဘယ်လိုပြောရမလဲ ကိုလတ်၊ မင်း လူ့ လောကကြီးမှာ မရှိတော့ပေမယ့် ငါ့ရင်ထဲ ငါ့နှလုံးသား ထဲမှာတော့ မင်း ဘယ်တော့မှမသေဘူးဆိုတာကိုတော့ မင်းယုံကြည်ထားပါကွာ"

"ကိုဝသုန်… သွားကြရအောင်"

မိုးကောင်းကင်ကြီးကတော့ မိုးတွေရွာလို့ကောင်းနေဆဲ… မျက်ရည်တွေတိုက်လို့ ကောင်းနေဆဲပေ။

သူ့မျက်ဝန်းတွင် မျက်ရည်တွေက ဒီလေ၊ ဒီမိုးနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ရောယှက်၍ စီးကျနေဆဲပေ။

"ဝသုန်... မင်းအတွက် ငါ စိတ်မကောင်းဘူးကွာ"

စက်လှေပေါ်ရောက်သည်နှင့် နီကလောင်မှ ဝမ်းနည်းကြောင်းကို လှမ်းပြီးပြောလိုက်လေသည်။

"ငါ ဖြေသာနိုင်အောင် ကြိုးစားမယ်ကွာ"

"မင်းတို့နှစ်ယောက် ဘယ်လောက်ထိ သံယောဇဉ်ကြီးတယ်ဆိုတာ ငါတို့တစ်ရွာလုံးသိပါတယ်ကွာ၊ ဝသုန်"

"မင်း ဘာပြောချင်လဲ နီကလောင်"

"ဟို... ပျိုးအတွက် မင်း ဘယ်လိုလုပ်မလဲ"

ပျိုးဆိုသော အမည်ကလေးကြောင့် သူ ရှေ့ဆက်ရမည့်အနာဂတ်ကို တွေးလို့မရနိုင်အောင် ဖြစ်မိလေတော့သည်။

"တဖြည်းဖြည်းတော့ ပြောရမှာပေါ့ကွာ"

"ပျိုးသာ အဖြစ်မှန်တွေအားလုံးကို သိခဲ့ရင် သူ့စိတ်ကိုထိန်းနိုင်မှာမဟုတ်ဘူး"

"ငါလည်း ဒီအတွက် ဘာလုပ်ရမှန်းတောင် မသိဘူးဖြစ်နေတယ်"

"ဝသုန်... မင်းဘဝအတွက် ပျိုးဟာ အရေးပါနေပြီနော်ဘာကြောင့်လဲဆိုတော့ ပျိုးဘဝမှာ အားထားစရာ မရှိတော့ဘူး"

နီကလောင်ပြောသလိုပင် ပျိုးဘဝက တကယ်ပင် မှီခိုစရာမဲ့ လူတစ်ယောက်ဖြစ်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မနှစ်ကမှ ပျိုးအမေဆုံးခဲ့ပြီး ယခုမှန်တိုင်းကြောင့် ပျိုးဖခင်လည်း ဆုံးခဲ့တဲ့အပြင် ဘဝအတွက် အားထားရာ ကိုလတ်တစ်ယောက်လည်း လူ့လောကကြီးတွင် မရှိတော့ပြီဖြစ်တာကြောင့် ပျိုးဘဝကို ဘယ်လိုဆက်ပြီးရပ်တည်မလဲ။

ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် သူကဲတော့ ပျိုးဘဝအတွက် ရပ်တည်ပေးရတော့မည်ဖြစ်သည်။ သူ့မှာက မိဘဆိုတာမရှိခဲ့သူဖြစ်ပြီး အဖေနဲ့အမေ ဆုံးပါးပြီးကတည်းက ပျိုးဖခင် အဘလှိုင်က ခေါ်ယူပြီးထားခဲ့ခြင်း မဟုတ်လား။

ပျိုးမိသားစုဟာ သူနှင့် သွေးသားမတော်စပ်ပေမယ့် မိသားစုဖြစ်နေခဲ့လေပြီ။ ဒါကြောင့် ပျိုးဘဝ၏အနာဂတ်ကို ပျိုးလက်ခံသည် ဖြစ်စေ၊ လက်မခံသည်ဖြစ်သော သူကတော့ တာဝန်ယူရတော့မှာ ဖြစ်သည်။

"ကိုဝသုန်… စာသင်ကျောင်းကြီးလည်း ပျက်နေပြီ"

ထူးအောင် လှမ်းပြီးပြလိုက်သော စာသင်ကျောင်းကြီးကို လှမ်းပြီးကြည့်ကာ ကိုလတ်နှင့်သူ ဆုံခဲ့ရသော ငယ်ဘဝလေးကို မြင်ပြီးသတိရမိသည်။ ထိုသတိရခြင်းနှင့်အတူ မျက်ရည်စတို့သည် ပါးပြင်ပေါ်သို့ စီးကျနေလေပြီ မဟုတ်လား။

ထိုစဉ်က သူ့ဘဝတွင် အဖေတစ်ယောက်သာရှိခဲ့ပြီး အမေဆိုတာ မရှိတော့တဲ့ ကာလတစ်ခုဖြစ်သည်။

အဖေကတော့ ပျိုးတို့အိမ်တွင် လယ်စာရင်းငှားဘဝနှင့် သုပ်ဆိုင်နေသဖြင့် သူ့အတွက် ထမင်းဟင်းကို ချက်ပြုတ်ပေးမဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဒါကြောင့် သူကိုယ်တိုင် ထမင်းဟင်း မချက်တတ်၊ ချက်တတ်နှင့် ချက်ပြီးစားသောက်ရသောဘဝပင်။

သူတို့တက်ရသော ကျောင်းကလေးမှာ မနက်ကနေ ညနေထိ တက်ရတဲ့ကျောင်းမို့ မကျက်တကျက် ထမင်းလေးကို ထမင်းဘူးလေးနှင့်ထည့်ကာ ကျောင်းကို ယူသွားခဲ့သည်။

မုန့်စားဆင်းချိန်ရောက်တော့ ကျောင်းရှေ့တွင် ထမင်းစားမည်အပြု သူနှင့်ရွယ်တူကောင်လေးတစ်ယောက် သူ့နားကို ရောက်လာပြီး သူ့ထမင်းတွေကို ကိုင်ကြည့်ကာ

"ဟာ… မင်းထမင်းတွေက ကျက်မှမကျက်တာ၊ ဒါတွေကို မင်းစားမလို့လား"

"အင်း"

"မင်းအမေက ဘယ်လိုချက်ပေးလိုက်တာလဲ မသိဘူး"

"ငါ့မှာ အမေမှမရှိတာ"

"ဟင်… ဒါဆို"

"ငါကိုယ်တိုင်ချက်ပြီး ယူလာတာ"

သူ့မျက်နှာကို စိတ်မကောင်းစွာနှင့်ကြည့်ပြီး သူ့ထမင်းဘူးလေးကို သူ့ရှေ့ကိုချပေးပြီး တစ်ယောက်တစ်ဝက်စားရန် ပြောခဲ့သောကိုလတ်နှင့် သူဟာ ထိုနေ့ကလေးမှစပြီး ငယ်သူငယ်ချင်းဘဝလေးကို ခိုင်မြဲစွာ ရောက်ခဲ့လေသည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်အမျက်ဒဏ်

မိုးကောင်းကင်ကြီးရယ်…
ဘာလို့ မင်း အငြိုးကြီးခဲ့သလဲ…
အကြင်နာတရားမဲ့တဲ့ လက်တွေနဲ့ ရက်စက်ခြင်း မီးလောင် တိုက်တွေကို ဖန်ဆင်းမွေးဖွားခဲ့တယ်…
ဘဝ… ဘဝတွေ…
အသက်… သက်တွေ…
မင်းနှုတ်ခမ်းဖျားပေါ်မှာ သေဆုံးနေလေပြီ။
မင်း ရယ်မောနိုင်ပြီလား…
မင်းရဲ့အောင်နိုင်မှုတွေကို ကျေနပ်နိုင်ပြီလား…
မင်းရဲ့အမုန်းတရားပေါ်မှာ မင်း ကျေနပ်နိုင်ပြီပေါ့။
အကြင်နာတရားမဲ့နေတဲ့ မင်းမျက်လုံးအိမ်ထဲမှာ ပုံရိပ်ထင် နေတဲ့ ဘဝတွေကို…
မင်း ခုတော့လည်း မေ့တော့မလို ဖြစ်ခဲ့ပြီပေါ့…
ကောင်းကင်ရယ်…

♥♥♥

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇

ခုတော့လည်း မိုးကောင်းကင်ကြီးက သူ ဘာမှမလုပ်ခဲ့သလို သာသာယာယာနှင့် ရှိနေသည်။

ဒါပေမယ့် သူနေထိုင်ခဲ့သော ရွာကြီးကတော့ အရင်လို ရွာကြီးရဲ့အရိပ်သဏ္ဌာန်တွေကို လုံးလုံးမတွေ့ရတော့ပေ။

ရေက ပြန်ပြီးကျသွားပေမယ့် ရေတက်စဉ်က သယ်ဆောင်လာသော အမှိုက်တွေ၊ ရွှံ့တွေနဲ့ တိရစ္ဆာန်အလောင်းတွေက မြင်မကောင်းအောင် ရှိနေကြပြီ။

သစ်ပင်ကြီးများရဲ့ ခါးလယ်က ပိုင်းပြတ်တာတွေ၊ အမြစ်မှ ကျွတ်ထွက်ပြီး လဲနေတာတွေက ရွာလမ်းဆိုတာ မရှိတော့ပေ။

ရွာထဲရှိအိမ်တွေပေါ်မှာ ပိနေတဲ့သစ်ပင်တွေ၊ ဘယ်လိုမှ ထူထောင်လို့မရတဲ့အိမ်တွေကို တွေ့နေရသလို ရေနဲ့အတူ မျော သွားပြီး ငုတ်တိုင်ကျန်နေတဲ့ အိမ်တွေကလည်း မနည်းပေ။

လယ်ကွင်းပြင်ကြီးကို ကြည့်လိုက်ရင် ပင်လယ်ပြင်ကြီးသို့ ရေတွေနဲ့ လွှမ်းမိုးခြင်းကို ခံနေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရွာရဲ့အမှာခံ ဘုန်းကြီးကျောင်းကြီးတောင် ကျောင်းမကြီးက လွဲပြီး ဘေးရှိ ဇရပ်၊ သိမ်တို့လည်း လုံးလုံးပျက်စီးသွားခဲ့ပြီ။

ရွာရဲ့စေတီကြီး တောင်ဘက်ခြသေ့ရုပ်ထုတွေ အုတ်အပိုင်းတွေက ဗုံးဒဏ်ထိမှန်သွားသလို တစ်စစီ ဖြစ်နေလေသည်။

ရွာမှာ သက်တမ်းအရင့်ဆုံး ညောင်ပင်ကြီးတောင် အမြစ်မှ ကျွတ်ထွက်ပြီး မြေခနေရှာလေပြီ မဟုတ်လား။

မိုးကောင်းကင်ကြီးက သူရက်စက်ခဲ့တာကို အတိတ်မေ့နေသလိုပင်။ ဘာမှမလုပ်ခဲ့သလို မျက်နှာပြောင်စွာဖြင့် ရှိနေသည်။

"ဝသုန်နောင်"

"ဟင်… ပျိုးအလကာ"

သူ လယ်ကွင်းပြင်ကြီးကို ကြေကွဲစွာဖြင့် ကြည့်နေစဉ် ပျိုးခေါ်လိုက်သောအသံကြောင့် ကြေကွဲခြင်းကို ခဏရပ်သိမ်းပြီး ပျိုးမျက်နှာလေးကို ကြည့်နေမိသည်။

ပျိုးတစ်ယောက် အိပ်ရေးပျက်လို့လား၊ စိတ်ခြောက်ခြားသွားလို့လားတော့ မသိပေ။ မျက်နှာလေး ချောင်ကျသွားသည်။

"နင် ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး၊ လယ်ကွင်းပြင်ကြီးကို ငေးနေတာပါ"

"ဝသုန်နောင်"

"နင် ဘာပြောချင်လဲပြောလေ"

"ငါတို့ရွာကြီးပျက်သွားပြီလို့ ပြောနေကြတယ်နော် ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်တယ် ပျိုးအလက်ာ"

"လူတွေတော်တော်များများ သေကြတယ်ဆို"

"သေသူနဲ့ပျောက်သူက ပိုပြီးများနေတယ်လေ"

"ဟို… အဖေနဲ့ ကိုလတ်ရော"

"ဟင်"

ပျိုး၏ ထိုအမေးကို သူ့နှုတ်ဖျားမှ ဘယ်လိုမှဖြေလို့မ နိုင်။ ပျိုးအဖေကိုတော့ ရွာသားတချို့ရဲ့အလောင်းတွေနဲ့ အတူမြှုပ် ခဲ့ပေမဲ့ ပျိုးကို ဖွင့်မပြောရသေးပေ။

"ငါမေးနေတာကို ဖြေလေ"

"ခုထိတော့ရှာလို့မတွေ့သေးဘူး"

"နင် ငါ့ကိုညာနေတာလား"

"ငါ မညာပါဘူးဟာ"

"သူတို့ အသက်ရှင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တယ် ပျိုးအလက်ာ၊ ဘာလို့လဲဆိုတော့ ဟိုဘ ကမ်းမှာနေထိုင်တဲ့ လူတချို့တောင် မြစ်ကြီးကိုကျော်ဖြ ပြီး ငါတို့ရွာမှာ အသက်ရှင်လျက်ရောက်နေကြသေးတ ပဲ၊ ကိုလတ်တို့၊ အဘလိုင်တို့လည်း တစ်နေရာရာ ရောက်ရင် ရောက်နေမှာပေါ့"

"ထားလိုက်ပါလေ၊ နင် နှစ်သိမ့်စကားကို ငါ ပြောလင့် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်သွားမလို့လဲ"

"နင့်အင်္ကျီကို လယ်ရေနဲ့သွားပြီးလျှော်ပေးမလို့"

"မဟုတ်တာ ပျိုးအလက်ာရယ်"

"ငါတို့နှစ်ယောက်မှာ ပိုင်ဆိုင်တာဆိုလို့ ဒီအင်္ကျီတစ်ထည်ပဲ ရှိတာ၊ လျှော်ပြီးလှန်းထားမှ ပြန်ပြီးဝတ်လို့ရမှာပေါ့"

"ကဲ… ငါသွားပြီးလျှော်မယ်၊ လယ်ရေက သိပ်ပြီး အခြေအနေကောင်းတာမဟုတ်ဘူး၊ အန္တရာယ်ရှိနိုင်တယ်၊ ပေး ပေး"

ပျိုးလက်ထဲက အင်္ကျီလေးကိုယူပြီး ထွက်လာတော့ ပျိုး နောက်ကနေ လိုက်လာသည်။

"မလိုက်နဲ့ ပျိုးအလက်ာ"

"ဝသုန်နောင်"

"ပြော"

"ငါ့ကို ပျိုးအလက်ာလို့မခေါ်နဲ့ဟာ၊ ပျိုးလို့ပဲခေါ်ပါ"

သူမထံမှ ကြားရသောစကားတို့သည် စစ်ရှုံးသူတစ် ယောက်ရဲ့စကားများလို ဖြစ်နေလေသလားဟု ထင်မိလိုက်သည်။

သူမအတွက် မုန်တိုင်းကြီးသည် မာနတွေကိုပါ တိုက်ခိုက် သွားပြီလား မသိပေ။

"ကောင်းပြီ ပျိုး၊ ဒီနားမှာနေခဲ့နော်၊ အပင်တွေက ညက လေဒဏ်ကြောင့် သိပ်ပြီးမခိုင်တော့ဘူး၊ ကျိုးကျနိုင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူ့စကားကို ပျိုး ခေါင်းညိတ်ပြီး ကျန်ရစ်ခဲ့သည်။

အကျီလေးကို လယ်ကွင်းရေဖြင့် ပွတ်သုပ်လျှော်ဖွပ်ပြီး ပြန်တက်လာခဲ့သည်။

"ဝသုန်ရယ်... ရေဆာလိုက်တာ"

အနီးပတ်ဝန်းကျင်ကိုကြည့်တော့ ဘာမှမတွေ့ရပေ။ ပျက်စီး နေသော အခင်းတစ်ခုပေါ်မှာတော့ ခါးမတစ်လက်ကိုသာတွေ့ ပြီး ကောက်ယူလိုက်သည်။

"ခဏလေးနော်"

ပျိုးကိုထားခဲ့ပြီး သစ်ပင်အကိုင်းများကြားကို ခါးမဖြင့် ခုတ် ထွင်ရှင်းလင်းပြီး ဝင်ခဲ့သည်။

မြေပြင်ပေါ်တွင် ကြွေကျနေသော အုန်းသီးတချို့နှင့် သရက်သီးအမှည့်တချို့ကို ကောက်ယူပြီး ပြန်ခဲ့တော့သည်။

"လောလောဆယ် ရေဆာပြေဖို့ အုန်းရည်သောက်ထား နော်"

သူမ ဘာမှမပြောဘဲ ခေါင်းကိုသာ ညိတ်ပြနေသည်။

အုန်းသီးအနုတစ်လုံးကိုခွဲပြီး ပျိုးကို လှမ်းပြီးပေးလိုက်သည်။

"နင်လည်း သောက်လေ"

"နင်အရင်သောက်ပါ၊ ငါ နောက်တစ်လုံးခွဲလိုက်မယ်"

ပျိုးတစ်ယောက် တကယ်ပင် ရေဆာနေမှန်း သိသည်။

သူခွဲပေးသော အုန်းရည်ကို အငမ်းမရသောက်နေသော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဗိုက်ဆာနေလား ပျိုး"

"ပထမတော့ ကြောက်စိတ်နဲ့ ဆာလို့ဆာမှန်းတောင် မသိပါဘူး၊ ခုတော့ ဗိုက်ထဲမှာ ဆာသလိုဖြစ်နေတယ်"

"ခုချိန်မှာတော့ စားစရာဆိုလို့ သရက်သီးပဲရှိတယ် ပျိုး၊ နင်စားမလား"

"ဒီဘဝ ဒီအခြေအနေရောက်မှတော့ ငါ ဘာကိုရွေးချယ်ရမှာလဲ၊ ငါ့ကို ကံကြမ္မာက ရွေးချယ်ပိုင်ခွင့်မပေးတော့ပါဘူး"

ပျိုးရင်ထဲက ထွက်ပေါ်လာသော အက်ကွဲစကားလေးတွေကြောင့် ရင်ထဲမကောင်းပေ။ ဒါပေမယ့် ပျိုးအတွက် သူ လုပ်ပေးနိုင်တာကတော့ ခုချိန်မှာ အကောင်းစား အစားအသောက်တွေ ရှာမပေးနိုင်ချေ။

လက်ထဲက သရက်သီးလေးကို စဉ့်အိုးကွဲထဲမှရေနှင့် သန့်စင်အောင် ဆေးကြောပြီး ခွဲစိတ်လိုက်သည်။

"စားကြည့်လေ"

ပျိုး သူလှမ်းပေးသော သရက်သီးစိတ်ကလေးကို ယူပြီး စားပြီးနောက်

"အရမ်းချိုနေတာပဲ၊ ဗိုက်ဆာနေလို့လားတော့ မသိဘူး၊ စားလို့ကောင်းတယ်"

ပျိုး စားလို့ကောင်းတယ်ဆိုတဲ့စကားကြောင့် သူ များစွာ



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားသည်။

"နှင်လည်းစားလေ"

"နှင် ဝအောင်စားပါ၊ ပြီးရင် ငါထပ်ပြီးသွားကောက်ရင် ရပါတယ်"

"ဝသုန်"

"ပျိုး"

"တို့တစ်ရွာလုံး ခုလိုအငတ်ဘေးကြုံရတော့မှာလား"

"ရေဘေး၊ လေဘေးကြောင့်မသေဘဲ အငတ်ဘေးကြောင့် သေရတဲ့အခြေအနေမျိုးတော့ အရောက်မခံပါဘူး၊ ဘုန်းကြီးကျောင်းမှာရှိတဲ့ ဆန်တွေကိုတော့ နေလှန်းပြီး အားလုံးစားနိုင်အောင်တော့ လုပ်နေကြပါပြီ၊ အနည်းဆုံး တော့ ဆန်ပြုတ်သောက်ပြီး အားမွေးရမှာပေါ့"

"ကယ်ဆယ်မယ့်သူတွေ မလာကြတော့ဘူးလား"

"လာတော့လာကြမှာပါ၊ ခုအခြေအနေက ရွာကိုလာတဲ့ လမ်းမကြီးက သစ်ပင်အကျိုးတွေနဲ့ လမ်းပိတ်ပြီး လာဖို့ ခက်နေတယ်လေ၊ ခုရွာလေးရွာပေါင်းပြီး ရှင်းနိုင်အောင် လူကြီးတွေ စီစဉ်နေကြပါတယ်"

"ကိုဝသုန်… ကိုဝသုန်"

"ဟာ… ထူးအောင်"

သူတို့နှစ်ယောက်ဆီကို ထူးအောင် အပြေးကလေး ထွက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ထူးအောင်"

"ဆန်ပြုတ်သောက်ရအောင် လာပြီးခေါ်တာပါ"

"အေး အေး… သွားကြရအောင် ပျိုး"

"အင်း"

"ဒါနဲ့ထူးအောင် မင်းတို့တစ်တွေ အခြေအနေသွားစုံစမ်းတာ ဘာထူးလဲ"

"ရွာလေးရွာလုံးတော့ ပျက်သွားပြီ ကိုဝသုန်"

"ဟင်"

"ဟယ်"

"အဆိုးဆုံးကတော့ ကမ်းပါးပဲ၊ အိမ်ခြေ (၇၀)လျှောက်ရှိတာ လူ (၂၄)ယောက်ပဲ ကျန်ခဲ့တယ်"

ကြားလိုက်ရတဲ့သတင်းက တကယ်ပင် တုန်လှုပ်စရာပင်။

"တော်ခရမ်းတို့၊ တောင်ကုန်းတို့က အသေအပျောက်အရမ်းများတယ်၊ ခုထိ တိတိကျကျ စာရင်းပြုစုလို့မရသေးဘူး"

"တို့ရွာက အခြေအနေကရော"

"ရွာက အယောက် (၄၀)ဝန်းကျင်လောက်တော့ရှိမယ် ကိုဝသုန်၊ အလောင်းရှာမတွေ့သေးတာတွေက များတယ်လေ"

"တကယ့်ကပ်ဆိုးကြီးပဲကွာ"

ပျိုးတစ်ယောက် ဘာစကားမှထွက်မလာခြင်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ဖြင့် လျှောက်လာနေတော့သည်။

"တကယ်ရှင်းနာဖို့ကောင်းတာက လယ်ထဲမှာနေထိုင်တဲ့ မိသားစုတွေပဲ ကိုဝသုန်၊ မိသားစုလိုက်ကို သေဆုံးကြတာ၊ ပြီးတော့ ရွာမှာလည်း ဘယ်ကမှန်းမသိတဲ့ အလောင်းတွေက တင်နေတယ်၊ ဒါတွေကိုတော့ ရှင်းဖို့လုပ်နေကြပါပြီ"

"တော်ပြီ ထူးအောင်၊ ဆက်ပြီးမပြောနဲ့တော့"

ပျိုးတစ်ယောက် စိတ်ခြောက်ခြားစေမှာမို့ ဆက်ပြီးတော့ မပြောနိုင်းတော့ပေ။

"ကံကြမ္မာရဲ့ရက်စက်မှုက တကယ်အငြိုးကြီးတယ်နော်"

"ဟုတ်တယ် ပျိုး၊ ခုရက်စက်မှုကြီးမှာ ဘယ်သူဘယ်ဝါ ဆိုတာကို ခွဲခြားပြီးရက်စက်တာ မဟုတ်ဘူး၊ အားလုံး တပြေးညီရက်စက်လိုက်တာပဲလေ"

"ဝသုန်ရယ်"

ပျိုးနှုတ်ဖျားမှ စကားသံ ဆက်ပြီးထွက်မလာတော့ဘဲ တိတ်ဆိတ်နေလေသည်။

ပျိုးရင်ထဲမှာ သူ့ကို ဘာဆက်ပြီးပြောနေချင်သလဲဆိုတာ ကို သိနေချင်ပေမယ့် မမေးရက်တော့ပေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၈ ◀

"ပျိုး… ဆန်ပြုတ်ကို ပူတုန်းသောက်လိုက်လေ"

"ဆန်ပြုတ်ကလေးက အုန်းနို့နံ့မွှေးနေတာပဲနော်"

"အင်း… လူအများစားဖို့ဆိုတော့ ဆန်ပြုတ်ပဲပြုတ်နိုင်တာ၊ ပြီးတော့ ဘယ်လိုအခြေအနေထိ ဆက်ပြီးရင်ဆိုင်ရမလဲမသိတော့ ခုလို ချွေတာပြီးစားသောက်နေကြရမှာလေ"

"ဒီလိုသာ ရက်ရှည်ရင်တော့ ဒုက္ခပါပဲဟာ"

"ရက်ရှည်ကြီးတော့ အဖြစ်မခံပါဘူး၊ အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကြမယ်ဆိုရင် လမ်းတွေပြန်ပြီးပွင့်သွားမှာပါ"

စကားပြောရင်း ဆန်ပြုတ်ကလေးကို ပျိုးသောက်လိုက်တာတကယ်ပင် ကုန်သွားသည်။

ယခင်က ရှာအစားအစာကို မက်မက်မောမော မစားတတ်တဲ့ ပျိုးတစ်ယောက် ဆန်ပြုတ်ကိုပင် အငမ်းမရသောက်နေတာကို မြင်ပြီး စိတ်မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတွင် ရွှေဘုံစံမင်းသမီးလေးလို့ သတ်မှတ်ထားတဲ့ ပျိုးကို ခုလို အိမ်နီမ့်စံဘဝမျိုးနှင့် တွေ့ရသည်ကို အတိုင်းအဆမဲ့ စိတ်ထိခိုက်ခဲ့လေသည်။

"ရော့… ထပ်ပြီးသောက်"

"အို… မဟုတ်တာ၊ နင်သောက်ပါ"

"ငါက သရက်သီးတွေစား၊ အုန်းသီးတွေစားနဲ့ ဗိုက်မဆာနိုင် တော့ဘူး၊ စားလိုက်ပါ ပျိုးရာ"

"ဝသုန်"

"ပျိုး"

"ငါအားပြတ်တာကို နင် ဖေးကူပြီး တွဲလို့ရနိုင်တယ်၊ နင် အားပြတ်သွားရင် ငါ ဘယ်လိုမှတွဲနိုင်မှာမဟုတ် ဘူး၊ ငါ အရိုးဆုံးဝန်ခံပါတယ်ဟာ၊ ငါ့ဘဝမှာ အားကိုး အားထားစရာ မရှိတော့ဘူးလေ။ နင်တစ်ယောက်ပဲ ရှိနေတာ၊ နင်လဲလို့မဖြစ်ဘူး"

ပျိုးစကားသည် သူ့ရင်ကို တုန်လှုပ်စေနေလေပြီ။

"ငါ တကယ်ဗိုက်ပြည့်နေတာပါ၊ ပြီးတော့ ငါက အစား အသောက်မရွေးတော့ သိပ်ပြီးပြဿနာမရှိဘူး၊ နင်က ငါ့လို ပေါက်ကရစားတတ်တာမှ မဟုတ်တာ၊ သောက် လိုက်ပါ"

"ဒါဆို နင်တစ်ဝက်သောက်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ပန်းကန်ထဲမှ ဆန်ပြုတ်ကို ပျိုးပန်းကန်ထဲသို့ တစ်ဝက် ထည့်ပေးလိုက်ပြီး နှစ်ယောက်အတူတူသောက်လိုက်သည်။

"ဝသုန်"

"ပြောလေ"

"ရွာထဲမှာ ရွာလမ်းရှင်းပြီးရင် အိမ်တွေပြန်ပြီး ဆောက်လို့ ရပြီဆို ဟုတ်လား"

"ဟုတ်တယ် ပျိုး၊ တချို့ဆိုရင် သူတို့အိမ်မြေကွက်တွေကို ရှင်းနေကြပြီလေ"

"ငါတို့ကရော ဘယ်မှာနေရမှာလဲ"

"ကိုယ့်အိမ်ကိုယ်ပြန်ပြီး နေမှာပေါ့"

"ဝသုန်ရယ်... အိမ်မှမရှိတော့တာ"

"ပျိုး"

"ဝသုန်"

"နင့်အတွက် ငါအိမ်ပြန်ပြီးဆောက်ပေးမှာပေါ့"

"ငါတစ်ယောက်တည်း မနေရဲဘူး"

"နင်ယုံကြည်ရင် နင့်ဘေးမှာ ငါရှိနေမှာပါ"

"ဝသုန်ရယ်... ငါ့အသက်ဟာ နင်ကယ်ခဲ့တာပါ၊ နင့်ကို မယုံကြည်စရာမရှိပါဘူး"

"ဒါဆို အိမ်နဲ့ပတ်သက်ပြီး နင်ဘာမှမပူပင်နေနဲ့၊ အရင်လို အိမ်ကောင်းကြီးမဟုတ်ပေမယ့် နင့်အတွက် အကောင်းဆုံး အိမ်ကလေးဖြစ်အောင် ငါ ဆောက်မှာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဝသုန်ရယ်"

"နင် ငါ့အပေါ်မှာ ဘယ်တော့မှကျေးဇူးတင်စကားမပြောနဲ့ ပျိုး"

"ကျေးဇူးတရားဆိုတာ မတင်လို့မရနိုင်တဲ့ကိစ္စပဲ"

"နင့်အတွက် ငါက ဘာပဲလုပ်ပေးရ လုပ်ပေးရ ငါ ကျေနပ်တယ်ဆိုတာကို နင်သိထားမယ်ဆိုရင် ကျေးဇူး စကားကို မဆိုနဲ့ ပျိုး"

"ကောင်းပြီလေ၊ လူတစ်ကိုယ်လုံးလည်း နံစော်နေတာပဲ၊ ရေချိုးချင်လိုက်တာ"

ပျိုးစကားကြောင့် ပျိုးမျက်နှာလေးကို ဂရုတစိုက်ကြည့်မိလိုက်သည်။ အရင်က မိတ်ကပ်ကို မျက်နှာကမချဘဲ နှုတ်ခမ်းနီ မပြတ် နေထိုင်ခဲ့သော ျိုး ခေါင်းမဖြီး အလှမပြင်နိုင်ဘဲ အဝတ် တစ်ထည်နှင့် တွေ့နေရသည်။

"လယ်ကွင်းရေချိုးမလား"

"လဲစရာမှမရှိတာ"

"ငါ ခေါ်လှမြင့်ဆီက ထမီတစ်ထည်သွားပြီးတောင်းမယ်၊ သူတို့က အဝတ်အစားတွေ သိပ်ပြီးပါမသွားဘူး"

"ဝသုန်ရယ်"

"နင် ဒီမှာ ခဏစောင့်နေနော်"

"ဝသုန်"

သူ့ကို ပျိုး လှမ်းပြီးခေါ်ပေမယ့် လက်ကရေးကာပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမြင့်ဆီကို အပြေးကလေး ထွက်လာခဲ့သည်။

"ဒေါ်လှမြင့်"

"ဘာလဲ ဝသုန်"

"ဟို... ဟို... ထမီငှားမလို့"

"ဟော... နင်က ထမီဝတ်ပြီးနေမလို့လား၊ မဟုတ်တာ ဟယ်... နင့်ဦးလေးပုဆိုးတွေရှိပါတယ်၊ ယူပြီးဝတ်ပါ"

"ကျွန်တော်ဝတ်ဖို့မဟုတ်ပါဘူး၊ ပျိုးဝတ်ဖို့"

"ဩော်... မသိပါဘူး၊ ငါက နင်ဝတ်မယ်မှတ်လို့၊ ရော့... အင်္ကျီပါယူသွား၊ ထမီ အင်္ကျီတွေကတော့ သူဌေးသမီးအကြိုက်တော့ မဟုတ်ဘူး၊ ငါ့မှာရှိတာကို ပေးရတာနော်"

"ဒေါ်လှမြင့်ရယ်၊ ခုချိန်မှာ ဆင်းရဲ ချမ်းသာဆိုတာ မရှိတော့ပါဘူး၊ အားလုံး တန်းတူဖြစ်နေကြပါပြီ၊ ဩော်... ဒါနဲ့ မောင်ဦးကလေးတွေ ပြန်ပြီးတွေ့ တယ်ဆို"

"ဟုတ်တယ်၊ ဒေါ်ပြုံးခြံထဲက ဝါးရုံမှာညှပ်နေတာ"

"သူ့အမေရော"

"သူ့အမေကတော့ မတွေ့သေးဘူး ဒေါ်လှမြင့်"

"ဘုရား... ဘုရား"

ဒေါ်လှမြင့်တစ်ယောက် ကြားရသောသတင်းများကြောင့် ဘုရားတပြီး ကျန်ရစ်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုး… ရော့၊ လူကြီးဝတ်တွေဆိုတော့ လိုက်တော့ လိုက်မှာမဟုတ်ဘူး"

"ငါပြောပြီးပြီပဲ ဝသုန်ရယ်၊ ခုချိန်မှာ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ အချိန်မဟုတ်ဘူးလေ၊ ဘဝရဲ့အလှတရားတောင် ပျက်သွားတော့မှ လူရဲ့အလှတရားဆိုတာ ဇာဖွဲ့လို့မရနိုင်တော့ပါဘူး"

မျိုးတစ်ယောက် တကယ်ပင် လောကကြီးကို အရှုံးနှင့် စတင်ပြီး ရင်ဆိုင်တော့မည်စိတ်အသွင်ကို ကူးပြောင်းနေလေပြီ။

"ငါ ဒီကပဲ စောင့်နေမယ်နော်"

"အင်း"

မျိုးနှင့် မလှမ်းမကမ်းတွင်ရှိနေသော သရက်ပင် အကိုင်းကြီးပေါ်တွင် ထိုင်၍ စောင့်နေလေသည်။

မျိုးတစ်ယောက်တော့ လယ်ကွင်းထဲဆင်းသွားကာ စိတ်တိုင်းကျ ရေချိုးနေလေတော့သည်။ ရေမှာ ပင်လယ်ရေတက်ထားသောကြောင့် ငန်ကျိကျိဖြစ်နေမှာ သေချာသည်။

"အား"

"ဟင်"

မျိုးအော်သံကြောင့် အနောက်ကိုလှည့်ကြည့်ပြီး မျိုးဆီသို့ အပြေးကလေး သွားလိုက်ရသည်။

"ဘာဖြစ်တာလဲ မျိုး"

"ခြေထောက်ခေါက်သွားလို့၊ အို… ဝသုန်… မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပျိုး ဗွားနေရင်းကြားမှ ပျိုးခြေထောက်လေးကို ကိုင်တွယ်ပြီး ဆွဲခါလိုက်၏။

"အမေ့"

"ခဏနေရင် သက်သာသွားမှာပါ၊ နင့်လက်ထဲက အဝတ်တွေကိုပေး"

"ဘာလုပ်မလို့လဲ ဝသုန်"

"ငါ ရေညှစ်ပြီး လှန်းပေးထားမလို့"

"မဟုတ်တာပါ"

"ခုချိန်မှာ မဟုတ်တာတွေ ဘာတွေ ပြောမနေနဲ့၊ ငရဲကြီးတာတွေ ဘာတွေ စဉ်းစားမနေနဲ့၊ နင်သာ ဒီမှာ ငြိမ်ငြိမ်လေး ထိုင်နေ"

"ဝသုန်ရယ်"

ပျိုးလက်ထဲမှ အဝတ်အစားတွေကိုယူပြီး ရေညှစ်ကာ ဝါးပင်အလဲများပေါ်မှာ လှန်းထားလိုက်လေသည်။

"ငါ့ကိုတွဲ၊ ကျောင်းပေါ်ရောက်မှ ပတ်တီးစည်းရမယ်"

"နင်လည်း ငါ့အတွက် ဝန်ထုပ်ကြီးဖြစ်နေပြီနော်"

"ပျိုးရယ်၊ အမှန်အတိုင်းပြောရရင် ကြေကွဲစရာ၊ စိတ်မကောင်းစရာတွေကြားက ကျေနပ်စရာတစ်ခုပါ"

"နင်ပြောတာကို ငါ နားမလည်ဘူး"

"ဒီလိုပါ၊ ခု ငါတို့ကြုံခဲ့ရတဲ့ မုန်တိုင်းကြောင့် ရွာတွေ၊ လူတွေ၊ တိရစ္ဆာန်တွေများစွာ ဆုံးရှုံးခဲ့ရလို့ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



စရာ၊ စိတ်ထိခိုက်စရာတွေ ကြုံရပေမယ့် ငယ်ငယ်လေး တည်းက ငါ့ကို အမုန်းကြီးမုန်းနေတဲ့ နင့်ဆီက အမုန်း တရားတွေ ရုပ်သိမ်းတာကိုမြင်ရတော့ ကျေနပ်မိခဲ့တာ ပါ''

''ဝသုန်''

''မျိုး''

''ငါ့ကိုခွင့်လွှတ်ပါဟာ''

''မျိုးရယ် ခွင့်လွှတ်စရာမလိုပါဘူး''

''ဘာလို့''

''ငါက ငယ်ငယ်လေးတည်းက နင့်အမုန်းတွေကို အပြစ် လို့မှ မမြင်ခဲ့တာပဲ''

''နင် ငါ့ကို ခွင့်လွှတ်နေမယ်ဆိုတာ ငါသိပါတယ်ဟာ''

''ဟင်... နင်က ဘယ်လိုသိတာလဲ''

''ကိုလတ်က နင် ငါ့အပေါ်မှာထားတဲ့စိတ်ထားကို အမြဲ ပြောတယ်လေ၊ ငါကသာ နင့်အကြောင်းပြောရင် ခါးခါးသီးသီးငြင်းခဲ့တာ၊ နင်နဲ့ငါ ခုလို သင့်မြတ်တာကို ကိုလတ်က အမြဲမြင်ချင်တာ၊ သူ့ကို မြင်စေချင်လိုက် တာဟာ''

''မြင်ရမှာပေါ့ဟာ''

''ဝသုန်ရယ်... ငါ ကလေးတစ်ယောက်မဟုတ်ပါဘူး၊ ခုလိုအခြေအနေမျိုးကို ငါ စဉ်းစားလို့ရပါတယ်၊ ကိုလတ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝထဲကို ပြန်လာဖို့ဆိုတာ အရမ်းအားနည်းတဲ့ မျှော်လင့်ချက်တစ်ခုပါဟာ"

အဖြစ်မှန်ကို သူ့နှုတ်ဖျားက ဖွင့်ပြောချင်ပေမယ့် ပြောထွက်ပေ။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ နင် ကိုလတ်ကို ရှာလို့မတွေ့ မချင်း ငါ မျှော်လင့်နေမှာပါ၊ အို… မူး… မူးတယ်"

"ပျိုး"

ပျိုး သူ့ကိုတွဲရင်း ဘေးသို့ယိမ်းကျသွားတာကြောင့် လက်မောင်းလေးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ရသည်။

"ဘာဖြစ်တာလဲ ပျိုး"

"ခေါင်းထဲမူးသွားတာပါ၊ ဘာမှမဖြစ်တော့ပါဘူး"

"နင် အရမ်းအားနည်းနေတယ် ထင်တယ်"

"ဟုတ်မယ် ဝသုန်"

အစားအသောက်၊ အနေအထိုင်တွေက ကျပ်တည်းတာကြောင့် ပျိုးတစ်ယောက် အားနည်းနေမှာ သေချာသည်။

ပျိုးအတွက် အေးအေးဆေးဆေး နားနေနိုင်အောင် အိမ်ကို အမြန်ဆုံးရအောင် သူဆောက်ရတော့မည်ဖြစ်သည်။

ဘုန်းကြီးကျောင်းတွင် ရက်ရှည်နေဖို့ဆိုတာ မသင့်တော့ ပေ။ နောက်ဖြန်ကစပြီး ပျိုးအတွက် အိမ်ဆောက်ရန် ဆုံးဖြတ်ချလိုက်လေသည်။

"ဟဲ့… ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှမြင့်က သူတို့နှစ်ယောက်ကို လှမ်းပြီးမေးလိုက်သဖြင့်

"ပျိုး ခြေထောက်ခေါက်လို့"

"ဩော်"

"ဒေါ်လှမြင့်ဆီမှာ ရှူဆေးတွေ ဘာတွေမရှိဘူးလား"

"ဘာလို့လဲ"

"ပျိုး ခေါင်းမူးနေလို့ဗျာ"

"အေး… ရှိတယ်၊ ပျိုးကို ငါ့နေရာမှာ အနားယူခိုင်းပါလား၊ အေးအေးဆေးဆေး နေလို့ရတယ်၊ ကျောင်းအပေါ်မှာဆိုတော့ နေရတာ ပျိုးအတွက်မကောင်းဘူးလေ"

"ကျေးဇူးပါပဲဗျာ"

ဒေါ်လှမြင့်တို့က ကျောင်းနောက်ဘက်အခန်းတွင် နေကြတာမို့ ပျိုးအတွက် အဆင်ပြေသွားသည်။

"ပျိုး… ဒီမှာ ခဏမှေးနေလိုက်နော်"

"အင်း"

ပျိုးကို နေရာချထားပြီးအပြင်သို့ထွက်လာစဉ်…

"ဝသုန်ရေ… ခဏ"

ဒေါ်လှမြင့် သူ့ကို လှမ်းပြီးခေါ်သဖြင့် အနားကို လျှောက်သွားခဲ့သည်။

"ဘာများလဲ ဒေါ်လှမြင့်"

"နင့်ကို ပျိုးနဲ့ပတ်သက်ပြီး ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်… ပျိုးနဲ့ပတ်သက်ပြီး ပြောပြစရာရှိလို့ ဟုတ်လား"

"ဟုတ်တယ် ဝသုန်၊ နင့်အချစ်ဆုံးသူငယ်ချင်း ကိုလတ် တစ်ယောက် ဆုံးသွားပြီဆိုတာ ငါသိပါတယ်"

"ဒေါ်လှမြင့်… ဒီကိစ္စ ပျိုးမသိပါစေနဲ့ဗျာ"

"ဝသုန်… နင် အမှန်တရားကို ဘယ်လောက်ထိ ဖုံးကွယ်နိုင်မှာလဲ"

"တဖြည်းဖြည်းတော့ ပြောရမှာပေါ့ဗျာ"

"အေး… ကိုလတ်သေတဲ့ကိစ္စကို နင် ထုတ်မပြောရင် ပျိုးအတွက် အရှက်တကွဲကိစ္စက ဖြစ်လာတော့မယ်"

"ဗျာ"

ဒေါ်လှမြင့်စကားကြောင့် ထိတ်လန့်သွားသည်။

"ဘာ… ဘာကိစ္စလဲ"

"ပျိုးမှာ ကိုယ်ဝန် (၂)လလောက်ရှိနေပြီ ဝသုန်"

"ခင်ဗျာ… ဒေါ်လှမြင့် ဘယ်လိုလုပ်ပြီးသိနေတာလဲ၊ သူများပြောတာဆိုရင်တော့ မဟုတ်နိုင်ဘူး"

"ဝသုန်… ငါက ကြားသတင်းနဲ့ နင့်ကိုပြောနေတာ မဟုတ်ဘူး၊ ငါကိုယ်တိုင်သိလို့ ပြောနေတာ၊ ငါ့ဆီကို ပျိုးရောက်လာပြီး ကိုယ်ဝန်ဖျက်ချဖို့ လာပြီးပြောသေးတယ်၊ ဒါကို ကိုလတ်သိသွားပြီး လုံးဝမလုပ်ရဘူးဆိုပြီး တားတာနဲ့ အစီအစဉ်ပျက်သွားတာ"

သူ့ကို ဖိုးလုံးပြောတုန်းက မယုံခဲ့ပေမယ့် ဒေါ်လှမြင့်


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ပြောသဖြင့် မယုံနိုင်အောင် ဖြစ်တော့သည်။

"ကိုလတ်က မရှိတော့ဘူးဆိုတော့ နင် ဘာဆက်လုပ်မလဲ ဝသုန်"

"ဒေါ်လှမြင့်"

"ပြော… ဝသုန်"

"ပျိုးကိစ္စကို ဘယ်သူမှမသိပါစေနဲ့ဗျာ"

"ဒီအတွက်စိတ်ချ ဝသုန်၊ ငါ့အလုပ်က လက်သည်အလုပ်၊ ဒီလိုသတင်းမျိုးတွေပေါ်မှာ သစ္စာမရှိလို့မရဘူး"

"ကျွန်တော် ပျိုးနဲ့ခွေးနွေးပြီးရင် ပျိုးကိုယ်ဝန်ကို တာဝန်ယူမှာပါ"

"အေးကွယ်… ဒါမှ သူငယ်ချင်းကောင်းပီသတာ"

ဒေါ်လှမြင့် သူ့နားက ထွက်သွားပေမယ့် သူကတော့ ကျောက်ရုပ်ကြီးပမာ သက်မဲ့နေလေပြီ။

ပျိုးအတွက် သူ့ဘဝကို စတေးခံပြီး စောင့်ရှောက်ရတော့မည်ဖြစ်သည်။ သူ အရှုံးတစ်ခုကိုလည်း ထပ်ပြီးရင်ဆိုင်ရဦးမည်ဖြစ်သည်။ ထိုအရှုံးကတော့… သူ၏နှလုံးသားအိမ်တွင် နေရာဝင်ယူခဲ့သော ကောင်မလေးတစ်ယောက်ကြောင့်ပင်။

သူ့အမည်က ကဗျာအိမ်… သူ့အပေါ်တွင် ကိုလတ်ပြီးရင် ဒုတိယနားလည်တတ်ဆုံး လူတစ်ယောက်ပင် မဟုတ်လား…

♥♥♥


www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၉

သူ့ဘဝတွင် ငယ်ပေါင်းသူငယ်ချင်းဖြစ်သူ ကိုလတ်တစ်ယောက် ရန်ကုန်ကျောင်းကို ပြောင်းသွားပြီးနောက် ရွာတွင် သူတစ်ယောက်တည်း ရှိနေသလို ခံစားခဲ့ရသည်။

ကိုလတ်ရဲ့အဒေါ်ဖြစ်သူတစ်ယောက်နှင့် ကိုလတ်တို့က ရန်ကုန်တွင် စီးပွားရေးလုပ်ကိုင်တာကြောင့် ကိုလတ်တို့မိသားစုအနေဖြင့် ရွာတွင် သိပ်ပြီးမနေကြတော့ပေ။

ထို့အပြင် ဖျိုးကိုလည်း ကိုလတ်နဲ့အတူ ရန်ကုန်သို့ ခေါ်ဆောင်သွားခဲ့ပြီး နေထိုင်စေခဲ့သည်။ ကိုလတ်နှင့်သူ နွေရာသီကျောင်းပိတ်ရက်တွင်သာ ပြန်ဆုံရတော့သည်။

ဒီလိုနဲ့ သူ အလယ်တန်းကျောင်းသားဘဝမှ အထက်တန်းကျောင်းသားဘဝကို ရောက်ခဲ့ပြီး သူတို့ရွာရဲ့ အရှေ့ဘက်ရှိတဲ့ ရမ်း အထက်တန်းကျောင်းကို စတင်ပြီးတက်တဲ့ အချိန်ကာလ ယခုကို ရောက်ခဲ့တော့သည်။

"ဟော့... ဟော့"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန် အိမ်ကိုအပြန် အနောက်မှ လှမ်းပြီးခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ သူနှင့်ရွယ်တူ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။

သူ့လိုပဲ ကျောင်းစိမ်းဝတ်စုံနှင့်မို့ တစ်ကျောင်းတည်းတက်နေသူဆိုတာကို သိပေမယ့် ဘယ်သူဘယ်ဝါဆိုတာကိုတော့ မသိပေ။

သူ့ဆီကို သူမ ပြုံးစစနှင့် လျှောက်လာသည်။

"ပြန်တော့မလို့လား"

"အင်း"

"တို့ကို တစ်ခုလောက်ကူညီပါလား"

"ဟင်… ဘာကူညီရမှာလဲ"

"ကူညီမယ်ဆိုရင် ပြောပြမယ်လေ"

"ကူညီတယ်ဆိုတာ အတိုင်းအတာရှိတယ်၊ ကူညီသင့်၊ မကူညီသင့်ဆိုတာ မင်းအကူအညီတောင်းတဲ့ပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ရမှာ"

"ရှင့်ကို စားပြတော့ မတိုက်နိုင်းပါဘူး"

"မင်းတိုက်နိုင်းလည်း ငါက တိုက်မှာမဟုတ်ဘူး"

"ရှင်က လူတစ်မျိုးပဲနော်"

သူမ သူ့ကို ခပ်ယဲ့ယဲ့ကလေးပြုံးပြီး ပြောနေသည်။

"မင်း တမင်လာပြောနေတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ တကယ်အကူအညီတောင်းမလို့ပါ"

"ဒါဆို ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ တွေ့လား"

သူမက အရှေ့ခပ်လှမ်းလှမ်းတွင် ထိုင်နေသော လူနှစ်ယောက်ကို လှမ်းပြီးပြလိုက်လေသည်။

"ငါက ဘာလုပ်ရမှာလဲ"

"သူတို့ရန်ကကာကွယ်ပေးဖို့ပါ"

"မင်းက ငါ့ကို 'လူမိုက်ငှားနေတာလား"

"ဒီလိုသဘောမထားပါနဲ့၊ တစ်ကျောင်းတည်း စာသင်နေကြတဲ့ သူအချင်းချင်း ရိုင်းပင်းကူညီမှုကတော့ ရှိရမှာပေါ့"

"မင်းနဲ့သူတို့က ဘယ်လိုပတ်သက်မှန်း ငါမှမသိတာ၊ ငါက ရမ်းပြီးကူညီလို့ဖြစ်မလား"

"သူတို့က ငါနဲ့ ဘာမှမပတ်သက်ဘူး"

"ဒါက မင်းအပြောကိုး"

"ရှင့်မှာ လူသားအချင်းချင်း ကူညီရိုင်းပင်းလိုစိတ်ကင်းမဲ့လှချေလား"

သူမရဲ့စွပ်စွဲချက်က ပြင်းပြင်းထန်ထန်တော့ ရှိလှသည်။ သူ့အနေဖြင့် ရှောင်လွဲသွားဖို့တော့ မသင့်ဘူးဆိုတာကို သိနေလေပြီ။

"မင်းကို သူတို့က ဘာလိုက်ပြီးလုပ်လို့လဲ"

"ဘာလိုက်ပြီးလုပ်ရမလဲ၊ ရည်းစားစကားလိုက်ပြောတာ"

"ဟော… ဒါများကွာ၊ မင်းမချစ်နိုင်ရင် မချစ်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပေါ့"

"ပြောတာပဲ၊ ရမှမရတာ၊ အတင်းပဲ တောက်တဲ့လိုက်ပနေတာ"

"ကဲ... ငါက မင်းကို ဘယ်လိုပုံစံမျိုးနဲ့ကူညီရမှာလဲ၊ ပြော"

"ရှင်နဲ့အတူ အိမ်ကိုပြန်ချင်တယ်"

"ငါက လိုက်ပို့ပေးရမယ် ဆိုပါတော့"

"အင်း"

"ကောင်းပြီ၊ သွားကြတာပေါ့"

တစ်ယောက်နှင့်တစ်ယောက် ပြေလည်မှုကို ရသွားပြီဖြစ်တာကြောင့် နှစ်ယောက်အတူ လျှောက်လာခဲ့ကြစဉ်...

"အိမ်... ခဏနေပါဦး"

"မင်းသူ၊ နင်နော်"

မင်းသူဆိုတဲ့ကောင်က သူတို့နှစ်ယောက်ကို ကျော်တက်ပြီး ရှေ့ကနေ ပိတ်ပြီးရပ်နေသဖြင့်...

"လမ်းဖယ်ကွာ"

"ဟော့ကောင်... မင်းနဲ့မဆိုင်ရင် ပါးစပ်ပိတ်နေ"

"ဘာလို့မဆိုင်ရမှာလဲ၊ ငါတို့က တစ်ကျောင်းတည်းတက်နေတဲ့ သူငယ်ချင်းတွေကွ"

"မင်းက လူစွမ်းကောင်းလုပ်ချင်တာလား"

"ထင်ချင်သလိုထင်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသူ့ဘက်က စကားမှာကျော့ကျော့ပြောတာကြောင့် သူ့ဘက်ကလည်း လျှော့ပြီးမပြောချင်တော့ပေ။

"မင်းသူ ဘာကောင်လဲဆိုတာ မသိဘူးထင်တယ်"

"မင်းဘာကောင်ဖြစ်ဖြစ် ငါ့ကိစ္စမဟုတ်ဘူး"

"တော်ခရမ်းမှာ မင်းသူဆိုရင် ခွေးတောင်မဟောင်ရဲဘူးကွ၊ မှတ်ထား"

"မင်းလို ခွေးထက်ပိုပြီး မမိုက်ရဲဘူး"

"ဘာကွ၊ မြွေပွေး... ချကွာ"

မင်းသူက မြွေပွေးဆိုတဲ့ကောင်ကို အသံပေးပြီး ချခိုင်းသဖြင့် ပုတက်တက်ကောင်က ဝင်ပြီးထိုးတာကြောင့် အသာရှောင်ပြီး ချက်နှာကို လက်ဝါးနှင့်ရိုက်ချလိုက်သည်။

"အမလေးဗျ"

"ဩော်... မင်းက ဒီလိုလား၊ ကဲ..."

မင်းသူက ပြေးပြီးဝင်ထိုးတာကြောင့် လက်ကိုဖမ်းဆုပ်ပြီး ညှိမ်ထားလိုက်သည်။

"အား... ကျိုးပါပြီ"

"ဘယ်လိုလဲ၊ တော်ခရမ်းလူမိုက်ကြီး"

"ဟော့ကောင်... လွှတ်ကွာ"

"မလွှတ်နိုင်ဘူး၊ မင်းကို ရပ်ကွက်လူကြီးရုံးကို ပို့မယ်"

"ဟာ... မလုပ်ပါနဲ့"

"ဘာ... ခုမှမပို့ပါနဲ့လဲ၊ နင် ငါ့ကိုလိုက်ပြီးနှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



နေတာကြာပြီ"

"နောက်မလုပ်တော့ပါဘူးဟာ"

"နင့်စကားကို မယုံဘူး"

"ငါ တကယ်ပြောတာပါ၊ အား… ကျွတ်… ကျွတ်… ကျိုးတော့မယ်"

"ကဲ… အမိ၊ ကျုပ် ဘာဆက်ပြီးလုပ်ရမှာလဲ"

"လွှတ်ပေးလိုက်၊ နောက်တစ်ခါဆိုရင်တော့ နင့်လက် အကျိုးပဲမှတ်၊ ဟင်း"

သူမက အောင်နိုင်သူလေသံဖြင့် ပြောနေလေသည်။

တကယ်တမ်း ထိပ်တိုက်တွေ့နေရတာက သူ… သူမက ဘေးကနေရပ်ကြည့်ပြီး လူတွင်ကျယ်လုပ်နေခြင်းဖြစ်သည်။

မင်းသူနဲ့မြေပွေး သူတို့နားက ထွက်သွားပြီးနောက်…

"ကဲ… မင်း စိတ်ချစွာ ပြန်လို့ရပြီ"

"နင်ကလည်း နေပါဦးဟ"

"ဘာကိစ္စတွေရှိသေးလို့လဲ"

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ဝသုန်နောင်"

"နာမည်က အနုပညာဆန်တယ်"

"ကဲ… သိပြီးပြီ မဟုတ်လား၊ ငါ သွားတော့မယ်"

"ဟယ်… နင်ကလည်း ငါ့နာမည်ကို မမေးတော့ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် စိတ်အိုက်စရာကောင်းသော သူမပင်။

"မင်းနာမည်က ဘယ်လိုခေါ်လဲ"

"ကဗျာအိမ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

ဥပုသ်နေ့တိုင်း ကျောင်းကနေ ကျောင်းနားရှိဘုရားတွင် သန့်ရှင်းရေး သွားလုပ်ကြရသည်။

တစ်ပတ်ကို အလှည့်ကျစနစ်ဖြင့် သွားရတာကြောင့် ဒီနေ့ သူတို့အတန်းနှင့် တခြားအတန်းအားလုံး ဘုရားတွင် သန့်ရှင်းရေး လုပ်နေခဲ့ကြရသည်။

သူနှင့် တခြားကျောင်းသားသုံးယောက်က ဘုရားအနောက်ဘက် နဂါးရုံဘုရားရှေ့တွင်ရှိသော မြက်ပင်များနှင့် အခြားအပင်များကို ရှင်းနေစဉ်…

"ဟေ့… ဟေ့"

သူတို့အနောက်ဘက်မှ ခေါ်သံကိုကြားနေပေမယ့် ဘယ်သူ့ကို ခေါ်မှန်းမသိတာကြောင့် လှည့်မကြည့်ဘဲ ကိုယ်လုပ်ရမယ့် အလုပ်ကို ဆက်ပြီးလုပ်နေသည်။

"ဝသုန်"

"ဘာလဲ ကိုရဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ခေါ်နေတာ"

ကိုရဲ့အပြောကြောင့် နောက်ကိုလှည့်ကြည့်လိုက်တော့ ကဗျာ အိမ်ကို တွေ့မြင်လိုက်သည်။ သူ့ကို လက်ကလေးယမ်းပြီးတော့ လှမ်းခေါ်နေလေသည်။

"သွားလေကွာ"

ကိုရဲမှ သူ့ကိုတွန်းပြီးလွှတ်လိုက်သဖြင့် ထွက်လာခဲ့တော့ သည်။ ဘာတွေ ဒုက္ခပေးဦးမလဲ မသိပေ။

သူမနားသို့ရောက်တော့...

"ကဲ... ဒီမှာထိုင်ဦး"

သူမက သူ့ကို အမိန့်ပေးသောလေသံဖြင့် ထိုင်ခိုင်းတာ ကြောင့်...

"ငါ မင်းနားမှာထိုင်ဖို့ အချိန်မရှိဘူး၊ ခုလာကြတာ အပျော် ခရီးထွက်လာတာ မဟုတ်ဘူး၊ ဘုရားသန့်ရှင်းရေးလာ တာ"

"နင် သိပ်ပြီးကြီးကျယ်တာပဲ"

"ဒါ ကြီးကျယ်တာမဟုတ်ဘူး၊ တခြားကျောင်းသားတွေ က အလုပ်လုပ်နေပြီး ငါတို့က ထိုင်နေလို့သင့်မလား"

"ခဏလေးပါဟယ်"

"ဘာကိစ္စလဲ ပြော"

"ကိစ္စကတော့ ထပ်ပြီးအကူအညီတောင်းမလို့ပါ"

"လုပ်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါနောက်ဆုံးပါ ဝသုန်ရယ်"

"နှင့်ကြောင့် တစ်ရွာလုံးနဲ့ရန်ဖြစ်ရမည့်ကိန်းဆိုက်နေပြီနော်၊ ငါ ရန်မဖြစ်ချင်ဘူးဟာ၊ အေးအေးဆေးဆေး စာသင်ပါရစေ"

"နှင်ကလည်း တစ်ခါလောက် ငါ့အတွက် ရန်ဖြစ်ရတာနဲ့ အမြဲတမ်းရန်ဖြစ်ရမှာကျနေတာပဲ"

"ခုရန်ဖြစ်တဲ့ကိစ္စ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ နှင်အမည်ခံပေးဖို့ပါ"

"ဘာ... အမည်ခံပေးရမယ် ဟုတ်လား"

"အင်း"

သူမရဲ့ အရှုပ်တော်ပုံထဲတွင် သူ ရောက်ရတော့မည်ဖြစ်သည်။

"ရှုပ်ရှုပ်ယှက်ယှက်တွေ ငါမလုပ်ပါရစေနဲ့ဟာ"

"ရှုပ်ရှုပ်ယှက်ယှက်မဟုတ်ပါဘူး၊ ရှင်းရှင်းကြီးလုပ်ရမှာ"

"ဘာလုပ်ပေးရမလဲ ပြော"

"ဟို... ငါ့ရည်းစားအဖြစ် အမည်ခံပေးဖို့"

"ဘာ"

သူမစကားကြောင့် မျက်လုံးပြူးပြီး သူမကို စိုက်ကြည့်မိသည်။

"ဘာဖြစ်တာလဲဟ၊ ငါ့ရည်းစားအဖြစ် အမည်ခံတာနှင့် မိုးကြိုးပစ်ချလိုက်တာများ မှတ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာအိမ်... နင် ဘာတွေလာပြီးပြောနေတာလဲ၊ နင့်ရည်းစားအဖြစ် ငါက အမည်ခံပြီးတော့ ဘာလုပ်ရမှာလဲဟ"

"ဒီလိုဟ၊ ငါ့ကို အဖြေတောင်းတဲ့လူတစ်ယောက်ရှိတယ်၊ အဲဒီလူကို ငါက ငါ့မှာရည်းစားရှိတယ်ဆိုပြီး ပြောထားလို့"

"နင့်မှာ မချစ်နိုင်ရင် မချစ်နိုင်ဘူးပြောလိုက်ရင် ကိစ္စကပြီးနေပြီပဲ၊ ဓာတ်လမ်းကရှုပ်လို့"

"ပြင်းလို့မရလို့ပေါ့ဟ"

"တကယ်ခေါင်းနောက်ရမဲ့ကိစ္စပဲ"

"ဒီတစ်ခါ နောက်ဆုံးအနေနဲ့ ကူညီပါဟာ၊ နင့်ကျေးဇူးကို မမေ့ပါဘူး"

သူမမျက်နှာလေး ညှိုးငယ်စွာဖြင့် ပြောနေတော့လည်း စိတ်ထဲမှာ သနားမိသလို ဖြစ်သွားမိသည်။

"ငါက ဘယ်လိုကူညီရမှာလဲဆိုတာ ပြော"

"မနက်ဖြန် ဒီလူကို ချိန်းထားတယ်"

"အင်း"

"ချိန်းထားရတာကလည်း ငါ့မှာရည်းစားရှိတယ်ဆိုတာကို လက်တွေ့မြင်ရအောင် ချိန်းထားတာ၊ ဒီတော့ နင်က ငါနဲ့အတူ နေပေးဖို့ပဲ"

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီပါ သူငယ်ချင်းရာ၊ နောက်ဆို ဒီလိုကိစ္စမျိုး ငါ အကူအညီမတောင်းတော့ပါဘူး"

မျက်နှာလေး ညှိုးငယ်စွာဖြင့် ပြောနေသောကြောင့်

"ကောင်းပြီ၊ လာရမဲ့နေရာကို ပြော"

"ဘုရားသုံးဆယ်ကို မနက် (၉)နာရီလောက် လာခဲ့နော်"

"ကောင်းပြီ၊ ဒါပဲလား"

"ဒါပါပဲ၊ ရော့"

သူမက သူ့ကို ချောကလက်တောင့်ကလေးကို လှမ်းပြီး ပေးလိုက်သည်။

"တောသားနဲ့ ချောကလက်က တခြားစီပဲဟာ၊ မစားပါရစေနဲ့"

"စားလိုက်ပါ၊ ငါက နင့်ကို စားစေချင်လို့"

သူမစေတနာကို မငြင်းချင်တာကြောင့် ချောကလက်ကလေးကို လှမ်းယူပြီးထွက်စဉ်...

"ဆက်ဆက်လာခဲ့နော်"

"စိတ်ချ၊ ငါက မလုပ်ပေးချင်ရင် မလုပ်နိုင်ဘူးလို့ ပြောခဲ့မှာ၊ လုပ်ပေးမယ်ဆိုရင် ကတိပျက်တတ်တဲ့လူမျိုး မဟုတ်ဘူး"

"ကောင်းပါပြီရှင်"

သူမကို ကျော်ခိုင်းပြီးထွက်လာစဉ် စိတ်ထဲတွင် ဝေဒနာ တစ်စုံကို ခံစားလိုက်ရသလိုပင်...



www.burmeseclassic.com

www.burmeseclassic.com



ထိုဝေဒနာကတော့ လူတစ်ယောက်တွင် ချစ်ခြင်းတရား ဆိုတာပင် ဖြစ်သည်။ အချစ်ဆိုတာကို မေ့လျော့သလို နေထိုင်ခဲ့သော သူ့ဘဝတွင် အချစ်ဆိုတာကို ခံစားမိလာသလိုပင်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

သူ ဘုရားသုံးဆယ်ဘက်သို့ရောက်တော့ သူမအရိပ်အယောင်ကိုပင် မတွေ့ရတာကြောင့် စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ သူမ သူ့ကို တမင်ရှောင်ခဲ့ခြင်းလား...

ထိုသို့လုပ်ခဲ့ရင်တော့ သူမနှင့် သူ့ကြားတွင် စိတ်နာစရာအကြောင်းတွေ ဖြစ်ပေါ်လာနိုင်သည်။

"ကလင်... ကလင်"

စက်ဘီးဘဲလ်သံကြောင့် ကြည့်လိုက်တော့ သူမ စက်ဘီးကလေးကိုနင်းပြီး ဘုရားထဲသို့ ဝင်လာနေတာကို တွေ့လိုက်သည်။

သူမ်ကို ကျောင်းဝတ်စုံနှင့်သာ တွေ့ဖူး၊ မြင်ဖူးနေတာကြောင့် ခုလို အပြင်အဝတ်အစားနှင့် တွေ့လိုက်ရတော့ သူမအလှသည် ပိုပြီးတော့ ပေါ်လွင်နေသယောင်ပင် ရှိနေသည်။

သူမအလှသည် တကယ်ပင် ပြိုင်ဘက်ကင်းလောက်အောင် လှသောအလှတွေကို ပိုင်ဆိုင်ထားသူတစ်ဦးပင် ဖြစ်သည်။

ဒါကြောင့်လည်း သူမဘေးတွင် ယောက်ျားလေးတော်တော်များများ ရှိနေပြီး ချစ်ခွင့်ပန်နေကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု သူမဝတ်လာသော ငုဝါရောင် တီရှပ်ကလေးနှင့် ဂျင်းစကတ်သည် သူမ သာမန်ဝတ်ဆင်မှုကလေးသာ ဖြစ်ပေမယ့် ခွဲမက်ဖွယ်ကောင်းအောင် လှနေသည်။

သူမအလှတရားများပေါ်တွင် ရင်ခုန်သလိုရှိနေပေမယ့် သူ၏နှလုံးသားသည် ရင်ခုန်ခြင်းတော့ ကင်းမဲ့နေတာ အမှန်ပင် ဖြစ်သည်။

သူမအလှသည် သူ၏နှလုံးသားကို ဖမ်းစားနိုင်ခြင်းတော့ မရှိသည်မှာ အမှန်။ သူ့ရှေ့ မလှမ်းမကမ်းတွင် စက်ဘီးကလေး ရပ်ပြီး သူ့ဆီကိုတွန်း၍ လာနေလေသည်။

"စောင့်နေတာ ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး"

"ဆောရီးနော်၊ အိမ်က ဒေါ်လေးအလစ်ကို စောင့်နေရလို့ ကြာသွားတယ်"

"ရပါတယ်"

နှစ်ယောက်သား ဘုရားဝန်းထဲက ဇရပ်ဆောင်ပေါ်တွင် သူမက သူ၏ဘေးတွင် နီးကပ်စွာထိုင်လိုက်တာကြောင့် နှစ်ယောက် ခုံးချင်း ထိတွေ့သွားတဲ့အပြင် သူမထံမှ သနပ်ခါးရနံ့ကလေးက တိုးဝင်လာသည်။

"မင်းပြောတဲ့လူ့ မလာသေးဘူးလား"

"လာခါနီးပါပြီ၊ ဝသုန်ကို မေးရဦးမယ်"

"ဘာကိုမေးချင်တာလဲ၊ ကျောင်းစာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ… ကျောင်းစာကို သူများကိုမေးရတဲ့သူများ မှတ်နေလား၊ ဝေးသေး"

"ဒါဖြင့် ဘာကိုမေးမှာလဲ"

"ဦးဆုံးမေးချင်တာက ဝသုန့်အကြောင်း"

"ငါ့အကြောင်း… ဟုတ်လား"

"ဟုတ်တယ်"

"ငါ့ဘဝက စိတ်ဝင်စားဖို့မကောင်းပါဘူး"

"စိတ်ဝင်စားစရာ မကောင်းတာထက် သိချင်တာက တခြားစီပဲ၊ ပြောပြပါလား"

"ငါ့ဘဝအကြောင်းက မင်းအတွက် အရေးပါမှာမို့လို့လား"

"သူငယ်ချင်းတစ်ယောက်ရဲ့ဘဝဆိုတာ သိထားရမယ်လေ"

သူမနှုတ်ဖျားမှ သူငယ်ချင်းဆိုသော စကားလေးက သူ့ရင်ကို အရည်ပျော်စေခဲ့တာတော့ အမှန်ပင်။

သူ့ကိုယ်သူလည်း ပြန်ပြီးမေးမိသည်။ ကဗျာအိမ်နှင့်သူက သူငယ်ချင်းတွေလား။ အဖြေကတော့ တိတိကျကျမဟုတ်ပေမဲ့ သူ့ရင်ကတော့ လက်ခံသလိုပင် ရှိနေသည်။

"ပြောပြမှာလား"

"ငါ့မှာ အမေမရှိဘူး၊ အဖေတစ်ယောက်ပဲ ရှိတယ်"

"အမေက ဘယ်ရောက်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါငယ်ငယ်တည်းက ဆုံးသွားတာ"

"ဟယ်… မောင်နှမတွေရော"

"မရှိဘူး၊ အမေက ငါ့ကို လူ့လောကကြီးထဲမှာ တစ်ယောက်တည်း မွေးခဲ့တာ"

"နင့်အဖေက ဘာလုပ်လဲ"

"သူများအိမ်မှာ လယ်စာရင်းငှားလုပ်တယ်"

"နင့်မှာ သူငယ်ချင်းဆိုတာ မရှိဘူးလား"

"ရှိတယ်၊ ကိုလတ်တဲ့၊ မြို့မှာ ကျောင်းတက်နေတယ်၊ ထပ်ပြီး ဘာသိချင်သေးလဲ"

"ဟဲ ဟဲ… မေးရမှာ အားတော့နာတယ်"

သူမမျက်နှာလေး မချိုမချဉ်နှင့် ကြည့်နေလေသည်။

"ဘာကို အားနာတာလဲ"

"နင့်မှာ ရည်းစားရှိလား"

"ဟင်"

သူမအမေးကြောင့် ပြုံးမိလိုက်သည်။

"နင် ဘာကိုပြုံးတာလဲ"

"နင်မေးတာကို သဘောကျလို့ပါ"

"ငါ့စကားက ဘာသဘောကျစရာရှိလို့လဲ၊ ရိုးရိုးစင်းစင်းကြီးပဲဟာ"

"အဲဒီရိုးရိုးစင်းစင်းကြီးက ရယ်စရာဖြစ်နေတာပေါ့"

"ရှိရင်ရှိတယ်၊ မရှိရင် မရှိဘူးပဲပြောရမှာ၊ ဘာကို ရယ်



www.burmeseclassic.com

www.burmeseclassic.com



စရာ ဖြစ်ရတာလဲ"

"ရည်းစားဆိုတဲ့အရာကို နင်ပြောမှ သတိထားမိတာ"

"အဲဒါတော့ ပိုပြီ"

"မရှိဘူး၊ တကယ်ပြောတာ၊ ငါ့ဘဝမှာ ခုချိန်ထိ ရင်ခုန်စရာအကြောင်းတွေကို စဉ်းစားမိတာ တစ်ခါမှမရှိခဲ့ဘူး"

"နင် အကြိုက်မတွေ့သေးလို့နေမှာပေါ့"

"အင်း... ဖြစ်နိုင်ပါတယ်"

"နင့်မှာ ရည်းစားမရှိဘူးပေါ့"

"ရော... ခက်ပြန်ပြီ၊ ဒီလောက်ပြောနေတာတောင် ရည်းစားရှိလားလို့ မေးနေသေးတယ်"

"နင့်နှုတ်ဖျားက ရှိတယ် မရှိဘူးဆိုတာပဲ ပြောလေ"

"ကဲ... အမိရေ မရှိဘူး"

"အိုကေ... ဒါဆို ပြဿနာမရှိဘူး"

"ဘာပြဿနာလဲ"

"တော်ကြာ နင့်မှာ ရည်းစားရှိရင် ငါနဲ့ ပြဿနာတက်နေမှာကို ပြောတာ"

"ငါ့မှာ ရည်းစားရှိခဲ့ရင်လည်း ငါက ကူညီမှာမဟုတ်ဘူး"

"ဘာလို့"

"ကိုယ့်ချစ်သူ စိတ်ထိခိုက်စေမယ့် အလုပ်မျိုး မလုပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အလဲ့… နင်ကလည်း အဟုတ်ကြီးပဲ"

သူမက ခေါင်းကလေးပုပြီး ရယ်နေလေတော့သည်။

"ငါ့အကြောင်းတော့ နင်ကမေးပြီးပြီဆိုတော့ နင့်အကြောင်း ကိုလည်း ပြောဦး"

"နင်က စိတ်ဝင်စားလို့လား"

"စိတ်ဝင်စားခြင်းထက် သိချင်လို့"

"သိရုံသက်သက်နဲ့တော့ လူတစ်ယောက်ရဲ့ဘဝကို မပြော ချင်ဘူး၊ စိတ်ဝင်စားမှ ပြောချင်တာ"

"သိရုံသက်သက်က ဘာဖြစ်လို့လဲ"

"ငါ စာအုပ်တစ်အုပ်မှ ဖတ်ဖူးတယ်၊ ကိုယ့်ဘဝကို သာမန်လူတွေရဲ့ နားထဲကို ဘယ်တော့မှမပြောရဘူးတဲ့၊ ကိုယ့်ဘဝကို ရင်ထဲသိမ်းမဲ့သူတွေရဲ့ ရင်ထဲကိုရောက် စေမှပြောတဲ့၊ နင်က နားနဲ့နားထောင်မှာလား၊ ရင်နဲ့နား ထောင်မှာလား"

"နင်က ဘာနဲ့နားထောင်စေချင်လဲ"

"ရင်နဲ့"

"ဒါဆိုလည်း ငါ ရင်နဲ့နားထောင်ပေးမယ်"

"တကယ်နော်"

"တကယ်ပါ"

"ငါက ဒီရွာက မဟုတ်ဘူး၊ မြို့က…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မြို့ကနေပြီး ဘာလို့ ရွာမှာကျောင်းလာတက်တာလဲ"

"ပြောရရင် မိဘတွေကြောင့်လို့ ဆိုရမှာပေါ့"

"မိဘတွေကြောင့်"

"ဟုတ်တယ်၊ ငါ့ဒယ်ဒီနဲ့ မာမီက ကွဲသွားကြပြီး အိမ်ထောင်ကိုယ်စီ ပြုခဲ့ကြတယ်လေ"

"ဩော်"

"ငါက ပထွေးဆီမှာလည်း မနေချင်ဘူး၊ မိထွေးဆီမှာလည်း မနေချင်တာနဲ့ ဒီရွာက အမေ့အစ်မ ကြီးကြီးဆီလာပြီးနေတာ၊ ကြီးကြီးက အပျိုကြီး၊ ပြီးတော့ ငါ့ကိုအရမ်းချစ်တာ၊ ဒါကြောင့် ဒီရွာကိုရောက်ခဲ့ရတာ"

"မောင်နှမတွေ မရှိဘူးလား"

"ဒါတော့ နင်နဲ့တူတယ်၊ ငါ့ကိုလည်း အမေက တစ်ယောက်တည်း မွေးထားတာ"

"နင်က တစ်သက်လုံး ဒီမှာနေမှာလား"

"မနေပါဘူး၊ ရန်ကုန်မှာ ငါ့အတွက် အိမ်တစ်လုံးသပ်သပ်ရှိတယ်၊ ကြီးကြီးက ဒီနှစ်ကုန်ရင် ရွာကအိမ်ကိုရောင်းပြီး မြို့မှာပြောင်းနေမှာလေ၊ ဆယ်တန်းတော့ ဒီကျောင်းကနေ ဖြေမှာ"

"အင်း… နင်နဲ့ငါက ခဏတာ ဆုံကြရတာပေါ့"

"ဝသုန်ရယ်… နင်နဲ့ငါ ခဏလေးဆုံရပေမယ့် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ငယ်ငယ်လေးတည်းက ခင်ခဲ့ရတဲ့ သူငယ်ချင်းတစ်ယောက်လို သံယောဇဉ်ရှိတယ်ဆိုတာ နင်ယုံပါ၊ နင်ရော"

"နင့်လိုပါပဲလေ"

"ဒါဆို တို့နှစ်ယောက်က အရမ်းခင်တဲ့သူငယ်ချင်းတွေပေါ့နော်"

"အင်း… နင့်ကို ထပ်ပြီးမေးရဦးမယ်"

"ဘာမေးမှာလဲ၊ မေးလေ"

"နင့်မှာရော ရည်းစားရှိလား"

"ဟင့်အင်း"

"နင်ညာပြန်ပြီ"

"ဘုရားစူး… မိုးကြိုးပစ်"

သူမ ကလေးတစ်ယောက်လို ကျိန်တွယ်ပြီး ပြောနေလေသည်။

"ဘာလဲ… ကြိုက်တဲ့သူ ရှာမတွေ့သေးတာလား"

"ဒါလည်းပါတယ်၊ ပြီးတော့ ငါက ရည်ရွယ်ချက်ရှိတယ်"

"ဘာရည်ရွယ်ချက်လဲ"

"ငါက ဆရာဝန် အရမ်းဖြစ်ချင်တာ"

"တကယ်လို့ ဆရာဝန်မဖြစ်ခဲ့ရင်ရော"

"သူနာပြုလုပ်ငန်းတွေကိုပဲ လုပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"သူနာပြုဆရာမ လုပ်မယ်ပေါ့"

"အင်း… ဒီလိုပဲ စိတ်ထဲမှာရှိနေတာ၊ ဟော… ဟိုမှာ လာနေပြီ"

ဘုရားဝန်းထဲသို့ ဆိုင်ကယ်တစ်စီးမောင်းဝင်လာတာကို လှမ်းပြီး တွေ့နေရသည်။

"ဒီကောင်က ငါနဲ့ တစ်အိမ်ကျော်က၊ မိဘတွေကတော့ ချမ်းသာတယ်၊ လူကတော့ တောမကျ မြို့မကျဖြစ်နေတာ၊ နည်းနည်းလေးမှ ကြည့်လို့မရဘူး၊ ဟွန်း"

သူမ မျက်နှာလေးကို မဲ့ရွဲ့ပြီး ပြောဆိုနေသည်။

"နာမည်က ဘယ်လိုခေါ်လဲ"

"မြတ်စိုး"

ဆိုင်ကယ်ကို သူတို့နှစ်ယောက်ထိုင်နေသော နေရာနှင့် ခပ်ဝေးဝေးတွင်ရပ်ပြီး သူတို့ဘက် လျှောက်လာနေသည်။

သူမပြောသလို မြတ်စိုးပုံစံက မျက်လုံးတွင် အဲဝင်ခြင်းတော့ မရှိတာအမှန်ပေ။ ပုံစံက လောကတွင် သူ့လောက်ချမ်းသာတဲ့သူ မရှိတဲ့ပုံစံမျိုး။

ဝတ်စားထားပုံက မြို့အသွင်လည်းမဟုတ်၊ တောအသွင်လည်း မဟုတ်တော့ ကြည့်ရတာ လွန်စွာရုပ်ဆိုးလှန်းသည်။

တောသားဟာ တောသဘာဝအတိုင်းနေခြင်းဟာ အကောင်းဆုံးပင်။

တောအသွင်ပျောက်ပြီး မြို့ပုံစံကိုဖမ်းတော့ ခေါင်းယောင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သော ကျီးတစ်ကောင်လို ကြည့်ရတာ လွန်စွာအရုပ်ဆိုးသည်။ အဆိုးဆုံးကတော့ ဘောင်းဘီရှည်ဝတ်ပြီး ဖိနပ်မချွတ်ဘဲ ကျောင်းထဲကို ဝင်လာခြင်းပင်ဖြစ်သည်။

"ဆောရီး… ကိုယ် နည်းနည်းနောက်ကျသွားတယ်"

"နောက်ကျလည်း ကိစ္စမရှိပါဘူး၊ နင်ရောက်လာရင် ပြီးတာပဲ"

"အိမ်ပြောတဲ့သူဆိုတာ ဒီကောင်လား"

"နင် မိုက်ရိုင်းလှချေလား"

"မပြောနဲ့ ကဗျာ၊ ဗုဒ္ဓဘာသာလူမျိုးတစ်ယောက်ဖြစ်ပြီး ဘုရားဝန်းထဲ ဖိနပ်ချွတ်ရမှန်းမသိတဲ့ကောင်ကို ရိုင်းတယ်လို့ ပြောနေလို့ကတော့ ဘာမှမထူးဘူး"

"ဟုတ်ပါရဲ့၊ ဘာလူမျိုးလဲ မသိဘူး"

နှစ်ယောက်သား အတိုင်အဖောက်ညီညီနှင့် ပြောနေတာကြောင့် မြတ်စိုးမျက်နှာတစ်ခုလုံး နီမြန်းပြီး ဖိနပ်ကို ချွတ်နေသည်။

"အခုကျမှတော့ ချွတ်မနေပါနဲ့တော့၊ မထူးပါဘူး၊ ကဲ… မြတ်စိုး၊ သူ့နာမည်က ဝသုန်နောင်တဲ့၊ ငါ့ရဲ့အချစ်ဦး၊ အချစ်ဆုံးလူတစ်ယောက်ပဲ"

သူမက သူ့ချစ်သူလို့ ပြောလိုက်တဲ့အပေါ်မှာ မြတ်စိုးသူ့ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်ကာ…

"ငါ မယုံဘူး"

"ဘာ… နင်က မယုံဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မယုံလည်း မတတ်နိုင်ဘူး၊ နင့်ကို ငါ့ဘက်က သက်သေပြပြီးပြီ၊ နင် ရှေ့ဆက်ပြီးမတိုးပါနဲ့တော့"

"ငါ့အချစ်က လွှယ်လွှယ်နဲ့နောက်ဆုတ်မှာ မဟုတ်ဘူး"

"နင် မရှက်ဘူးလား"

"ငါက ဘာကိုရှက်ရမှာလဲ"

"သူများရည်းစားကို လိုက်ပြီးကြိုက်နေတာ"

"သူများရည်းစားကိုကြိုက်လို့ ဘယ်ဥပဒေက အရေးယူလို့ရမှာလဲ"

"အရေးယူလို့မရပေမဲ့ လူမှုစည်းကတော့ ရှိတယ်ကွ အေး… မင်းလို အရှက်တရားမရှိတဲ့ကောင်အတွက်တော့ လူမှုရေးစည်းဆိုတာ ဘယ်သိမလဲ"

"မင်းစကားပြောတာ မရိုင်းနဲ့"

"ငါက မရိုင်းချင်ပါဘူး၊ မင်းလိုကောင်မျိုးက ရိုင်းလို့ရ လို့ ရိုင်းရတာ"

"တောက်"

မြတ်စိုးဘက်က သူ့ကို ရန်ပြုရန် ပြင်ဆင်ချိန်တွင်…

"ဘာလဲ… မင်းက လက်ရုံးအားကိုးချင်တာလား၊ ဘုရားဝန်းထဲမှာ မကောင်းဘူး၊ အပြင်ထွက်လိုက်လေ"

သူက ပုဆိုးကိုပြင်ပြီး ဝတ်လိုက်ချိန်တွင် မြတ်စိုး… တကယ်ဆော်မယ်ဆိုတာကို သဘောပေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ တွေ့ကြသေးတာပေါ့"

"အခုတွေ့နေပြီလေ"

"ခုချိန်မှာတော့ ငါ ရန်မဖြစ်ချင်သေးဘူး"

"မင်းရန်ဖြစ်ချင်တဲ့အချိန်ကို စောင့်နေမယ်၊ ပြီးတော့ ထပ်ပြီးပြောလိုက်မယ်၊ ကဗျာကို ထပ်ပြီးနှောင့်ယှက်ရင် မင်းနဲ့ငါ အတွေ့ပဲမှတ်၊ သွားမယ် ကဗျာ"

"အင်း"

ကဗျာအိမ်မှ သူ့လက်မောင်းကလေးကိုဆွဲပြီး ဘုရားဝန်းထဲမှ ထွက်လာခဲ့တော့သည်။

မြတ်စိုးတစ်ယောက် အနောက်မှာ ကျန်ရစ်ခဲ့ပြီး တောက်တစ်ခေါက်ခေါက်နှင့်။

သူမနှင့်ပတ်သက်ပြီး သူ့ဘေးတွင် ရန်သူတွေဝိုင်းနေပြီဆိုတာကိုတော့ ကောင်းကောင်း သဘောပေါက်မိတော့သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

"ဝသုန်… မင်း တယ်ပြီးစွံနေပါလား"

နီကလောင်နှင့်အတူ နွားစာစင်းနေရင်း လှမ်းပြီးတော့ မေး
လိုက်သောစကားကို နားမလည်သဖြင့်

"မင်း ဘာကိုပြောတာလဲ နီကလောင်"

"မင်း ကျောင်းမှာ အလှဘုရင်မလေးနဲ့ ငြိနေတယ်ဆို"

"ပေါက်ကရကွာ၊ မင်းကို ဘယ်သူပြောလဲ"

"ဘယ်သူပြောရမလဲကွ၊ မင်းနဲ့အတူ ကျောင်းတက်နေ
မိုမိုတို့ ပြောတာပေါ့၊ မဟုတ်ဘူးလား"

"ကြားစကားတွေပါကွာ၊ မဟုတ်ပါဘူး"

"မိုမို၊ ပိစိတို့က မဟုတ်ဘဲ ဘယ်တော့မှမပြော
တိကျခိုင်လုံစွာရတဲ့ သတင်းနော်၊ ဘုရားသုံးဆယ်
မှာ မင်းတွဲပြီးထွက်လာတာရော၊ ကျောင်းမှာ
နှစ်ယောက် ပူးတွဲ ပူးတွဲရှိနေတာတွေက ကြားသတင်း
တွေ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါကြောင့် ခက်တာပေါ့ကွာ၊ လူတွေက အမြင်ကို သံသယတွေနဲ့ ပြောနေကြတာပါ၊ ငါနှင့် ကဗျာအိမ်က ရိုးရိုးလေးပါ"

"နာမည်က ကဗျာအိမ်… ဟုတ်လား"

"ဟုတ်တယ်"

"ငါတို့တောက နာမည်တွေတော့ မဟုတ်ဘူး၊ မြို့နာမည် ပဲ၊ မြို့သူလား"

"ဟုတ်တယ်၊ ဒီမှာလာပြီး ကျောင်းတက်တာ"

"ဘယ့်နှယ်ကွာ၊ တောကနေ မြို့မှာတောင် ကျောင်းသွား တက်ကြရတာ၊ သူက ဘယ်လိုဖြစ်ပြီး မြို့ကနေ ကျောင်းလာပြီးတက်ရတာလဲ"

"ဒါကတော့ သူ့အကြောင်းနဲ့သူ ရှိမှာပေါ့"

ကဗျာအိမ်ရဲ့ မိသားစုအရေးကို သူ မပြောချင်တာကြောင့် စကားဖြတ်လိုက်ခြင်း ဖြစ်သည်။

"ဒီနှစ် ကိုလတ်တို့ ပျိုးတို့လည်း ပြန်မလာကြဘူးနော်"

"ဟုတ်တယ်၊ ရွှေရာသီကျောင်းပိတ်တုန်း ပုဂံဘုရားဖူး သွားကြတယ်လို့ ပြောတာပဲ"

"မင်းကို ကိုလတ် လူကြုံနဲ့ အဝတ်အစားတွေ ဝယ်ပေး လိုက်တယ်ဆို"

"အင်း…"

"ဒီကောင်ကြီးက မင်းအပေါ် တော်တော်သံယောဇဉ်ကြီး တာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝမှာလည်း ကိုလတ်ကို သူငယ်ချင်းတစ်ယောက်လို တောင် သဘောထားတာမဟုတ်ဘူး၊ ညီအစ်ကို အရင်းလို သဘောထားတာ"

"ဒါနဲ့ မင်းနဲ့ပျိုး အခြေအနေက ဘယ်လိုလဲ"

"မင်းမေးတဲ့သဘောက ဘာလဲကွ"

"ဒီလိုလေ… မင်းနဲ့ကိုလတ်က အရမ်းကိုခင်သလောက် ပျိုးကြတော့ မင်းကို အတော်လေးမုန်းတယ်နော်၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘယ်သိမလဲကွ၊ မုန်းချင်လို့နေမှာပေါ့"

"မုန်းရတဲ့အကြောင်းရင်းတော့ ရှိမှာပေါ့၊ မင်းလျှို့ထားတာ ဖြစ်မယ်"

"ငါ အမှန်အတိုင်းပြောတာ၊ ပျိုး ငါ့ကို ဘာကြောင့်မုန်းတယ်ဆိုတာကို ခုချိန်ထိ ငါတကယ်မသိဘူး"

"အကြောင်းမဲ့တော့ လူတစ်ယောက်ကို မမုန်းနိုင်ဘူး"

"မုန်းရတဲ့အကြောင်းကို ပျိုးပဲသိမယ်ကွာ"

ပျိုးရဲ့အမုန်းကြောင်းကို တွေးလိုက်တာ ရင်ထဲမှာ မကောင်းခဲ့ပေ။

သူကိုယ်တိုင်လည်း ယနေ့တိုင် မုန်းခြင်းရဲ့အဖြေကို မသိခဲ့၊

"မင်းကို ဘယ်အချိန်လောက်စပြီး မုန်းတာလဲ"

"ငါမှတ်မိသလောက် (၄)တန်း ကျောင်းသားကျောင်းသူ အချိန်လောက်ဖြစ်မယ်၊ အရင်က ငါရယ်၊ ပျိုးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ရယ်က ကျောင်းအတူတူသွားနေကျ၊ အဲဒီနေ့က ငါ့ကိုထားပြီး သူတို့နှစ်ယောက် ကျောင်းကိုသွားတယ်၊ ကျောင်းရောက်တော့ ငါက ကိုလတ်ကိုမေးတော့ နောက် ငါနဲ့ ကျောင်းအတူတူမသွားတော့ဘူး၊ ပြီးတော့ ကိုလတ်ကိုလည်း ငါနဲ့ သူငယ်ချင်းမလုပ်ရဘူး ပြောတယ်၊ ဒီတည်းက ငါ့ကို ပျိုး အပြီးမုန်းခဲ့တာပဲလေ"

"မင်းကရော မမုန်းဘူးလား"

"ငါ့ဘဝမှာ မမုန်းနိုင်သော လူနှစ်ယောက်ရှိတယ်"

"ဘယ်သူတွေလဲ"

"ကိုလတ်နဲ့ ပျိုး၊ ဘယ်လိုအကြောင်းတွေပဲကြုံရ ကြုံရ၊ သူတို့နှစ်ယောက်အပေါ်မှာ မုန်းမှာမဟုတ်ဘူးကွာ"

"တီ... တီ..."

"ဟင်"

ခြံရှေ့ဘက်မှ ဆိုင်ကယ်ဟွန်းသံနှင့်အတူ ထူးအောင် ရောက်လာပြီး

"ကိုဝသုန်... ကိုဝသုန်"

"ဘာလဲကွ"

"အစ်ကိုကို အမျိုးသမီးတစ်ယောက်က တွေ့ချင်လို့တဲ့"

"ဟေ... ဘယ်သူလဲ"

"ကဗျာအိမ်လို့ပြောလိုက်ရင် သိတယ်တဲ့"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ထူးအောင်စကားကြောင့် နီကလောင် သူ့ကို သံသယ မျက်လုံးအစုံဖြင့်ကြည့်ကာ ရယ်နေလေသည်။

"ကဲ… ဝသုန်ရေ၊ မင်း ဘယ်လောက်ပဲဖုံးဖုံး ပေါ်နေတာ ကပေါ်နေတာပဲလေ"

နီကလောင်ကို ဆက်ပြီးရှင်းပြနေလို့ မထူးတာကြောင့် ထူးအောင်နှင့်အတူ အပြင်သို့ထွက်ခဲ့သည်။

အပြင်ကိုရောက်တော့ ဆိုင်ကယ်ဘေးတွင်ရပ်ပြီး သူ့ကို ပြုံးပြုံးလေးကြည့်နေသော သူမကို တွေ့လိုက်ရတာကြောင့် အံ့အား သင့်နေမိသည်။

"ကဗျာ… ကိစ္စရှိလို့လား"

"အင်း"

"ဘာကိစ္စလဲ"

"အဝတ်အစား အရင်လဲပြီး တို့နဲ့ ခဏလိုက်ခဲ့ပါလား"

ငြင်းလိုက်ချင်ပေမယ့် သူမကိုယ်တိုင် တကူးတက လာပြီးခေါ်နေတာကြောင့်

"ဒါဆို ခဏလေးနော်၊ အဝတ်အစားလဲလိုက်ဦးမယ်"

"တို့ ရှာထိပ်ဇရပ်က စောင့်နေတော့မယ်"

"ကောင်းပြီ ကဗျာ"

သူမ ဆိုင်ကယ်လေးကို မောင်းပြီးထွက်သွားလေသည်။

"ကိုဝသုန်"

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝသုန်ကတော့ တကယ်ကံကောင်းတာပဲ"

"ဟော့ကောင်... မင်းစကားက ဘာလဲ"

"ဟဲ ဟဲ... ဒီလောက်ချောလှတဲ့ နတ်သမီးလေးနဲ့ ချစ်သူဖြစ်ရတာလေ"

"ထူးအောင်... မင်း ပေါက်ကရတွေ မပြောနဲ့နော်၊ မင်းပါးစပ်ထဲရောက်ရင် တစ်ရွာလုံးသိတော့မှာပဲ"

ထူးအောင်ဆိုတဲ့ကောင်က တကယ့်ရွာဆော်... ရွာထဲမှာ ဘာဖြစ်ဖြစ် သူမသိတာ မရှိ။ သူသိတဲ့ကိစ္စဆိုရင်လည်း တစ်ရွာလုံး သိတော့တာပဲ။

"ကိုဝသုန်ရယ်... ဟုတ်လို့ပေါ့တာပဲဗျာ၊ နတ်သမီးလေး ကိုယ်တိုင်လာပြီး ခေါ်နေတာပဲ"

"ငါတို့က သူငယ်ချင်း"

"ဘာလဲ... ဘဂိလားသူငယ်ချင်းလား"

"တော်တော်ကွာ"

ဆက်ပြီးပြောနေလည်း အကြောင်းမထူးတာမို့ ထွက်ခဲ့တော့သည်။ ကဗျာအိမ်တစ်ယောက် ဘာကိစ္စများပေါ်လာလို့ သူ့အလုပ်လုပ်တဲ့ အဘလှိုင်အိမ်ထိ လိုက်လာသလဲဆိုတာ မပြောတတ်ပေ။

ရွာထိပ် ဇရပ်ဆီသို့ရောက်တော့...

"ဘယ်သွားမလို့လဲ"

"ဝသုန်"

"ကဗျာ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆိုင်ကယ်စီးတတ်လား"

"အင်း စီးတတ်တယ်"

"ဒါဆို လက်ခုပ်ကုန်းထိသွားမယ်"

"ဟင်"

သူတို့ရွာကနေ လက်ခုပ်ကုန်းထိသွားဖို့ဆိုတာ မလွယ်ပေ။ အလွန်ပင်ဝေးသည်။

"ဘာကိစ္စရှိလို့လဲ"

"လက်ခုပ်ကုန်းမှာ ဒယ်ဒီရောက်နေတယ်လေ၊ ဒယ်ဒီနဲ့ စကားပြောစရာရှိလို့၊ အရမ်းကို အရေးကြီးတယ်၊ နင် လိုက်ပြီးပို့ပေးပါလား"

သူ ခေါင်းကိုသာညိတ်ပြပြီး ဆိုင်ကယ်ပေါ်သို့ တက်လိုက်တော့သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်နောက်တွင် သူ့ပခုံးလေးကို ဆုပ်ကိုင်ပြီး ကဗျာအိမ် လိုက်ပါလာသည်။

"ဝသုန်... နင့်ကိုမေးရဦးမယ်"

"ဘာလဲ... ကဗျာ"

"နင်ကြိုက်နေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်ဆို"

"ဘယ်ကသတင်းအမှားတွေ သယ်လာပြန်ပြီလဲ"

"ပြောစမ်းငဲ့၊ ဟုတ် မဟုတ်"

"မဟုတ်ပါဘူးဟာ"

"ကောင်မလေးနာမည်က ပျိုးအလင်္ကာတဲ့"

"ဟင်"

"ဟုတ်တယ် မဟုတ်လား"

"ကဗျာရယ်... သူက ငါ့ဆိုရင် အမဲဖျက်ချင်လောက်အောင် မုန်းနေတာ၊ ချစ်ဖို့ဆိုတာကတော့ အဝေးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ပြီးရင် အမုန်း၊ အမုန်းပြီးရင် အချစ်တဲ့"

"ဟား ဟား ဟား"

သူမစကားကို သဘောကျစွာဖြင့် ရယ်မိလိုက်သည်။

"နင်က ဘာကိုရယ်တာလဲ"

"နင့်စကားက ရယ်ဖို့ကောင်းနေလို့ပေါ့"

"အံမာ... ငါ့စကားထဲမှာ ဟာသပြက်လုံးတစ်ခုမှမပါ ဘူး"

"အင်း... နင့်ရဲ့ဒဿနက တခြားလူတွေအတွက် မှန်ချင်မှန်ပေမယ့် ငါ့အတွက်တော့မမှန်ဘူး ကဗျာ"

"ဘာလို့မမှန်ရတာလဲ"

"ပျိုးအလက်ာဟာ ငါ့အပေါ်မှာထားတဲ့အမုန်းက ဘဝအဆက်ဆက် ေဖာက်လျှောက်ပျက်သွားမှာ မဟုတ်ဘူး"

"ဘာလို့မုန်းတာလဲ"

"ငါ တကယ်မသိဘူး"

"နင် ညာတာပါ"

ပျိုးအမုန်းနဲ့ပတ်သက်ပြီး မေးခဲ့တိုင်း သူ တကယ်ပဲ ဖြေရခက်တဲ့ ပုစ္ဆာတစ်ခု ဖြစ်နေသည်။

"ဒီအမုန်းအကြောင်းကို မေးလာတိုင်း ငါ တကယ်ဖြေမရခဲ့ဘူး ကဗျာ"

"အမုန်းတရားဟာ အကြောင်းမဲ့တော့ သဒ္ဓါမတည်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ပျိုးရင်ထဲမှာ ငါ့ကိုမုန်းရတဲ့အကြောင်းတစ်ခုခုတော့ ရှိနေမှာပါ၊ ငါကတော့ တကယ်မသိရိုးအမှန်ပဲ"

"ဝသုန်… ဝသုန်"

"ဘာလဲ ကဗျာ"

"ငါတို့နောက်မှာ ဂျစ်ကားတစ်စီး အတင်းမောင်းပြီး လိုက်လာတယ်"

"ခရီးသွားတဲ့ကား နေမှာပေါ့"

"မဟုတ်ဘူး၊ ဒီဂျစ်ကားကို ငါသိတယ်၊ မြတ်စိုးတို့အိမ်ကကား"

"ဟင်"

"ဒီကောင်တွေ လိုက်ပြီးပြဿနာရှာတာလား မသိဘူး"

သူ ဆိုင်ကယ်လီဗာတင်ပြီး အရှိန်မြှင့်ကာ မောင်းလာသလို နောက်မှ ဂျစ်ကားလည်း အရှိန်မြှင့်ပြီး မောင်းလိုက်လာသည်။

ပြဿနာကတော့ သူတို့နှစ်ယောက်နှင့် အနီးကပ်ဆုံးရောက်နေလေပြီ။ နာရီဝက်နီးပါးလောက်မောင်းလာတော့ ဂျစ်ကားနှင့် သူတို့နှစ်ယောက်ဆိုင်ကယ် အနီးကပ်ဆုံးကို ရောက်လာသည်။

သွားနေရသောလမ်းမှာ လမ်းမကောင်းသဖြင့် စက်အရှိန်မြှင့် မောင်းလျှင် သူတို့နှစ်ယောက်လုံး အန္တရာယ်ကျရောက်နိုင်သောကြောင့် ဆိုင်ကယ်ကို လမ်းဘေးသို့ချပြီး ရပ်လိုက်သည်။

မြတ်စိုးအပါအဝင် အဖော်သုံးယောက်စီးလာသော ဂျစ်



www.burmeseclassic.com

www.burmeseclassic.com



ကားက သူတို့ဆိုင်ကယ်ကိုကျော်ပြီး ပိတ်ရပ်လိုက်သည်။

"တယ်လည်းဟုတ်နေကြပါလား"

မြတ်စိုးပုံစံက လူမိုက်ခေါင်းဆောင်လိုလို အိုက်တင်ဖမ်းပြီး သူတို့နှစ်ယောက်ကို ကြည့်နေကြသည်။

"မြတ်စိုး… နင် ဘာနှောင့်ယှက်တာလဲ"

"နှောင့်ယှက်တာမဟုတ်ပါဘူး၊ စိန်ခေါ်ခဲ့တာလေးကို သတိရလို့ လိုက်လာတာ၊ ဘယ်လိုလဲ နှောင်ကြီး၊ ခင်ဗျား စိန်ခေါ်ခဲ့တာကို မှတ်မိလား"

"အေး… မှတ်မိတယ်၊ မင်းလို အုပ်စုနဲ့မှ သတ္တိရှိတဲ့ ကောင်ကိုလည်း သွေးပျက်သွားမယ်မထင်နဲ့"

"ဗွတ်… ဒါမျိုးမှကြိုက်တာ၊ ကဲ… အပေါင်းအသင်း တို့ရဲ့ စွမ်းရည်ကို ပြလိုက်ကြရအောင်"

"နင်တို့နော်… မတရားမလုပ်နဲ့"

"ကဗျာ… ဖယ်လိုက်ပါ"

သူမက သူ့ရှေ့မှ ပိတ်ပြီးရပ်ကာနေတာကြောင့် သူမကို ဘေးကို ဖယ်ခိုင်းလိုက်ပြီး အရှေ့မှသုံးကောင်နှင့် မျက်နှာချင်း ဆိုင်နေလိုက်သည်။

"ကဲ… လာပြီဟေ့"

သုံးယောက်လုံး တစ်ပြိုင်တည်း ပြေးဝင်တာကြောင့် ဘေး ဘက်သို့ ခုန်ထွက်လိုက်ပြီး ရှောင်လိုက်သည်။

"ဆော်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လုံးလက်ထဲတွင် တုတ်ကိုယ်စီဖြင့် ဝင်ပြီးတိုက်တာကြောင့် လွတ်ရုံလေးရှောင်ကာ တစ်ယောက်ချင်း ဖြိုရတော့သည်။ နှစ်ယောက်ကတော့ မြေပေါ်တွင် မှောက်သွားချိန်တွင်…

"ဒုတ်"

"အ"

"ဝသုန်"

သူ၏နောက်စေ့ကို ပြင်းထန်သောရိုက်ချက် ထိမှန်သွားပြီး ရှေ့ကို ငိုက်ကျသွားသည်။

"ကယ်ကြပါဦး၊ ဒီမှာ မတရားလုပ်နေကြတယ်၊ ကယ်ကြပါ"

သူ့ကိုယ်ကို မြေပြင်ပေါ်သို့မကျအောင် ထိန်းပြီး နောက်တစ်ခါ ကျလာမည့်ရိုက်ချက်ကို ရှောင်နေစဉ်…

လယ်ထဲမှပြန်လာသော လူတစ်စု သူ့မအော်သံကြောင့် အပြေးကလေး လာနေကြသည်။

"ဟာ… ကိုမြတ်စိုး၊ လစ်မယ်"

"အေး"

မြတ်စိုးတို့အုပ်စု ကားကိုပင် မယူနိုင်ကြတော့ဘဲ တစ်ခါတည်း လစ်ပြီးပြေးကြတော့သည်။

"ဝသုန်… ဝသုန်"

"ရတယ် ကဗျာ"

"ဟင်… သွေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းမှ သွေးတွေက စီးကျလာနေလေတော့သည်။

"ဘာဖြစ်ကြတာလဲ"

"ဒီကောင်တွေ ကျွန်မတို့ခရီးသွားနေတာကို လိုက်ပြီးရန်ရှာတာ"

"တောက်… နည်းနည်းလေး လိုသွားတယ်"

"ဒါမျိုး မတရားလုပ်တာမျိုးကို လုံးဝလက်မခံဘူး"

"ကောင်လေးခေါင်းက ဒဏ်ရာက သွေးအရမ်းထွက်နေတယ်၊ ဒီနားမှာ ကျေးလက်ဆေးခန်းရှိတယ်၊ သွားပြီးပြလိုက်ပါလား"

"ဟုတ်ကဲ့… ကျေးဇူးပါပဲ"

"ဒီကားက ဘယ်သူ့ကားလဲ"

"ခုနကောင်တွေကား"

"ချက်ဖောင်းရေ… ကားကို ရဲကင်းသွားပြီးအပ်ကွာ"

သူမက သူ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီး လျှောက်လာခဲ့ကြတော့သည်။ ဆိုင်ကယ်ကို ရွာက တစ်ယောက်က မောင်းလာပြီး ဆေးခန်းရှိရာသို့ လာခဲ့ကြတော့သည်။

"ဝသုန်… သိပ်ပြီးနာနေလား"

"ရပါတယ်၊ ဒီလောက်ကြီးမဟုတ်ပါဘူး၊ အလစ်ရိုက်ခံလိုက်ရတာပါ"

"ဒင်းကို ရွာပြန်ရောက်ရင် သက်ဆိုင်ရာမှာ သွားပြီးတိုင်မယ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ"

"ဝသုန်"

"ပြီးတာတွေ ပြီးတဲ့နေရာမှာ ထားခဲ့ပါဟာ"

"မထားနိုင်ဘူး၊ နှင် သွေးထွက်သလို ဒင်းလည်း တန်ရာ တန်ကြေးတော့ ခံရမယ်မှတ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

•

သူတို့နှစ်ယောက် လက်ခုပ်ကုန်းကိုရောက်တော့ ညနေ
စောင်းနေလေပြီ ဖြစ်သည်။

"ကဗျာ့ဒယ်ဒီက ဘယ်မှာတည်းတာလဲ"

"ဟိုတယ်မှာ"

ဆိုင်ကယ်ကို ဟိုတယ်ဘက်သို့ မောင်းလာခဲ့တော့သည်။
ဟိုတယ်ရှေ့ကိုရောက်တော့...

"ဝသုန်... ဒီကစောင့်နေဦး၊ ကဗျာ အထဲကိုဝင်ပြီး စုံစမ်း
လိုက်ဦးမယ်"

"အင်း"

ကဗျာ့ကို ခေါင်းညိတ်ပြီး အပြင်တွင်စောင့်နေလိုက်သည်။
ခေါင်းကဒဏ်ရာက ညနေစောင်း လေအေးဒဏ်ကြောင့် ကိုက်ခဲ
သလို ရှိနေလေသည်။

ခဏကြာတော့ ကဗျာ ပြန်ပြီးထွက်လာပြီး

"ဝသုန်... အထဲကိုလိုက်ခဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါ်ဆောင်ရာနောက်သို့သာ လိုက်ခဲ့ရသည်။ စိတ်ထဲတွင် ကဗျာ့ဒယ်ဒီနှင့် တွေ့ရခြင်းဟာ အဓိပ္ပါယ်က သိပ်ပြီးတော့မဟုတ်လှ။

ဖခင်တစ်ယောက်အနေဖြင့် သမီးဖြစ်သူနှင့် ခုလိုနှစ်ယောက်တည်း ပါလာခြင်းပေါ်မှာ သံသယတော့ရှိနေမှာ သေချာသည်။

"ဒယ်ဒီက ဝသုန့်ကို တွေ့ချင်လို့တဲ့"

"ဟင်"

ကဗျာ့စကားကြောင့် ပိုပြီး စိတ်လှုပ်ရှားသွားသည်။

"ဘာလို့ မျက်လုံးကြီးပြူးသွားတာလဲ"

"ဘာ... ဘာမှမဟုတ်ပါဘူး"

"ဝသုန့်စိတ်ထဲမှာ တစ်ခုခုဖြစ်သွားတယ် မဟုတ်လား၊ မှန်မှန်ပြော"

"ဘာမှမဖြစ်ပါဘူး"

ကဗျာ့ကို ဖုံးကွယ်လိုက်ပေမဲ့ စိတ်က မလုံမလဲတော့ဖြစ်နေမိသည်။

"မကြောက်ပါနဲ့ ဝသုန်ရယ်၊ ဒယ်ဒီက ကိုက်မစားပါဘူး"

"ကိုက်စားတာကို ကြောက်တာမဟုတ်ဘူး"

"ဒါဖြင့် ဘာကိုကြောက်တာလဲ"

"ကဗျာနဲ့ ငါ့ကို တစ်မျိုးမြင်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်မြင်ပေါ့"

"အယ်"

သူမကတော့ ဘာမှမထိတ်မလန့် ပြောလိုက်ပေမဲ့ သူကတော့ ထိတ်လန့်မိသည်။

"ဟိုမှာ ဒယ်ဒီ"

ကဗျာ လှမ်းပြီးပြလိုက်သော နေရာကိုကြည့်လိုက်တော့ အသက် (၅၀)ဝန်းကျင်လောက်ရှိပြီး ခန့်ညားလှသော ဥပဓိရုပ်နှင့် လူကြီးတစ်ယောက်ထိုင်နေတာကို တွေ့လိုက်ရသည်။

"ကဲ... ထိုင်ကြ"

ကဗျာ့ဒယ်ဒီရှေ့တွင် နှစ်ယောက်သား ဝင်ပြီးထိုင်သည်နှင့်

"ကဲ... သမီးက မိတ်ဆက်ပေးဦးလေ"

"သူ့အမည်က ဝသုန်နောင်စံ့၊ သမီးနဲ့အတူ ဆယ်တန်းတက်နေတာ"

"ဪ"

"ဝသုန်... ဒါ ကဗျာ့ဒယ်ဒီ ဦးမြင့်မြတ်အောင်"

"ဟုတ်ကဲ့"

"အေးကွယ်... မောင်ရင့်ကြည့်ရတာ သမီးလေးပေါ်မှာ စိတ်ရှည်မဲ့ပုံပဲ"

"ဗျာ"

ကဗျာ့ဒယ်ဒီက ဘယ်လိုအဓိပ္ပါယ်နဲ့ပြောလိုက်သလဲဆိုတာတော့ မပြောတတ်။ သူကတော့ ခေါင်းနပန်းကြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးအပေါ်မှာ စိတ်ရှည်ရုံတင်မဟုတ်ဘူး၊ သမီးလုံခြုံရေးအပိုင်းကိုပါ ယုံကြည်အားထားရတယ် သိလား"

"သမီးလေးကို ခုလိုစောင့်ရှောက်ပေးတာကို ကျေးဇူးတင်ပါတယ်ကွယ်"

"ဟုတ်ကဲ့"

"သမီးလေးက အရမ်းဆိုးတာ၊ မင်း ဆက်ပြီးသည်းခံနိုင်ပါ့မလား"

"ဪ... ဟုတ်ကဲ့"

ကဗျာနဲ့ပတ်သက်ပြီး ဦးမြင့်မြတ်အောင် ဘယ်လိုသဘောထားပြီး ပြောနေသလဲဆိုတာတော့ သူ မပြောတတ်ပေ။

ခုချိန်မှာ ပြန်ပြီးရှင်းလင်းနေလို့ ဘာမှမထူးတာမို့ ဦးမြင့်မြတ်အောင် ပြောသမျှကို အလိုက်သင့်ပြောဆိုတာပဲ အကောင်းဆုံး ဖြစ်မယ်လို့ သဘောထားလိုက်တော့သည်။

"သမီးလာရင်းကိစ္စကို ပြော"

"ရန်ကုန်က သမီးအတွက်အိမ်ကို ဒယ်ဒီ ဘယ်လိုစီစဉ်ထားလဲ"

"သမီးနာမည်နဲ့ လွှဲထားတာပဲဟာ"

"သမီးကိုယ်ပိုင်အိမ်လို့ ဒယ်ဒီက ဆိုလိုတာလား"

"ဆိုလိုတာမဟုတ်ဘူး၊ ဟုတ်တာကိုဟုတ်နေတာ"

"ဒါဖြင့် ဒယ်ဒီ့မိန်းမဘက်က သားသမီးတွေ ဘာလို့တက်ပြီးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဪ… သူတို့က ခဏနေတာပါ၊ အိမ်ရှာတာမရသေးလို့"
"သမီး မကြိုက်ဘူး"
"ကောင်းပါပြီ၊ ဒယ်ဒီ ရန်ကုန်ရောက်တာနဲ့ ရှေ့နိုင်းလိုက်မယ်၊ ဒါပဲလား"
"ကျန်သေးတယ်"
"ဘာလဲ… ပြော"
"သမီး ငွေလိုတယ်"
"ဘဏ်မှာ သမီးအတွက် ထည့်ပေးထားတာပဲ၊ ထုတ်ယူပေါ့"
"လောလောဆယ် အသုံးပြတ်နေတာ"
"ကဲ… အိမ်ပြန်တော့ ဒယ်ဒီ ထည့်ပေးလိုက်မယ်"
"ခုပြန်မှာ"
"ဟာ… သမီးကလည်း၊ ဘယ်လိုလုပ်ပြီး ပြန်လို့ရမှာလဲ၊ မိုးချုပ်တော့မယ်"
"ဝသုန်… ဘယ်လိုလုပ်မလဲ"
"ဟုတ်တယ် ကဗျာ၊ ခုချိန်မှပြန်ရင် လမ်းမှာ မိုးချုပ်မှာ၊ မသင့်ဘူး"
"ဒါဆို ဒီမှာ ညအိပ်ရမှာပေါ့"
"အိပ်ရမှာပေါ့ သမီးရယ်၊ ဪ… ဒါနဲ့ မောင်ရင်ခေါင်းက ဒဏ်ရာက ဘာဖြစ်တာလဲ၊ ဆိုင်ကယ်မှောက်တာ


www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟို... ဟို..."

သူ့အနေဖြင့် ဖွင့်ပြောရမှာ ခက်နေသည်။

"သမီးကို လိုက်ပြီးနှောင့်ယှက်တဲ့ကောင်တွေနဲ့ လမ်းမှာ ချလာခဲ့တာ"

"မောင်ရင်ရယ်... ဖြစ်မှဖြစ်ရလေ၊ သိပ်များသွားလား"

"မများပါဘူး အန်ကယ်"

"ကဲ ကဲ... သမီးနားဖို့ ဒယ်ဒီစီစဉ်လိုက်မယ်"

"ဒယ်ဒီ"

"ဘာလဲ သမီး"

"ခုလောလောဆယ် ဗိုက်ဆာတယ်"

"စိတ်ချ၊ ဒယ်ဒီ အားလုံးစီစဉ်ပေးပါ့မယ်"

ဦးမြင့်မြတ်အောင် ထွက်သွားပြီးနောက်

"ကဗျာ့ဒယ်ဒီက ကဗျာ့ကို သိပ်ချစ်တာပဲနော်"

"မာမီက ပိုပြီးတောင်ချစ်သေးတယ်၊ ဒါပေမယ့် ဝသုန်ရယ်၊ ငါ့ကို သိပ်ချစ်ကြတဲ့ မိဘနှစ်ပါးက ငါ့ကို ထားရစ်ခဲ့ ကြတယ်လေ"

သူမမျက်ဝန်းတွင် မျက်ရည်ဥကလေးများ ခိုတွဲလာသည်ကို တွေ့လိုက်ရသည်။

"ဘာတတ်နိုင်မလဲဟာ၊ ကံကြမ္မာက စီစဉ်ခဲ့တာကို နေဖို့ပဲ ရှိတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ဝေဒနာကို သူမကိုယ်တိုင် ပြန်ပြီးဖြေသိမ့်နေလေသည်။

“ဝသုန်”

“ကဗျာ”

“နင်လည်း ငါ့ကြောင့် စိတ်ညစ်နေရပြီလား”

“မညစ်ပါဘူးဟာ၊ သူငယ်ချင်းကောင်းတစ်ယောက်အတွက် ဒီလောက်တော့ ရှိရမှာပေါ့”

“ဝသုန်… နင့်ကို ငါ လက်ဆောင်တစ်ခုပေးချင်တယ်”

“ဟင်… ဘာလက်ဆောင်လဲ”

“နင် ရွာကနေ ကျောင်းတက်ရတာ အဝေးကြီးမဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါပေမယ့် သွားနေကျဆိုတော့ ရိုးနေပါပြီ၊ အဲဒါ ဘာဖြစ်လဲ”

“နင့်ကို ဆိုင်ကယ်တစ်စီး ငါဝယ်ပေးချင်တယ်”

“ဟာ… ကဗျာ”

“နင် မငြင်းပါနဲ့ဟာ၊ ငါ့စေတနာကို နင် လက်ခံပေးပါလား”

“တန်ဖိုးကြီးတယ် ကဗျာ”

“စေတနာနဲ့နှိုင်းရင် ဆိုင်ကယ်တစ်စီးတန်ဖိုးဟာ ဘာမှမဟုတ်ပါဘူး”

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထု ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံခဲ့လေပြီ။ သူ့ဘေးတွင် ကဗျာအိမ် ထိုင်လျက်…

"ကဗျာ… အိပ်တော့လေ"

"မအိပ်ချင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"သာယာလှပတဲ့ ညကလေးကို ထိုင်ပြီးကြည့်ချင်လို့"

သူမရဲ့ကဗျာဆန်သော ခံစားမှုကို မဖျက်ဆီးလိုတာကြောင့် ဘာမှဆက်မပြောဘဲ တိတ်ဆိတ်စွာ နေလိုက်သည်။

"ဝသုန်"

"ပြောလေ"

"ခေါင်းက ဒဏ်ရာက ကိုက်နေလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ… ငါ စိတ်မကောင်းဖြစ်မှာစိုးလို့ ညာတာလား"

"မဟုတ်ရပါဘူး၊ တကယ်မကိုက်ပါဘူး"

"ဝသုန်ကို တို့ အရမ်းခင်တယ်"

"ဟင်"

သူမနှုတ်ဖျားမှ အမှတ်တမဲ့ လွင့်ကျလာသောစကားလုံးကြောင့် သူမမျက်နှာလေးကို စိုက်ပြီးကြည့်နေမိလေသည်။

"ဘာလို့ကြည့်ရတာလဲ"

"လှလို့"

"အယ်… ဝသုန်ကလည်း အလာကြီးပဲ၊ ငါ့ကို တကယ် ပြောတာလား"

"တကယ်ပြောနေတာပေါ့"

"အင်း… ယောက်ျားလေးတော်တော်များများက ငါ့ကို လှတယ်လို့ ပြောကြတာပဲလေ၊ ဒါပေမယ့် ပြောကြတဲ့ ယောက်ျားလေးတွေထဲမှာ နင်ပြောတာကိုတော့ ငါ ဝိတ် ဖြစ်မှာပါ"

"ငါလှတယ်ဆိုတာကို ရိုးစင်းစွာ ပြောတာပါနော်"

"ဟုတ်ပါတယ်၊ ငါကလည်း ရိုးစင်းစွာပဲ နင့်ရဲ့အပြော ကို လက်ခံတာပါ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် တိုင်ပင် ခြင်းမရှိဘဲ ပြိုင်တူပြုံးလိုက်မိတော့သည်။

"ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကဗျာ"

"လောကကြီးမှာ မတောင်းအပ်တဲ့ဆုဆိုတာ ဘာလဲ"

"ငါမသိဘူး၊ နင်ကရော ဘာလို့ဖြင်ထားလို့လဲ"

"ငါကြားဖူးတာကတော့ လောကမှာ မတောင်းအပ်တဲ့ ဆုဆိုတာ အထီးကျန်ခြင်းဆုပဲတဲ့၊ အထီးကျန်ဘဝဟာ တကယ်ကို ကြောက်စရာကောင်းမှာပဲနော်"

"ဟုတ်တယ် ကဗျာ၊ ကြောက်စရာကောင်းတာတွေ ဘာတွေတော့ ငါမသိဘူး၊ အထီးကျန်ခြင်းကြောင့် ခံစား ရတဲ့ ဝေဒနာကတော့ တော်တော်လေးကို ခံစားရ တယ်"

"နင်က အထီးကျန်ခြင်းဝေဒနာကို ခံစားဖူးလို့လား"

"ခံစားဖူးတယ်"

"ဘယ်တုန်းကလဲ"

"ငါခင်တဲ့ ငါသံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတွေ ငါ့ကို ထားသွားတဲ့အချိန်ကဆိုရင် အမြဲတမ်း မျက်ရည်ဝဲနေခဲ့ ရတယ်၊ နောက်တော့လည်း နေသားကျခဲ့တာပဲလေ"

"ခုထိ အထီးကျန်နေတုန်းပဲလား"

"အခုတော့ အထီးမကျန်တော့ပါဘူး"

"ဘာလို့"

"ငါ့ဘေးမှာ သူငယ်ချင်းတစ်ယောက်ရှိနေပြီလေ"

"ငါလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သူမကို ခေါင်းလေးပဲ ညိတ်ပြလိုက်တော့သည်။

"ငါ နှင့်စကားကြောင့် အရှမ်းကို ကျေနပ်တယ်ဟာ"

"ဘာလို့ကျေနပ်ရတာလဲ"

"နှင့်ရဲ့အထီးကျန်ခြင်းဘဝကို ငါ့ကြောင့် ပျောက်ကွယ်စေလို့ပေါ့"

"ဒါပေမယ့် ငါ့အတွက် အထီးကျန်ခြင်းဟာ ပြန်ပြီးရောက်လာမှာပါ"

"ဟင်… ဘာဖြစ်လို့"

"နှင်က ဆယ်တန်းအောင်သွားရင် ရန်ကုန်ကို ပြောင်းတော့မှာ မဟုတ်လား"

"ဝသုန်ရယ်… ငါ့မှာ စိတ်ကူးရှိပြီးသား"

"ဘာစိတ်ကူးလဲ"

"နှင်လည်း ဆယ်တန်းအောင်အောင်ဖြေလေ၊ နှင်နဲ့ငါ တက္ကသိုလ်အတူတူတက်ရတာပေါ့"

"ငါ့ဘဝမှာ နှင့်လို တက္ကသိုလ်တက်ဖို့က သိပ်ပြီး အင်အားမရှိပါဘူး၊ တက္ကသိုလ်တက်နိုင်ရင်တောင် အဝေးသင်ပဲ တက်နိုင်မှာ"

"နှင် တက္ကသိုလ်တက်နိုင်အောင် ငါကူညီမယ်"

"ကဗျာရယ်… နှင့်စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ငါ့ဘဝမှာ နှင့်ဆီက ဒီလောက်ထိ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



မထားပါဘူး”

“နင် ငါ့ကို မခင်ဘူးမဟုတ်လား”

“မခင်လို့ မဟုတ်ပါဘူးဟာ၊ နင့်မှာလည်း မိဘရဲ့ပေးကမ်းမှုအောက်မှာ ရပ်တည်နေကြရတာ မဟုတ်လား၊ မကောင်းပါဘူး”

“ကောင်းအောင်လုပ်ရင် ရပါတယ်”

“ဘယ်လိုကောင်းအောင်လုပ်မှာလဲ”

“ငါ ဒယ်ဒီ့ကိုဖွင့်ပြောပြီး အကူအညီတောင်းမယ်၊ ဒယ်ဒီ မကူညီဘူးဆိုရင် မာမီ့ဆီက အကူအညီတောင်းရမှာပေါ့၊ ဘယ်လိုလဲ ဝသုန်”

“ငါ အရှင်းဆုံးစကားလေးပဲ ပြောပါရစေ”

“ပြောလေ”

“ငါ့ခွန်အား၊ ငါ့လုပ်အားနဲ့ပဲ ပညာဆက်ပြီးသင်ချင်တယ်”

“ဒါလည်းဖြစ်တာပဲ၊ နင် ဒယ်ဒီ့ကုမ္ပဏီမှာ ဝင်ပြီးလုပ်မလား၊ မာမီ့ကုမ္ပဏီမှာ ဝင်ပြီးလုပ်မလား၊ ကြိုက်တာပြော”

“နင်ကောင်းသလိုသာ စီစဉ်တော့ ကဗျာရေ”

“တကယ်နော်”

“တကယ်ပါဗျာ”

“ငါ အရမ်းဝမ်းသာသွားပြီ ဝသုန်”



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကလေး နှစ်ဖက်ကို ဆုပ်ကိုင်ပြီး တကာယ်ပင် ကြည်နူးပျော်ရွှင်နေလေသည်။

သူ့ဘဝအတွက် အနာဂတ်ကို ကဗျာအိမ်ဆိုတဲ့ သူမထံသို့ လွှဲအပ်မိပြီလားလို့တောင် တွေးလိုက်မိတော့သည်။

သူနှင့် သူမမှာ ချစ်သူမဟုတ်ကြတာကြောင့် ရှေ့ဆက်မဲ့ အနာဂတ်တွင် ဘယ်လိုသံယောဇဉ်မျိုးနှင့် ဖြတ်သန်းရမယ်ဆိုတာကို မတွေးဝံ့အောင် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

•

ကြွေလွင့်ပြန့်ပြီ သစ်ရွက်ဝါတွေ…
မြေလမ်းထက်မှာ
မနက်ဖြန်ကောင်းကင်
အလင်းရောက်လိုက်၊ အမှောင်ကိုရောက်လိုက်
ရက်စွဲဟောင်းတွေနဲ့ ကုန်ဆုံးခဲ့ပြန်ပြီ မဟုတ်လား။

သံယောဇဉ်အလွမ်းဆစ်တွေနဲ့
နှလုံးသားတံခါးဝမှာ
ဝေဒနာတွေက ပွင့်အန်ထွက်လျက်…
ချစ်ခြင်းမနက်တွေကို အကြိမ်ကြိမ်မွေးဖွားခဲ့သေမဲ့…
သူ့မျက်ဝန်း… ကိုယ့်မျက်ဝန်း…
သူ့နှုတ်ဖျား… ကိုယ့်နှုတ်ဖျားမှာ…
ပန်းနုရောင် အိပ်မက်များစွာ
အိပ်ပျော်နေခဲ့လေပြီ။

ဟန်ဆောင်ခြင်းကမ်းတစ်ဖက်မှာ…
ပန်းကြွေရက်စွဲကလေးတွေ ဟောင်းနွမ်းလျက်…



www.burmeseclassic.com

www.burmeseclassic.com



"အောင်ပြီ… အောင်ပြီ"

သူမက အားရဝမ်းသာဖြင့် သူ့လက်မောင်းလေးကို ကိုင်တွယ်ပြီး အော်ဟစ်နေလေသည်။

ဆယ်တန်းစာမေးပွဲကို နှစ်ယောက်လုံး ဂုဏ်ထူး (၁)ခုစီဖြင့် အောင်မြင်ခဲ့လေပြီ။

"ဝသုန် နင် မပျော်ဘူးလား"

"ပျော်တာပေါ့ ကဗျာရယ်…"

"နင် ငါ့ကိုပေးထားတဲ့ကတိ မဖျက်ရဘူးနော်"

"ဘာကတိလဲ"

"ကဲ… လုပ်ပြီ၊ ကတိမတည်တဲ့ ယောကျ်ား"

သူမ နှုတ်ခမ်းကလေးကို မဲ့ရွဲ့ကာ ပြောနေလေသည်။ ပြီးတော့ စိတ်ဆိုးပြီး သူ့ကို ကျောပေးထားသဖြင့်

"အလကားစတာပါ ကဗျာရယ်… နင့်ကို ပေးထားတဲ့ ကတိ ငါမမေ့ပါဘူး"

"ဒါဖြင့် ဘာလဲပြော"

"မသိဘူး"

"ကဲ"

"အား… သေပါပြီ"

သူ့ဗိုက်ခေါက်ကလေးကို မနာမကျင် သူမ ဆွဲပြီးလိမ်သည်။

"ကဲ… ပြောစမ်း၊ ဘာကတိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါမယ်ဗျာ၊ ဟို… ဟို… ကျောင်းအတူတူတက်ဖို့ ကိစ္စ"

"အား… ကျွတ်… ကျွတ်"

"နင် တကယ်နာသွားလား"

"နာတာပေါ့"

"ဆောရီးနော်"

သူမ စိတ်မကောင်းစွာနှင့် ကြည့်နေတာကြောင့်

"စတာပါ ကဗျာရယ်"

"နင်အဖေ့ကို ပြောပြတော့လေ"

"အစောကြီးကတည်းက ပြောပြီးသား"

"ဘာပြောလဲဟင်"

"ငါ့သဘောတဲ့"

"ဟယ်… ဒါဆို နင်နဲ့ငါ မခွဲရတော့ဘူးပေါ့"

"အင်း… ဒါပေမယ့် လွမ်းစရာကြီးတော့ ဖြစ်တော့မှာပဲ"

"နင်က ဘာကိုလွမ်းရပြန်ပြီလဲ၊ လွမ်းရမဲ့သူရှိနေပြီလား"

"လွမ်းရမဲ့သူတော့ မရှိပါဘူး"

"ဒါဖြင့် ဘာကိုလွမ်းရတာလဲ"

"ရွာကြီးရယ်… လယ်ကွင်းတွေရယ်ပါ"

"နင်က အပြီးခွဲသွားတာမှမဟုတ်တာ၊ ကျောင်းပိတ်တော့ ပြန်လာလို့ရတာပဲဟာ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ရွှင်ပျော်သော ခြေလှမ်းတို့ဖြင့် လျှောက်လာခဲ့ရင်း…

"ကဗျာ… လမ်းခွဲရအောင်နော်"

"အင်း… လမ်းခွဲတယ်ဆိုတဲ့စကားကြီးကို မသုံးပါနဲ့ဟာ"

"ဒါဖြင့် ဘယ်လိုပြောရမလဲ"

"ခဏလေး ကျောခိုင်းကြစို့လို့ပြော"

"ဟုတ်ကဲ့၊ ငါ အိမ်ထိလိုက်ပြီးပို့ပေးရမလား"

"မပို့နဲ့တော့၊ ရတယ်၊ ရွာထိပ်မှာပဲ ချထားခဲ့တော့လေ နင် အလုပ်ရှိတယ်မဟုတ်လား"

"အင်း… ကျွဲစာတွေ သွားပြီးရိတ်ရဦးမှာ"

"ဝသုန်ရယ်… နင့်ကိုကြည့်ပြီး ငါဖြင့် စိတ်မောတယ်"

"ကဗျာ… ဒီအလုပ်တွေက ငါတို့အတွက် ရိုးနေပါပြီ ဟာ"

"နင့်ကို ဒီအလုပ်တွေကို မလုပ်စေချင်တော့ဘူး"

"တစ်နေ့တော့ လွတ်မြောက်ရမှာပေါ့ ကဗျာရယ်"

"လွတ်မြောက်အောင် နင် ကြိုးစားပေါ့"

"နင် အားပေးလေ"

"အမြဲတမ်း အားပေးနေမဲ့သူပါ"

"ဒီစကားကြားရတာတင်ပဲ ကျေနပ်လှပါပြီဟာ"

မညီမညာ ခင်းထားသော လမ်းကလေးပေါ်တွင် ဆိုင်ကယ်လေးတစ်စီး ပြေးလွှားနေရင်း သူ့ရင်တွင် ရင်ခုန်ခြင်းတေ



www.burmeseclassic.com

www.burmeseclassic.com



ာ အဆက်မပြတ်ရှာနေသော မိုးလိုပင် ရှိနေလေပြီ။

"ဝသုန်"

"ကဗျာ"

"တို့တစ်တွေ မခွဲကြေးနော်"

"ဘယ်သောခါမှ ခွဲခွာခြင်းဆိုတာ မရှိစေရပါဘူး ကဗျာ ရယ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

"ဝသုန်… ဝသုန်"

"ဟင်"

သူ ရွာထဲကိုရောက်သည်နှင့် နီကလောင် အပြေးလာပြီး ခေါ်တာကြောင့် ဆိုင်ကယ်ကိုရပ်လိုက်သည်။

"ဘာဖြစ်လာတာလဲ"

"ဟို… ဟို… မင်းအဖေ ပိုးထိလို့ ဆေးရုံကို ပို့လိုက်ရပြီ"

"ဘာ"

သူ့ရင်တစ်စုံလုံး အစိတ်စိတ် အမွှာမွှာ ဖြစ်သွားတော့သည်။

ဆိုင်ကယ်ကို အနောက်အကော့ပြန်လှည့်ပြီး နီကလောင်နှင့် အတူ ဆေးရုံဆီသို့ မောင်းထွက်ခဲ့တော့သည်။

"ဘယ်အချိန်ကဖြစ်တာလဲ နီကလောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အောင်စာရင်းသွားကြည့်တဲ့အချိန်ပဲကွ၊ အနောက်ခြံက ထွန်တုံးတွေသွားယူရင်း အကိုက်ခံရတာ"

"နိုကလောင်… အခြေအနေ ဘယ်လိုရှိလဲ"

"ရွာကထွက်တဲ့ အချိန်တုန်းကတော့ သတိရနေဆဲပဲ ဝသုန်"

ဆန္ဒဓောကြောင့် ဆိုင်ကယ်လီဗာကို အရှိန်ကုန်မြှင့်ပြီး ...င်းနေမိတော့သည်။

ဆေးရုံသို့ရောက်တော့ ဆေးရုံအဝေါက်ဝတွင် အဘလှိုင်နှင့် ...ဖိုးလုံးတို့ကို တွေ့လိုက်ရသည်။

"အဘလှိုင်… အဖေ"

အဘလှိုင်နှုတ်ဖျားမှ စကားသံထွက်လာခြင်းမရှိဘဲ သူ့ကို ...တွဲစွာဖြင့် စိုက်ကြည့်နေလေသည်။

"ကိုဖိုးလုံး"

"ဝသုန်… စိတ်မကောင်းဘူးကွာ၊ မင်းအဖေ ဆုံးသွားပြီ"

"ဗျာ"

သူ့ဘဝနောက်ဆုံးအားထားရာ အဖေတစ်ယောက် လူ့...တကြီးက အပြီးအပိုင်ထွက်ခွာပြီဆိုသော အသိကြောင့် စိတ်...တို့သည် ဘာကိုမှ ဆောက်တည်လို့မရနိုင်အောင် ဖြစ်သွားခဲ့...တော့သည်။

"အဖေ"

"ဝသုန်… ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှမျက်ရည်တို့သည် ပါးထက်ဆီသို့ ကျခဲ့လေပြီး

အမေမရှိတည်းက ဘဝကို သားအဖနှစ်ယောက် ရုန်းကန်ခဲ့ကြတာ

ခုတော့ အဖေ သူ့ကို လက်တွဲဖြုတ်ခဲ့လေပြီ။

သူ့ကို အမေရော၊ အဖေရော တစ်ယောက်တည်း ထား

ခဲ့ကြပြီ မဟုတ်လား။

"မောင်ဝသုန်ရယ်… ဦးတို့လည်း မောင်ဝသုန်နဲ့အတူ စိတ်ထိခိုက်ရပါတယ်၊ ဖြစ်ချိန်တန်၊ ပျက်ချိန်တန် ခုလိုဖြစ်ရတာပဲလေ၊ ဖြေသာအောင် ကြိုးစားပါကွာ"

မျက်ဝန်းမှ မျက်ရည်စတွေကိုသုတ်ရင်း သူ့ဘဝအတွက် ရင်ဆိုင်ရမဲ့ခရီးကို အားတင်းလိုက်သည်။

"မင်းအဖေရဲ့ နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် လုပ်ကြတာပေါ့"

သူ့အမေ သူ့အဖေက သူ့ကို ရက်စက်တာလား။ သူ့ မဟုတ် လောကကြီးက ရက်စက်ခဲ့တာလားဆိုတာတော့ မပြော ပေ။

သူ့ဘဝတွင် တစ်ယောက်တည်း အထီးကျန်ခြင်းဆုတ် ရရှိလိုက်ပြီဖြစ်သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

အဖေ့ဈာပန ပြီးဆုံးခဲ့လေပြီ။

သူငယ်ချင်းဖြစ်သူ ကိုလတ်တစ်ယောက်ကတော့ သတင်းကြားကြားချင်း ရောက်လာပြီး အဖေ့ရက်လည်ပြီးတာနဲ့ ပြန်ခဲ့သည်။

ပျိုးတစ်ယောက်ကတော့ ရောက်မလာခဲ့ပေ။ ဒီအတွက် စိတ်မကောင်းဖြစ်ခဲ့ပေမဲ့ အပြစ်မမြင်ခဲ့ပါ။

ပျိုးအတွက် သူဟာ အရေးပါတဲ့လူတစ်ယောက်မှ မဟုတ်ခဲ့တာပဲ။ ဒါပေမယ့် ကဗျာအိမ်ကတော့ သူ့ရဲ့နားမှာ သူငယ်ချင်းကောင်း ပီသစွာဖြင့် ရှိနေခဲ့လေသည်။

အဖေ့အတွက် လိုအပ်တာအားလုံးကို ဝိုင်းဝန်းပြီး ပံ့ပိုးပေးခဲ့သည်။

သူ့ဘဝရဲ့ အကြေကွဲဆုံးအချိန်မှာ ရှိနေခဲ့တဲ့ ကဗျာအိမ်ပေါ်ရှာ အရင်ထက် သံယောဇဉ်ပိုခဲ့တာကိုတော့ သူ မငြင်းလိုတော့ပေ။

သူ့ရင်တွင် ပျိုးနှင့် ကဗျာအိမ်ကို တွဲဖက်ယှဉ်ပြီး ခံစားလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးဟာ သူ့အပေါ်မကောင်းသလောက် ကဗျာအိမ်ဟာ သူ့အပေါ် ကြင်နာမှုအပြည့်နှင့် ရှိနေခဲ့လေသည်။

သူ့အပေါ်တွင် အလေးထားမှုမရှိသော ပျိုးကို ဘာကြောင့် သူ သံယောဇဉ်တွယ်နေခဲ့သလဲဆိုတာကိုလည်း မတွေးတတ်အောင် ဖြစ်မိသည်။

တစ်ခါတစ်ခါ သူ့ရင်ထဲက ပျိုးနဲ့ပတ်သက်ပြီး ရှိခဲ့သော သံယောဇဉ်ကို ဆွဲနုတ်ပြီး လွှင့်ပစ်ချင်လိုက်သည်။

ပျိုးကို မေ့နိုင်အောင် ကြိုးစားပေမဲ့...

တစ်ခါမှ မေ့လို့မရခဲ့ပေ။

"ဝင်းချိုတစ်ယောက်ဆုံးရှုံးရတာ ငါ့အတွက် လက်တွေကို ဖြတ်လိုက်သလိုပဲကွာ"

အာလှိုင်အိမ်ပေါ်သို့ လှမ်းပြီးအတက်တွင် ကြားလိုက်ရ သော စကားကြောင့် ခြေလှမ်းတို့ ရှေ့သို့မဆက်ဘဲ ရပ်ပြီးနားထောင် နေသည်။

အာလှိုင်ပြောနေတာက အဖေ့အကြောင်း...

"ဦးလှိုင် ခု ဘာဆက်ပြီးလုပ်မလဲ၊ နောက်စာရင်းငှားတစ် ယောက် ထပ်ပြီးငှားရမှာပေါ့"

"ဒီအခြေအနေကို ဆိုက်နေပြီ၊ ခက်တာက ရွာမှာလည်း ခုချိန်ဆို စာရင်းငှားတစ်ယောက်ရှာဖို့ဆိုတာ မလွယ်ဘူး အားလုံးက လယ်ထဲကို ရောက်နေတာကတစ်ကြောင်း စာရင်းငှားကို ငါက တကယ်စိတ်ချရတဲ့လူပဲ ထားချင်



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းအသိပဲလေ၊ ငါ့မှာက တစ်ယောက်တည်း၊ ကိစ္စအားလုံးကို မျက်နှာလွှဲနိုင်တဲ့လူပဲ လိုချင်တာကွ"

"ဦးလှိုင်အတွက်ကလည်း လူကောင်းတစ်ယောက်ရမှ ဖြစ်မှာဗျ၊ ဘာကြောင့်လဲဆိုတော့ လယ်ထွန်၊ စပါးကြဲ လောက်နဲ့တော့ မဖြစ်ဘူး၊ ဦးလှိုင်ပွဲရုံကိစ္စက ရှိသေးတယ်"

"ဟုတ်တယ် ဖိုးလုံး၊ ဒါကြောင့် ငါ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေရတာကွ"

သူ ရန်ကုန်တွင် အလုပ်သွားပြီးလုပ်မဲ့အကြောင်းကို ပြောရန် လာခဲ့ပေမဲ့ အဘလှိုင်ထံမှကြားလိုက်ရသော စကားကြောင့် အိမ်ပေါ်သို့တက်မဲ့ ခြေလှမ်းကို ပြန်ရုပ်သိမ်းပြီး အိမ်ပေါ်မှ ပြန်ပြီးဆင်းခဲ့တော့သည်။

အဘလှိုင်ခြံထဲက မန်ကျည်းပင်ကြီးအောက်တွင်ထိုင်ရင်း သူ ဘာလုပ်ရမလဲဆိုတာကို စဉ်းစားလို့မရအောင် ဖြစ်နေလေတော့သည်။

ကဗျာအိမ်ကတော့ သူနှင့်အတူ ရန်ကုန်ကို လိုက်ခဲ့မယ်ဆိုတာကြောင့် အရမ်းကိုတက်ကြွပြီး ပျော်ရွှင်နေလေသည်။

ဒါပေမယ့် အဘလှိုင်ဟာ သူ့အဖေ၊ အမေ လက်ထက်ကတည်းက မိသားစုလိုဖြစ်ခဲ့ပြီး သူ့ဘဝ ခုထိရပ်တည်နိုင်ခဲ့တာ အဘလှိုင်ရဲ့ ကျေးဇူးတရားကြောင့်ပင်။

ယနေ့ အဘလှိုင်တွင် အားကိုးအားထားစရာ ကင်းဝေးနေ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

လယ်စာရင်းငှားတစ်ယောက်ကို ငှားဖို့ဆိုတာလွယ်ပေမဲ့ သစ္စာတရားပိုင်းမှာ စိတ်ချဖို့ဆိုတာ မလွယ်ပေ။

"ဟူး"

ရင်ထဲမှာ မွန်းကြပ်နေသော စိတ်အစဥ်ကို မှုတ်ထုတ်ပြီး မန်ကျည်းပင်ကြီးပေါ်သို့ မော့ကြည့်လိုက်မိသည်။

ထိုမန်ကျည်းပင်ကြီးသည် သူငယ်စဥ်ကတည်းက ဆော့ကစားခဲ့သော မန်ကျည်းပင်ကြီးပင် ဖြစ်သည်။

ပျိုးမသိအောင် အဘလှိုင်က သူ့ကိုခေါ်ခေါ်ပြီး မုန့်ကျွေးသောနေရာကလေးဆိုရင်လည်း မမှားပေ။

ပျိုးက သူ့အပေါ် စေတနာရော၊ သံယောဇဥ်ပါ ကင်းမဲ့သူ။ သူ့ကို အဘလှိုင် မုန့်ကျွေးတာကိုသိရင် အဘလှိုင်ကို ပျိုးက ပြဿနာရှာတော့တာပဲလေ။

ဒါကြောင့် အဘလှိုင်က ဒီမန်ကျည်းပင်အောက်မှာ မုန့်တွေကို ခိုးခိုးပြီး ကျွေးခဲ့ရတယ်။

သူ့အပေါ်တွင် တကယ့်သားအရင်းပမာကောင်းခဲ့သော အဘလှိုင်ကို သူ ထားရစ်ခဲ့ပြီး ထွက်သွားဖို့အရေးကို သူ မလုပ်သင့်ပေ။

သူ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချပြီး အဘလှိုင်ပေါ်သို့ တက်ခဲ့တော့သည်။

ကဗျာရယ်... နင့်ရဲ့စိတ်ကူးတွေ၊ အမွေတွေကို ...



www.burmeseclassic.com

www.burmeseclassic.com



ဆုံးကိုပြီးတာမဟုတ်ပါဘူး။

လူတစ်ယောက်အတွက် ကျေးဇူးတရားဆိုတာ လိုအပ်တဲ့အချိန်မှာ ပြန်ပြီးဆပ်သင့်တာဟာ ကျေးဇူးတရားသိသူတစ်ယောက်အတွက် လုပ်သင့်ဆုံးကိစ္စတစ်ခုဆိုတာကို နင် သဘောပေါက်နားလည်ပေးရင် ငါကျေနပ်ပါပြီဟာ။

သူ၏အနာဂတ်သည် လယ်ကွင်းပြင်ကြီးတွင်သာ ရှိနေလေပြီ မဟုတ်လား…

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

"ဟင်… ဝသုန်၊ နင် ဘာပြောလိုက်တာလဲ"

ကဗျာက သူ့စကားကို မယုံနိုင်အောင်ဖြစ်သွားပြီး စိတ်မကောင်းစွာနှင့် ကြည့်နေလေတော့သည်။

"ကတိမတည်တဲ့လူတစ်ယောက်အဖြစ်နဲ့ နင် ငါ့ကို ကြိုက်သလို အပြစ်ပေးပါ၊ ငါ ကျေးဇူးတရားတွေကို ဥပေက္ခာမပြုရက်ဘူးဟာ၊ ဒါကြောင့် အဖေ့နေရာမှာ ငါ ဝင်ပြီးလုပ်ကိုင်ပေးရတာပါ"

"ဝသုန်ရယ်… ငါ့မှာတော့ နင်နဲ့ပတ်သက်ပြီး စိတ်ကူးတွေယဉ်လိုက်ရတာ၊ ခုတော့ တစ်စစီ ပျက်စီးသွားပြီပေါ့ဟာ"

"ငါ တောင်းပန်ပါတယ်ဟာ၊ ငါ့ကို ခွင့်လွှတ်ပါ"

"အင်းလေ… နင့်ဘက်ကကြည့်မယ်ဆိုရင်လည်း နင့်ဆုံးဖြတ်ချက်ဟာ မမှားပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ် ဝသုန်၊ လူဟာ ဘဝရဲ့တိုးတက်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေတတ်ရမယ်၊ နင့်အဖေကလည်း ဒီလယ်ကွင်းပြင်ကြီးမှာ ဘဝဆုံးခဲ့သလို နင်ကလည်း ဒီလယ်ကွင်းပြင်ကြီးမှာ ဘဝဆုံးခဲ့ရင် နင်တို့လူဖြစ်လာရတာ အရှုံးကို ဝမ်းနည်းဖို့ကောင်းတယ်"

"နင်ပြောတာကို နားလည်ပါတယ် ကဗျာ"

"ထားလိုက်ပါလေ၊ နင်ဆုံးဖြတ်ပြီးမှတော့ ဘာမှပြင်ဆင်လို့ ရမှာမှမဟုတ်တာ၊ နင် ကျောင်းရော ဆက်ပြီး တက်မှာလား"

"အဘလိုင်ကတော့ ပြောပါတယ်၊ အဝေးသင်တက်တဲ့"

"အင်းလေ... ပညာရေးလမ်းကြောင်း မရပ်သွားဘူးဆိုရင် ငါ နင့်အတွက် ကျေနပ်ပေးနေမှာပါ၊ တစ်နှစ်တစ်ခါတော့ နင်နဲ့ငါ ရန်ကုန်မှာ ဆုံကြရမှာပေါ့"

"နင့်ဘက်က မပြောင်းလဲဘူးဆိုရင် ဆုံကြရမှာပေါ့ဟာ"

"ဝသုန်... နင် ဘာစကားပြောတာလဲ၊ နင့်စကားက ငါ့သံယောဇဉ်ကို စော်ကားတာလား"

သူ စကားမှားသွားသလို ဖြစ်တာကြောင့် ကဗျာအိမ့်မျက်နှာကလေး နီမြန်းသွားသည်။

"ငါ စကားမှားသွားရင် ခွင့်လွှတ်ပါ"

"နင်သိအောင် တစ်ခါတည်းပြောခဲ့မယ် ဝသုန်၊ ခု ငါပြောတဲ့စကားကို နင့်ရင်နဲ့ တစ်ထပ်တည်းနားထောင်ပါ၊ ငါ့ဘဝတစ်လျှောက်မှာ ယောက်ျားလေးတွေနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သံယောဇဉ်တွယ်ခဲ့တာဆိုလို့ နင်တစ်ယောက်ပဲရှိခဲ့တယ်၊ ဒီသံယောဇဉ်ဟာ အပေါစားသံယောဇဉ်မဟုတ်ဘူး၊ ခိုင်ခိုင်မာမာနဲ့ ဖြစ်တည်ခဲ့တယ်ဆိုတာကို နင်သဘောပေါက်ထားပါ''

''ငါ တကယ်မှားသွားတယ်ဟာ၊ မတူညီကြတဲ့ဘဝနှစ်ခုအတွက် အနာဂတ်ဟာ တူညီစွာရှိဖို့ဆိုတာက မလွယ်ဘူး မဟုတ်လား၊ ဒါကြောင့် ပြောမိတာပါ''

''နင်နဲ့ငါ့ကြားမှာ မတူညီဘူးဆိုတာ ဘာမှမရှိဘူး''

''နင့်ဆီက ဒီစကားကြားရတာ ငါ ကျေနပ်ပါပြီ''

''နင့်ဘက်ကရော ကတိပေးနိုင်မလား''

''ငါက ကတိပျက်ခဲ့သူဆိုတော့ ငါပေးမဲ့ကတိကို နင်ယုံကြည်နိုင်ပါ့မလား''

''နင်ဘာကြောင့် ကတိပျက်ရတယ်ဆိုတာကို ငါ နားလည်ပေးလိုက်ပါပြီ''

''ကျေးဇူးတင်ပါတယ် ကဗျာ၊ နင့်အတွက် ဒုတိယအကြိမ်ကတိ ငါ မပျက်စေရပါဘူး''

''တကယ်နော်''

''တကယ်''

''ဒီကတိပျက်ရင်တော့ နင်နဲ့ငါ ဒီတစ်သက် ဘယ်တော့မှ ပြန်ပြီးမဆုံရတော့ဘူးမှတ်၊ ဒီအပြင် နင့်ကို ငါ မုန်းလိုက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



"နင်မုန်းလောက်တဲ့ကတိမို့ ငါ အသက်နဲ့ထပ်တူ ထား ပါမယ်"

"ကောင်းပြီ၊ နားထောင်"

သူမနှုတ်ဖျားမှ စကားမဆက်သေးဘဲ သူ့မျက်နှာကို သေ ချာစွာ ကြည့်ကာ

"ဝသုန်"

"ကဗျာ"

"နင် ရည်းစားမထားရဘူး"

"ဟင်"

"ငါလည်း မထားဘူး"

"တစ်သက်လုံးလား"

"နင်နဲ့ငါ ပြန်ပြီးမဆုံသေးတဲ့အချိန်ထိ"

"ငါတို့နှစ်ယောက်ဆုံချိန်ဆိုတာ"

"ကျောင်းကြီးပြီးလို့ ဘဝလမ်းပေါ်ကို လျှောက်တဲ့အချိန်"

"အကြာကြီးပေါ့"

"ဘာလဲ... နင်က မစောင့်နိုင်ဘူးလား"

"မစောင့်နိုင်လို့မဟုတ်ပါဘူး၊ နင်နဲ့ငါခွဲရမဲ့အချိန်က ကြာ လွန်းလို့ ပြောတာ"

"ဒါက အဓိက ကတိပိုင်းဆိုင်ရာကို ပြောတာ၊ တစ်နေ့ တစ်ခါကတော့ နင်နဲ့ငါ ဆုံနေမှာပေါ့ဟာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ ဒီကတိပေးနိုင်လား"

"ပေးနိုင်ပါတယ်"

"သေချာရဲ့လား"

"လုံးဝသေချာတယ်"

"ဒါဖြင့် လိုက်ခဲ့"

"ဘယ်ကိုလဲ ကဗျာ"

"သစ္စာတရား၊ မေတ္တာတရားတွေရှိတဲ့ မြတ်စွာဘုရားရဲ့ ရင်ခွင်ဆီကိုသွားပြီး သစ္စာဆိုရမယ်၊ ဆိုရဲလား"

"နှလုံးသွေးတွေဖောက်ပြီးတောင် ဆိုလိုက်ချင်တယ်"

"ဒီလောက်ထိမလိုပါဘူး၊ နှင့်နှုတ်ဖျားက စကားတွေ ကြားနေရရင် ကျေနပ်ပါတယ်"

"သွားကြရအောင်"

"အင်း"

ဆိုင်ကယ်လေးကို စက်နှိုးလိုက်ပြီးနောက် သူမ နောက်က နေ တက်ပြီး သူ့ခါးလေးကိုဖက်ပြီး လိုက်လာခဲ့တော့သည်။

"ဖက်ထားနော်၊ လွတ်ပြီးကျန်ခဲ့ဦးမယ်"

"ဝသုန်က ထားခဲ့မှာလား"

"ကဗျာလိုက်မယ်ဆိုရင် မိုးကောင်းကင်ကြီးအဆုံးထိ ခေါ်သွားမှာပါ"

"ကိုကိုဗို"

"အ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ပခုံးလေးကို မနာမကျင် ကိုက်လိုက်လေတော့သည်။

သူ့နှလုံးသားတွင် အချစ်ဆိုတာကို ရောက်ရှိနေပြီလား။

သူ့ရင်ထဲကို ရောက်ရှိနေသောအချစ်ဟာ ကဗျာအိမ်ဆိုသော သူမပင် ဖြစ်နေမလား။

သူ ကဗျာအိမ်ကို ချစ်နေပြီလားဆိုတာကိုတော့ အဖြေမထွက်ခဲ့ပေ။

သူတို့နှစ်ယောက်ဟာ ချစ်သူတွေမဖြစ်ခဲ့ကြပေမဲ့…

နှစ်ဦးလုံးရင်ထဲမှာတော့ ချစ်ခြင်းတရားတို့ရဲ့ပန်းတို့က ပွင့်နေပြီလေ။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁၀ ◀

"ဝသုန်"

"ဗြော်... ပျိုး"

"နင့်ကိုကြည့်နေတာ ကြာပြီ၊ နင် ဘာတွေတွေးနေတာ လဲ"

"ဘာရယ်မဟုတ်ပါဘူးဟာ၊ အိမ်ပြန်ပြီးဆောက်မဲ့ကိစ္စ အတွက် စဉ်းစားနေတာပါ"

သူ့နားသို့ရောက်လာသော ပျိုးကို သေသေချာချာကြည့် ပြီး စိတ်ထဲမှာမကောင်း။ပျိုးလွယ်ထားရသော ကိုယ်ဝန်နဲ့ပတ်သက်ပြီး ပျိုးတစ် ယောက် ဘယ်လိုဆုံးဖြတ်မလဲဆိုတာကို သိချင်နေသည်။ ဒါပေမယ့် ခုချိန်မှာ မေးရန်မသင့်သေးပေ။

"ဝသုန်... နင် ဘယ်လိုအိမ်ဆောက်မှာလဲ"

"သစ်သား၊ သွပ်မိုး အိမ်ပြန်ပြီးဆောက်ဖို့ဆိုတာက ခုချိန်မှာ မလွယ်သေးဘူး၊ အားလုံးက ကိုယ်စီဘ... ကို ရင်ဆိုင်နေကြရတာဆိုတော့ ဝိုင်းပြီးလုပ်ပေး... ဆိုတာ မလွယ်ဘူးလေ၊ ဝါးအိမ်တောင့်တောင့်...



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးဆောက်ရင် ကောင်းမလားလို့၊ နင် ဘယ်လို သဘောရလဲ ပျိုး"

"နင်ကောင်းသလို စီစဉ်ပါ၊ ဘုန်းကြီးကျောင်းမှာ ရေရှည်ကြီးတော့ နေဖို့မသင့်ဘူးလေ"

"အေးပါ၊ ငါ အမြန်ဆုံးဆောက်မှာပါ၊ နီကလောင်နဲ့ ထူးအောင်ကိုတောင် အကူအညီတောင်းထားတယ်၊ လောလောဆယ် ဆောက်ရမဲ့နေရာအတွက် ရှင်းလင်းရဦးမယ်"

"ငါပါ ဝိုင်းပြီးလုပ်ပေးမယ်"

"ပျိုးရယ်... နေပါဟာ၊ တော်ကြာ ထိခိုက်ကုန်မှဖြင့်"

"ဝသုန်... ငါ နင့်ကို အရမ်းအားနာနေပြီဟာ"

"နင်နဲ့ငါ့ကြားမှာ သူစိမ်းဆန်တဲ့အကြောင်းအရာတွေကို ခဝါချလိုက်ပါတော့၊ ဒီနေ့ ဒီရက်ကစပြီး အနီးကပ်ဆုံး လူနှစ်ယောက်အဖြစ်နဲ့ နေထိုင်ကြရအောင်"

"နင် အိမ်ကို ဘယ်နေရာမှာဆောက်မှာလဲ"

"ဟိုမှာလေ"

သူ လက်ညှိုးထိုးပြလိုက်တဲ့ နေရာက မန်ကျည်းပင်ကြီးအောက်ပင် ဖြစ်သည်။

"မန်ကျည်းပင်ကြီးက ဘာမှမဖြစ်ဘူးနော်"

"ဟုတ်တယ်၊ နင်နဲ့ငါ နေထိုင်ဖို့အတွက် အရိပ်ဘိစိခ အဖြစ်နဲ့ ရှိနေသေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန့်"

"ဘာလဲ ပျိုး"

"ဒီမန်ကျည်းပင်ကြီးကိုမြင်ရင် နင် ငါ့ကို စိတ်မနာဘူးလား"

"ဘာကိုနာရမှာလဲဟာ"

"နင့်ကို အဖေ မုန့်တွေခိုးခိုးကျွေးရတာလေ"

"ဟင်... ဒါတွေ နင်သိတယ်"

"သိတာပေါ့၊ ငါက မသိချင်ယောင်ဆောင်နေတာ"

"စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး၊ ငါစိတ်ဆိုးတယ်ဆိုတာ တကယ်တော့"

ပျိုးနှုတ်ဖျားမှ စကားသံလေး ဆက်ပြီးထွက်မလာတော့ပေ။ သူလည်း မမေးချင်ပေ။

"ကိုဝသုန်ရေ"

"ထူးအောင်... လာဟေ့"

**ထူးအောင်တစ်ယောက်** တူရွင်းပြားကြီးကိုကိုင်ပြီး လာနေသလို **နီကလောင်က** ဓားမတစ်လက်ကိုကိုင်ပြီး လာနေသည်။

"**ဘာလဲ**... ငါ့အိမ်အတွက် လုပ်အားပေးလား"

"ဟုတ်တာပေါ့ဗျာ"

"ဝသုန်ရေ"

"ဘာလဲ နီကလောင်"

"မင်းနဲ့ငါက လိုအပ်တဲ့ဝါးတွေ **သွားပြီး**ခုတ်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



အမိုးကတော့ ပျိုးနေတဲ့အိမ်က သွပ်မိုးတွေကို ပြန်ပြီး သုံးလို့တော့ရတယ်၊ မင်းဆောက်မဲ့အိမ်လောက်ဆို လောက်ပါတယ်"

"အေး… သွားကြရအောင်၊ ပျိုး… ထူးအောင်နဲ့ နေခဲ့ ဦးနော်"

"အင်း"

ပျိုးကိုထားခဲ့ပြီး နှစ်ယောက်သား ထက်လာခဲ့သည်။

"ရွာထဲမှာ ငိုသံတွေကတော့ ဆူညံပွက်လောရိုက်နေတာပဲ ကွာ"

"ဘာဖြစ်လို့လဲ နီကလောင်"

"ဘာဖြစ်ရမလဲ၊ လယ်ထဲမှာသွားနေကြတဲ့ မိသားစုတွေ တစ်ယောက်မှ အသက်ရှင်တယ်ဆိုတာ မကြားရဘူး ကွာ"

"နီကလောင်… ရွာလေးရွာထဲမှာ တို့ရွာက လူ အသေ အပျောက် အနည်းဆုံးဆိုရမယ်၊ တခြားရွာတွေဆိုရင် ကြားမကောင်းအောင်ပဲကွာ"

"ချောင်းထဲမှာလည်း အလောင်းတွေက တန်းစီနေတာပဲ၊ ငါတို့ရွာကတော့ မဟုတ်ဘူး၊ တခြားရွာက အလောင်း တွေ ဖြစ်မယ်"

"နီကလောင်ရေ… ဆက်ပြီးပြောမနေပါနဲ့တော့ကွာ၊ ကြားရတာ နားထဲမှာ အရှမ်းကို ခါးသီးလှတယ်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ သူတွေရဲ့ဘဝတွေကို ရှင်သန်အောင် လုပ်ကြဖို့ပဲ အရေးကြီးတယ်"

"မြို့နဲ့ရွာကို ဆက်သွယ်တဲ့လမ်းမကြီး မကောင်းသရွေ့ကတော့ အစားအသောက်ကိစ္စတွေအတွက် ပြဿနာရှိနိုင်တယ်"

"ဒီအတွက်လည်း ရွာမှာ စပါးရှိကြတဲ့သူတွေစုပြီး စီစဉ်နေကြပြီ မဟုတ်လား"

"စပါးတွေကတော့ ရှိပါတယ်။ နေပူလှန်းပြီးကြိတ်ရင်တော့ ဆန်ဖြစ်နိုင်ပေမဲ့ ကြိတ်မဲ့စက်က ပြဿနာကွ"

"တောင်ကုန်းဘက်က ကြိတ်စက်ကြီးက အမိုးအကာလောက်ပဲ ထိခိုက်တာဆိုတော့ အမြန်ဆုံးပြန်ပြုပြင်ရင်တော့ ပြန်ပြီးလည်ပတ်နိုင်မှာပေါ့"

"ဒီအတွက်လည်း ဝိုင်းပြီးလုပ်နေကြပါပြီ၊ ဩော်... ဒါနဲ့ ဝသုန်"

"ဘာလဲ နီကလောင်"

"ပျိုးကိစ္စ ဘယ်လိုစီစဉ်မလဲ"

"ဟင်... ပျိုး ဘာကိစ္စလဲ"

"မင်းနဲ့ငါက ပြောရမဲ့သူတွေမဟုတ်တော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့ကွာ၊ ပျိုးမှာ ကိုလတ်နဲ့ရထားတဲ့ ကိုယ်ဝန်ရှိနေတယ် မဟုတ်လား"

"ဟင်... မင်း ဘယ်လိုလုပ်သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်… ငါလည်း အဘလှိုင်အိမ်မှာ မိသားစုလိုနေ ထိုင်နေရတဲ့ကောင်ပါ၊ ဘယ်ကသိသလဲဆိုတာကို မေး မနေပါနဲ့ကွာ၊ ဒီကိစ္စ ငါကလွဲပြီး ဘယ်သူမှမသိပါဘူး"

"နိကလောင်… ခုကိစ္စက ပျိုးရဲ့ဂုဏ်သိက္ခာပိုင်းမို့ ငါ ဘယ်သူ့ကိုမှ ထုတ်ပြီးမပြောတာပါကွာ၊ ငါ့အပေါ် တစ်မျိုးမမြင်ပါနဲ့"

"မမြင်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် တိုင်တိုင်ပင်ပင်လုပ်ရင် ကောင်းတာပေါ့"

"ပျိုးကိုယ်ဝန်ကိစ္စနဲ့ပတ်သက်ပြီး ပျိုးနဲ့ငါ ဘာမှမပြောရ သေးဘူး"

"မင်းသိနေတာကို ပျိုးရောသိရဲ့လား"

"မသိသေးဘူးကွ"

"ကိုလတ်သေတာရော ပျိုးသိသွားပြီလား"

"တိတိကျကျတော့ မသိသေးဘူး၊ ဒါပေမယ့် သူလည်း ခပ်ညှံ့ညှံ့မှမဟုတ်တာ၊ ရိပ်တော့ ရိပ်မိနေပြီ"

"မင်း ဖွင့်ပြောပြီး စီစဉ်သင့်တာကို စီစဉ်တော့၊ အချိန် နောက်ကျပြီးမှဆိုရင် မကောင်းဘူး၊ ဗိုက်က ဒီအတိုင်းနေ မှာမဟုတ်ဘူး"

"ဒီအတွက် ငါလည်းစဉ်းစားနေတာပဲ၊ အိမ်ပြီးမှ အေးအေး ဆေးဆေး ပျိုးနဲ့ဆွေးနွေးရမယ်"

"မင်းဆွေးနွေးမှာက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပျိုးကိုယ်ဝန်ကို တာဝန်ယူဖို့ပေါ့"

"ဟာ... ဝသုန်၊ မင်း ကဗျာအိမ်ကို ဘယ်လိုလုပ်မလဲ"

"ငါ စဉ်းစားပြီးပါပြီ၊ ကဗျာအိမ်ပေါ်မှာ ဒုတိယအကြိမ် ငါ ကတိပျက်ရတော့မှာပဲလေ"

"မင်း အမှန်အတိုင်း ကဗျာအိမ်ကို ပြောပြလိုက်ပါလား"

"နီကလောင်... ပျိုးရဲ့ဂုဏ်သိက္ခာအတွက် ငါ ဘယ်သောခါမှ ပြောမှာမဟုတ်ဘူး"

"မင်းကို ကဗျာအိမ်က မုန်းသွားမှာကိုရော မစိုးရိမ်ဘူးလား"

"ကဗျာအိမ်ရဲ့အမုန်းဟာ ပျိုး ငါ့ကိုမုန်းလို့ ခံစားရတာထက် ပိုပြီးခံစားရမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ငါ ရင်စည်းပြီးခံမယ်ကွာ"

"မင်းဆိုတဲ့ကောင်ဟာ ပျိုးအတွက် လူဖြစ်လာခဲ့တာပဲ"

"မင်းကြိုက်သလိုသာ မြင်တော့ကွာ၊ ပျိုးကို ငါ ကာကွယ်ပေးရတာ ပျိုးတစ်ယောက်တည်းအတွက် မဟုတ်ဘူး၊ ကိုယ့်လတ်အတွက်ပါပါတယ် နီကလောင်"

ကျိုးတဲ့အပင်က ကျိုး၊ လဲတဲ့အပင်ကလဲနေတဲ့ ဝါး... တွေကိုကြည့်ပြီး သူ့နှလုံးသားတွင် ကြေကွဲခြင်းတွေကို တစိမ့်... ခံစားနေရလေသည်။

ကဗျာရယ်... ငါ့ကိုခွင့်လွှတ်ပါလို့ ပြောမရွက်တော့...



www.burmeseclassic.com

www.burmeseclassic.com



ဟာ…

"ပျိုးက မင်းကို အားကိုးနေတာတော့ အမှန်ပဲကွ"

"အင်းလေ… သူ့ဘဝမှာက အားကိုးစရာမှမရှိတော့တာ"

"မင်းရဲ့ဆုံးဖြတ်ချက်ကို ငါ တကယ်လေးစားတယ်ကွာ"

"နိကလောင်… ဒီဆုံးဖြတ်ချက်အတွက် ငါ့နှလုံးသားမီးလောင်ခံနေရတာ မင်းမှမမြင်ဘဲကွာ"

"ငါသာ မင်းနေရာမှာဆိုရင် ဒီလိုဆုံးဖြတ်ချက်မျိုး ချမှာမဟုတ်ဘူး"

"မင်းက ဘယ်လိုဆုံးဖြတ်မလဲ"

"ကိုယ့်အပေါ်ချစ်တဲ့သူနဲ့ ဘဝကိုဖြတ်သန်းမှာပေါ့၊ ကိုယ့်ကို မုန်းခဲ့တဲ့သူနဲ့ ဘဝကိုစတေးမခံနိုင်ဘူး ဝသုန်"

"ငါ ပျိုးဆီက အမုန်းကို ပိုင်ဆိုင်ထားပြီး ဘာကြောင့်မုန်းခဲ့တယ်ဆိုတာကို ခုထိမသိရသေးဘူး၊ အဲဒီပုဏ္ဏာကို ရအောင်ယူချင်သေးတယ်"

"ပျိုး မင်းကို ကိုလတ်နဲ့ပြောသလို မုန်းချင်လို့မုန်းတာဆို"

"အေး… ပျိုး မုန်းချင်လို့မုန်းတဲ့အကြောင်းကို ပိုင်ဆိုင်ရရင် ငါကျေနပ်ပါပြီ"

"တကယ့်အံ့ဖွယ်ပဲ၊ သူများတွေက ချစ်ရတဲ့အကြောင်းကို ရှာဖွေကြတယ်၊ မင်းကတော့ မုန်းရတဲ့အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေရတယ်လို့ကွာ"

"လူတစ်ယောက်က လူတစ်ယောက်ကို မုန်းတယ်ဆိုတာ အမုန်းရဲ့အကြောင်းပြချက်တော့ ရှိရမှာပေါ့၊ ငါ့ဘဝမှာက အမုန်းရဲ့အကြောင်းပြချက်မရှိဘဲ အမုန်းခံနေရတာ"

"မင်းကို ပျိုးပြောမယ်လို့ ထင်လား"

"တစ်နေ့ သူ့နှုတ်ဖျားက ပြောလာမှာပါ"

နှစ်ယောက်သား ခုတ်ပြီးသားဝါးများကို ထမ်းပြီးပြန်လာခဲ့ကြတော့သည်။

"ကိုဝသုန်ရေ… ဒီနေရာအကျယ်အဝန်းက အတော်ပဲလား"

"အင်း… ဒီလောက်ပဲဆောက်တာ ကောင်းပါတယ် ပျိုး ရော သဘောကျရဲ့လား"

"အင်း"

ကျိုးကျနေသော သစ်ပင်လေးပေါ်တွင် ထိုင်ရင်း ခေါင်းကို သာ ညိတ်ပြနေသည်။

"တုံး… တုံး… တုံး"

"ဟော… ဘုန်းကြီးကျောင်း တုံးခေါက်နေပြီ၊ ငါနဲ့ ထူးအောင် ထမင်းထုပ်သွားယူလိုက်ဦးမယ်၊ မင်းတို့ ဒီကပဲစောင့်"

"အေး"

နီကလောင်နှင့် ထူးအောင်ထွက်သွားပြီးနောက်…



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်… ဒီမှာလာထိုင်ဦး"

အိမ်ဆောက်ရန်အတွက် ဝါးများကို ပိုင်းပြီးခုတ်မည့်အမြူ ချိုးက လှမ်းပြီးခေါ်တာကြောင့် ပျိုးနားကို သူသွားခဲ့သည်။

"နင် ဘာပြောမလို့လဲ"

"ပြောမလို့မဟုတ်ဘူး၊ မေးမလို့"

"မေးလေ"

"ခု ငါမေးမဲ့စကားက ငါ့ဘဝအတွက် အရေးသိပ်ကြီးတယ် ဝသုန်၊ နင့်နှုတ်ဖျားက အမှန်ဆုံးပြောရမယ်"

"ငါ ပြောပါ့မယ်"

"ကိုလတ်ဆုံးသွားပြီ မဟုတ်လား"

"ဟင်"

ပျိုးမျက်နှာတွင် မျက်ရည်ဥများ ဝေ့သီလျက် တွေ့နေရသည်။

"ဖြေလေ ဝသုန်"

"ဟုတ်တယ်၊ ကိုလတ် ဆုံးသွားပြီ"

ပျိုး အံကိုကြိတ်ပြီး မျက်ရည်များ ကျနေလေသည်။

"ကိုလတ်ဟာ တကယ့်သူငယ်ချင်းကောင်းတစ်ယောက်ပါ"

"ဟင်"

ပျိုး ဘာလို့ ကိုလတ်ကို သူငယ်ချင်းကောင်းလို့ ပြောလိုက်သည်ကို သူ နားမလည်နိုင်အောင် ဖြစ်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်နှင့် ပျိုးက ချစ်သူတွေဆိုတာကို ကိုလတ်နှုတ်ဖျား က ပြောခဲ့ဖူးတယ်။ ဘာလို့ ပျိုးက ကိုလတ်ကို ချစ်သူအဖြစ် မသတ်မှတ်တာလဲ။

"ငါဟာ တကယ့်သူငယ်ချင်းကောင်းနှစ်ယောက်နဲ့ ဆုံခဲ့ ရပေမဲ့ ငါ သူတို့အပေါ်မှာ မကောင်းခဲ့ဘူး၊ ခုတော့ တစ်ယောက်ဆုံးရှုံးခဲ့ရပြီလေ၊ ကိုလတ်သေရတာ ငါ့ကြောင့်"

"ဟင်"

"အဲဒီနေ့က ငါ့ကို အိမ်ထဲကနေ အပြင်ကိုရအောင် ထုတ် ပေးပြီးမှ သူ အိမ်ထဲမှာ ကျန်ရစ်ခဲ့တာလေ၊ ကိုလတ် ရယ်… နင်ဟာ ငါ့ဘဝမှာ ဘယ်လိုမှမေ့မရနိုင်တဲ့ လူတစ်ယောက်အဖြစ် ငါ့ရင်ထဲမှာ ရှိနေမှာပါ"

"ပျိုး"

"ငါ ငိုပါရစေဟာ၊ ငါ့ကို ကိုလတ်မြှုပ်ထားတဲ့ နေရာလေး ကို နင် လိုက်ပြီးပို့ပေးပါလား ဝသုန်"

"ရေတွေကျသွားတဲ့အခါ ငါပို့ပေးပါ့မယ်"

"ဝသုန်… နင်လည်း ကိုလတ်လို ငါ့ကိုမထားခဲ့ပါနဲ့ နော်"

"စိတ်ချပါ ပျိုးရယ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁၁ ◀

သူတို့နှစ်ယောက်နေထိုင်မည့် အိမ်ကလေးကတော့ ပြီးဆုံးခဲ့ပြီ။

ယခင်က တိုက်ခံပျဉ်ထောင်အိမ်ကြီးနှင့် နေထိုင်ခဲ့သော ပျိုးအတွက် ဝါးအိမ်၊ သွပ်မိုးကလေးနှင့် ဘဝကို ပြန်ပြီးစတင်ခဲ့ရပြီ မဟုတ်လား။

"အိမ်တက်ပွဲ ဘာကျွေးမှာလဲဟေ့"

နီကလောင်ရဲ့ အော်သံကြောင့် ပျိုးနှင့်သူ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိသည်။

"အိမ်နဲ့ပစ္စည်းတွေက ဆန့်ပါ့မလားဟေ့"

ထူးအောင်ကပါ ဝင်ပြီးဖောက်တာကြောင့် နှစ်ယောက်သား ပြုံးမိလိုက်သည်။

သူတို့နှစ်ယောက်မှာ ပိုင်ဆိုင်တာဆိုလို့ ကိုယ်ပိုင်အကျီလေးတစ်ထည်စီပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ တကယ့်ဘဝကို စတင်တာကွ၊ ဟုတ်တယ် မဟုတ်လား ပျိုး"

"အင်း"

"ဒီအတိုင်းတော့ မဖြစ်သေးပါဘူး၊ လိုအပ်တာလေးတွေ တော့ ရှာဖွေရမှာပေါ့၊ ထူးအောင်"

"ဘာလဲ ကိုနီကလောင်"

"မင်းက ရွာဆော်ဆိုတော့ ရွာထဲမှာ အပိုအလျှံရှိတဲ့ အိမ်တွေက မျှတပြီးတောင်းရအောင်ကွာ"

"အင်း… ခုမှ သတိရတယ်၊ ကိုဝသုန်"

"မင်းက ဘာကိုသတိရတာလဲ"

"မြို့ကို တက်ကြရင်ကောင်းမယ်၊ မြို့ဆိုတော့ ကျွန်တော် တို့ထက်စာရင် သိပ်ပြီးဆိုးမှာမဟုတ်ဘူး၊ ဟိုမှာက မိတ်ဆွေသူငယ်ချင်းတွေရှိတော့ တောင်းရင် တစ်ခုခု တော့ ရမှာပဲလေ"

"အင်း… မင်းပြောတာ မဆိုးဘူး"

"ဝသုန်"

"ဘာလဲ ပျိုး"

"မသွားပါနဲ့ဟာ၊ အန္တရာယ်တွေက များပါမေ့"

"ဘယ်အရာမဆို စွန့်စွန့်စားစားလုပ်မှ အကျိုးအမြတ်ဆိုတာ ရှိတယ်၊ ဘယ်နေ့သွားမလဲ"

"သွားဆို ခုတောင်သွားချင်တယ်၊ မနေ့က ငွေပွတို့အုပ်စု



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုတက်ပြီး အကူအညီတောင်းတာ မနည်းဘူး ရ လာတယ်''

''ဒါဆို သွားမယ်ကွာ''

''ဝသုန်… ငါတစ်ယောက်တည်း မနေရဲဘူး''

''အေးပါ၊ ထူးအောင်ညီမ မြင့်မြင့်မိုးကို ခေါ်ထားမှာပေါ့''

''နင်တို့လည်း အမြန်ပြန်ခဲ့ဦးနော်''

''အင်း… ထူးအောင် မင်းညီမကို သွားခေါ်ကွာ၊ ရောက် တာနဲ့ သွားကြမယ်''

''ဟုတ်ကဲ့''

ထူးအောင် ညီမဖြစ်သူကို သွားခေါ်ပြီး ပျိုးနှင့်အတူထားခဲ့ ကာ မြို့ပေါ်သို့ တက်ခဲ့ရသည်။

ယခင်က ရွာနှင့်မြို့ပေါ်သို့ တစ်နာရီလောက် လမ်း လျှောက်ရင် ရောက်တတ်ပေမဲ့ ခုချိန်မှာတော့ မုန်တိုင်းဒဏ်ကြောင့် လမ်းမှာပျက်စီးပြီး ရေတွေ၊ သစ်ပင်တွေနှင့် ခက်ရာခက်ဆစ်ဖြစ်ပြီး သွားနေရသည်။

ထို့အပြင် လမ်းပေါ်တွင် မိန်းကလေးအလောင်းတွေကို လည်း တွေ့မြင်နေရလေ၏။ ကျွဲနွားအလောင်းတွေကလည်း ပေါ များလှသည်။

''ဒီမြင်ကွင်းမြင်ရတာ ငါ့စိတ်ထဲမှာ ကမ္ဘာကြီးပျက်သွား သလိုတောင် ထင်မိတယ်၊ တကယ့် အနိဋ္ဌာရုံ မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ"

"ဒါတွေကို မရှင်းကြသေးဘူးလား"

"ရှင်းတော့ ရှင်းနေကြပါပြီ၊ ချက်ချင်းကြီးတော့ ဘယ်လို လုပ်ပြီးပြီးမလဲကွာ"

"ဒါနဲ့ ကိုဝသုန်၊ ကျောင်းထိုင်ဘုန်းကြီးက ပြောတယ်"

"ဘာပြောတာလဲ"

"ကျွန်တော်တို့ ရွာကို ပြန်ပြီးထူထောင်မယ်ဆိုရင်တောင် အနည်းဆုံး ငါးနှစ်လောက်မှ ရွာက သာသာယာယာ ပြန်ပြီးဖြစ်မှာတဲ့၊ ဟုတ်လား"

"ဟုတ်တယ် ထူးအောင်၊ ရွာမှာ အပင်ကောင်းဆိုတာ လည်း မရှိတော့ဘူး၊ အိမ်ကောင်းဆိုတာလည်း မရှိတော့ ဘူးလေ၊ လူတွေရဲ့ စီးပွားရေးဆိုတာ ပျက်စီးသလောက် ကို ဖြစ်နေပြီ၊ အားလုံးက အစကနေ ပြန်ပြီးရုန်းကန် ကြရမှာဆိုတော့ ငါးနှစ်လောက်မှ အရင်လို ရွာကို ပြန်ပြီးဖြစ်လာနိုင်မှာ"

"တကယ် နှလုံးသားမဲ့တဲ့ ရက်စက်မှုကြီးပဲဗျာ"

"သဘာဝတရားက လူတွေကို ကောင်းကျိုးပေးတတ် သလို ဆိုးကျိုးကိုလည်း ပေးတတ်တာ လက်တွေ့ပဲလေ၊ အပြစ်ပြောလို့မှမရတာ၊ အမှန်တော့ သဘာဝတရားကြီး ဟာ ဘယ်သူဘယ်ဝါဆိုပြီး ရက်စက်ခဲ့တာ မဟုတ်ဘူး၊ သူ့တာဝန်ရှိတဲ့အတိုင်း လုပ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာပဲလေ၊ ဒီအပေါ်မှာ လူတွေက မခံနိုင်တာပဲ ရှိတယ်၊ ဖြေမယ်ဆို ဖြေလို့ရပါတယ်၊ ကိုယ်တစ်ယောက် တည်းမှ မဟုတ်တာ''

စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရင်း တာမှမရှိ တော့တဲ့ လယ်ကွင်းပြင်ကြီးကို သုံးယောက်လုံး ငေးကြည့်မိသည်။

အရင်က သူတို့မြို့ပေါ်လာတိုင်း အပြင်မှာ ထွက်ထွက်ပြီး ဆော့နေသော ကလေးငယ်များကို မတွေ့ရတော့ပေ။ သူတို့ နေထိုင်သော အိမ်ကို ငုတ်တိုတောင် မတွေ့ရတာကြောင့်

''အားလုံးသွားပြီနဲ့ တူတယ်''

''ဝသုန်ရယ်၊ ငါတို့ရွာမှာနေတဲ့သူတွေတောင် သေကြရ တာ၊ သူတို့လို အကာအကွယ်မဲ့စွာ နေကြရတဲ့ မိသားစု အတွက် အသက်ရှင်လမ်းဆိုတာ စဉ်းစားလို့တောင် မရဘူး''

နီကလောင်ပြောသလို အရှေ့ဘက်မှာ ကွင်းပြင်၊ အနောက် ဘက်မှာ ကွင်းပြင်ဖြစ်နေတာကြောင့် ထိုမိသားစုရဲ့ကံကြမ္မာဟာ အကောင်းဆိုတာ မရှိတော့ပေ။

''မနေ့က တောင်ကုန်းက သတင်းတစ်ခုက ပိုပြီးတောင် ရင်နာစရာကောင်းတယ်''

ထူးအောင်စကားကို နှစ်ယောက်သား နားစွင့်လိုက်သည်။

''အဖေနဲ့အမေက သားနဲ့သမီးကို နွားစားခွက်ကြီးထဲထည့် ပြီး မျောလာချိန်မှာ သစ်ပင်က ကျိုးကျပြီး အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမေကို ရိုက်ချတာ ပွဲချင်းပြီးသေတာပဲကွ"

"ကလေးတွေကရော"

"ကလေးနှစ်ယောက်ကတော့ မသေဘူး၊ နွားစာခွက်ကြီးနဲ့ မျောလာတာ ရွာထဲမှာတင်နေလို့ ကယ်ထားလိုက်ရတယ်"

"ဒါနဲ့ နီကလောင်၊ မင်းယောက္ခမလောင်းကြီး မသေဘူး ဆို"

"ဦးချယ်ပိုလား"

"ဟုတ်တယ်"

"ဒီအကြောင်းကိုပြောရင် ရင်ကို မီးစနဲ့ထိုးသလိုပဲ"

"ဘယ်လိုဖြစ်လို့လဲ၊ မင်းအဖိုးကြီးကို မနေ့ကတောင် တွေ့လိုက်ရတယ်"

"အဖိုးကြီးက မသေဘူး၊ သမီး (၆)ယောက်တော့ ခုချိန်ထိ တစ်ယောက်တောင် ရှာမတွေ့သေးဘူး"

"ဟာ... ဒါဆို မင်းအသည်းကျော်လေးလည်း ပါသွားပြီပေါ့"

"အင်း... အဖိုးကြီးလည်း စိတ္တဇလိုတောင် ဖြစ်နေပြီ၊ တစ်ညလုံး သမီး (၆)ယောက်ကို တစ်ယောက်ချင်းလက်ချိတ်ပြီး အုန်းပင်ကိုဖက်ထားတာ၊ မနက်မိုးလင်းတော့ အုန်းပင်မှာ အဖိုးကြီးတစ်ယောက်ပဲ ကျန်ခဲ့တာ၊ သမီး (၆)ယောက်ကတော့ ရှာမတွေ့တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရတဲ့သတင်းတွေကတော့ နားမဆန့်နိုင်အောင်ပဲကွာ၊ ဟိုရှေ့က အလောင်းက အမျိုးသမီးအလောင်းမို့လား"

"ဟုတ်တယ်၊ လမ်းခင်းတဲ့မိသားစုထဲက အမေလုပ်သူနဲ့တူပါတယ်"

"ကျန်တာတွေကရော"

"သားအဖကတော့ အသက်ရှင်တယ်၊ ကလေးနှစ်ယောက်နဲ့ မိခင်ကတော့ သေတယ်လို့ပြောတာပဲ"

သူတို့သုံးယောက် မြင်ကွင်းများကို မျက်နှာလွှဲပြီး ပိတ်ဆို့နေသော သစ်ပင်တွေအောက်မှ မြို့ဆီသို့ တက်ခဲ့ရလေတော့သည်။

မြို့ပေါ်ရောက်တော့လည်း အိမ်ကြီးတွေကလွဲပြီး အိမ်တွေကတော့ ပျက်စီးနေပြီဖြစ်သည်။ ဒါပေမယ့် ရွာထက်တော့ မဆိုးကြပါ။

"မြို့လည်း ထိတာပဲကွ"

"အေး... ငါတို့တက်လာတာ မှားပြီထင်တယ်"

"ရောက်လာမှတော့ကွာ၊ အပြန်ကောင်းအောင်တော့ တစ်ခုခုရအောင် သယ်ရမှာပဲ"

"ဘာသယ်မလဲ"

"ရတာပေါ့ကွာ"

ပျက်စီးယိုယွင်းနေသော အိမ်များ၊ ဆိုင်များကို ငေးကြည့်ရင်း မြို့ထဲလမ်းမကြီးပေါ်သို့ ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်တွင် သူလို ကိုယ်လိုပင် အစားအသောက် ဒုက္ခ ရောက်နေသူများက ရှိသူများထံက တောင်းရမ်းနေကြသလို သက်ဆိုင်ရာမှလည်း အစားအသောက်များကို စတင်ပြီး ဝေခြမ်းနေပြီ ဖြစ်သည်။

"လူတွေတန်းစီနေတာ အများကြီးပဲကွ"

"ဟုတ်တယ် ဝသုန်၊ ဒီလူတန်းကနေ တန်းစီရင် ရွာကို မိုးချုပ်တောင် ပြန်ပြီးရောက်မှာမဟုတ်ဘူး"

"ဘယ်လိုလုပ်မလဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ဆီတော့ သွားပြီး အကူအညီ တောင်းကြည့်တာပေါ့ကွာ"

သူ့သူငယ်ချင်းအိမ်ရှေ့ရောက်တော့ ပိုပြီး စိတ်ပျက်သွား သည်။

သူ့သူငယ်ချင်းအိမ်မှာ ပြိုပျက်နေပြီဖြစ်သည်။ လူတွေ တော့ ဘယ်ရောက်နေသလဲ မသိ။

"မျှော်လင့်ချက်ကတော့ ဝေးပြီ"

"ပြန်ကြမယ်ကွာ၊ ရွာမှာ ရှိတာလေးနဲ့ပဲ စားကြတာပေါ့။ နောက်ထပ် (၃) ရက်လောက် တင်းခံထားရင် အခြေ အနေတော့ ကောင်းလာမှာပါ"

"ဒါဆိုလည်း ပြန်မယ်"

သုံးယောက်လုံး စိတ်ပျက်စွာနှင့် ပြန်လာခဲ့ကြတော့သည်။ ခုချိန်မှာ အားလုံး ဒုက္ခဒဏ်ကို ရင်စည်းပြီးခံနေရတော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အကူအညီတောင်းဖို့ဆိုတာ မလွယ်ပေ။ ကိုယ့်ရွာတစ်ခု တည်းဆိုရင် ကိစ္စမရှိပေ။

ခုဟာ တစ်မြို့နယ်လုံးရှိ ရွာအားလုံးခံရတာကြောင့် အားလုံး အဝတူလူတွေချည်း ဖြစ်နေကြလေသည်။

ခေါင်းငိုက်စိုက်ဖြင့် ပြန်လာချိန်တွင်…

"တီ… တီ"

"ဟင်"

ကားဟွန်းသံကြောင့် သုံးယောက်လုံး လှည့်ကြည့်တော့ ကားတစ်စီး သူတို့နားတွင် ထိုးရပ်သွားတာကို တွေ့လိုက်ရသည်။

"ဟာ… ကဗျာ"

ကားပေါ်မှဆင်းလာသူက ကဗျာအိမ်…

"ဝသုန်"

သူ့ဆီကို အပြေးကလေး ရောက်လာခဲ့ပြီး

"နင် မသေဘူးနော်"

"ကဗျာရယ်… မသေလို့ နင့်ရှေ့မှာတွေ့နေရတာပေါ့"

"ဝသုန်ရယ်… ငါဖြင့် စိုးရိမ်ရလိုက်တာ"

ကဗျာ့မျက်ဝန်းတွင် မျက်ရည်ဥများဝေ့လျက်…

"နင်တို့ ဘာလာလုပ်ကြတာလဲ"

"ဟို"

သူ့နှုတ်ဖျားမှ ပြောမထွက်ဖြစ်နေသည်။

"ဝသုန်ရာ… ခုချိန်မှာ ရှက်မနေပါနဲ့တော့၊ ငါတို့မြို့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး စားစရာ၊ သောက်စရာ၊ ဝတ်စရာလေး တက်ပြီးရှာတာဟာ"

"ဝသုန်ရယ်.. ဒါကိုများ မပြောရဲဘူးဖြစ်နေတယ်၊ လာ.... ငါနဲ့လိုက်ခဲ့"

"ကဗျာ"

"လိုက်မှာသာ လိုက်ခဲ့၊ စကားအပိုတွေ ပြောမနေနဲ့"

"မင်းကလည်း ဟုတ်သားပဲ"

နီကလောင်က နောက်ကနေ အတင်းတွန်းပြီးလွှတ်တာကြောင့် ကဗျာအိမ်နောက်သို့ သူတို့သုံးယောက် လိုက်ပါလာခဲ့ကြတော့သည်။

အပြန်ခရီးတွင်...

"ဝသုန်... ငါ မလိုက်တော့ဘူး"

"မလိုက်နဲ့တော့ ကဗျာ၊ နင်လိုက်လို့လည်း ရမှာမဟုတ်ဘူး"

"လမ်းတွေပြန်ပြီးကောင်းရင် ငါ နင့်ဆီကို အရောက်လာခဲ့မယ်"

"အေး"

"ဘာကြောင့်ပဲဖြစ်ဖြစ် နင် အသက်ရှင်လျက်နဲ့တွေ့ရတာကို ငါ လာရကျိုးနပ်ပြီ"

"ကဗျာ"

"ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နင်မတွေ့ရင် ဘယ်လိုလုပ်မလဲ"

"ခုနက နင်တို့ကို ပစ္စည်းတွေယူပေးလိုက်တဲ့အိမ်က ငါ့မိတ်ဆွေအိမ်ပါ၊ သူ့ဆီမှာ ညအိပ်ပြီး နင်တို့ရွာကို မနက်ကျရင် လာခဲ့မှာပေါ့"

"တော်သေးတာပေါ့၊ ငါနဲ့တွေ့လို့၊ ငါတို့ရွာက လာဖို့မလွယ်ဘူး၊ လမ်းမှာမြင်ရတဲ့မြင်ကွင်းတွေက မကောင်းဘူး"

"ဘာတွေပဲဖြစ်ဖြစ် နင့်ဆီကိုတော့ ငါ ရောက်အောင်လာခဲ့မှာပါ၊ ကဲ… နင်တို့သွားကြတော့၊ ရွာကို အပြန်နောက်ကျနေမယ်"

"သွားမယ် ကဗျာ"

"အင်း"

နှစ်ဦးက နှုတ်ဆက်အကြည့်ထဲတွင် သမုဒ္ဒယဖွဲ့နှောင်သော ချစ်ခြင်းရဲ့ပုံရိပ်တွေက ထင်ဟပ်နေဆဲလေ။

သူတို့သုံးယောက်ကျောပေါ်တွင် အဝတ်အစားနှင့် စားသောက်စရာတွေကတော့ လုံလောက်စွာ ရရှိခဲ့လေပြီ။

ထို့အပြင် ချက်ပြုတ်ဖို့အိုးနှစ်လုံးလည်း အဆစ်ပါခဲ့လေသည်။ သူ့ရင်ထဲတွင် ဆွံ့အသွားသော လူတစ်ယောက်လို ဖြစ်နေလေပြီ။ ကဗျာအိမ်ကို စွန့်လွှတ်နိုင်သော အားအင်တွေက ကုန်ခမ်းနေလေပြီ ဖြစ်သည်။

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ပင့်သက်တို့သည် ရင်ကိုမွန်းကြပ်လှအောင် ခံစားနေရလေသည်။

"ဝသုန်"

"နီကလောင် ဘာလဲ"

"မင်းရင်ထဲမှာ ဘာဖြစ်နေလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဝသုန်ရယ်… မင်းရင်ထဲမှာ ကျခဲ့တဲ့မုန်တိုင်းထက် ပိုပြီးပြင်းတဲ့မုန်တိုင်း ကျနေတယ် မဟုတ်လား"

နီကလောင့်စကားကို သူ့အနေဖြင့် မငြင်းလိုပေ။ အမှန်တကယ်လည်း သူ့ရင်ထဲမှာ မုန်တိုင်းကျနေခဲ့တာ မဟုတ်လား။

"မင်းအတွေး၊ မင်းဆုံးဖြတ်ချက်ကို ငါ့အနေနဲ့ ဆက်ပြီး မဝေဖန်ချင်ဘူး၊ ဒါပေမယ့်ကွာ၊ လူ့ဘဝမှာ စိတ်ကူးယဉ်ဆန်တဲ့ ကိစ္စတွေကို အကောင်အထည်မဖော်သင့်ဘူး"

"မင်းဆိုလိုတာက ငါ့ဆုံးဖြတ်ချက်က စိတ်ကူးယဉ်ဆန်တယ်ပေါ့"

"ဟုတ်တယ် ဝသုန်၊ လက်တွေ့ဘဝတွေနဲ့ မင်းဆုံးဖြတ်ချက်က ဝေးနေတယ်"

"မင်းဆိုလိုတာက…"

"မင်းဟာ ခပ်ညံ့ညံ့လူတစ်ယောက်တော့ မဟုတ်ပါဘူး ဝသုန်၊ မင်းအပေါ်မှာ ပျိုးကောင်းတယ် မကောင်းဘူး ဆိုတာ မင်းအသိဆုံး၊ ဒီလိုပဲ ကဗျာအိမ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုတာလည်း မင်းအသိဆုံးပဲလေ၊ တကယ်တမ်း ဖြစ်သင့်တာက ဘာလဲဆိုတာ မင်းသိနေပါတယ်၊ ကဗျာအိမ်ဟာ မင်းရဲ့ စိတ်ကူးယဉ်နှလုံးသားအောက်မှာ စတေးခံရမဲ့ မိန်းကလေးတစ်ယောက် ဖြစ်သင့်သလား မဖြစ်သင့်ဘူးလားဆိုတာကို မင်းစဉ်းစားဖို့အချိန် ရှိသေးတယ် ဝသုန်"

နီကလောင်၏စကားလုံးတို့သည် သူ မငြင်းနိုင်အောင် ခံစားနေရသည်။ သူ့မျက်လုံးထဲတွင် သေဆုံးသွားတဲ့ ကိုလတ် မျက်နှာကို ပြေးပြီး မြင်ယောင်နေသည်။

"ငါ ဘာလုပ်ရမှန်းတောင် မသိတော့ဘူးကွာ"

"မင်းအတွက် တွေဝေတဲ့အတွေးတွေကို အမြန်ဆုံးဖျောက်ပါ၊ မင်းက သူငယ်ချင်းကောင်းပီသချင်တာလား၊ အချစ်ရဲ့ သူရဲကောင်းဖြစ်ချင်တာလား ဝသုန်"

"ခိုကိုးရာမဲ့သွားတဲ့ ပျိုးအတွက် ငါ ဥပေက္ခာမပြုရက်ဘူး"

"ဝသုန်… ခုဖြစ်သွားတဲ့ကိစ္စက ပျိုးတစ်ယောက်တည်း ကြုံခဲ့ရတာမဟုတ်ဘူးလေ၊ ပျိုးထက်ဆိုးဝါးတဲ့ ဘဝတွေ တောင်ရှိသေးတယ်"

"မင်းတို့အပြစ်တင်ရင်လည်း ခံရမှာပဲကွာ"

"ငါတို့က အပြစ်တင်တာမဟုတ်ဘူး၊ ဖြစ်သင့်တာကို ပြောပြနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုဝသုန်၊ ကဗျာအိမ်ဟာ ကိုဝသုန်အတွက် တကယ့်အဖော်မွန်ကောင်းတစ်ယောက်ပါ"

ထူးအောင်ပါ ဝင်ပြီးပြောနေတာကြောင့် သူ့ဘက်တွင် သူတစ်ယောက်တည်းလို ဖြစ်နေလေပြီ။

တစ်လောကလုံးနှင့် သူ စစ်ခင်းပြီး မျိုးရဲ့ဘဝကို အကောင်းဆုံးဖြစ်အောင် ကယ်တင်ရတော့မည်။

ဒီအတွက် သူ့အပေါ်မှာ ကျရောက်လာမဲ့ အပြစ်တင်မြား တွေကို ရင်ကော့ပြီး စူးစိုက်ခံရတော့မည်ဖြစ်သည်။

ကဗျာရယ်...

ငါကို နင် မုန်းလိုက်ပါတော့ဟယ်...

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁၂ ◀

"ဟယ်… အင်္ကျီတွေက အသစ်တွေ၊ မိန်းကလေး အသုံးအဆောင်တွေက အစုံပဲနော်"

ပျိုးက မိန်းကလေးအဝတ်အစားတွေကိုကြည့်ပြီး ပြောနေသလို သူ့မျက်နှာလေးကိုလည်း စိုက်ကြည့်နေသည်။

"ဝသုန်"

"ဘာလဲ"

"နင်တို့ ဒါတွေ ဘယ်လိုလုပ်ပြီးရတာလဲ"

ပျိုးစကားထဲတွင် သံသယတွေပါနေသည်။

"နင် စိတ်သန့်သန့်နဲ့ဝတ်ပါ၊ ငါ့မိတ်ဆွေတစ်ယောက်ဆီက တောင်းလာတာ"

"ထူးအောင် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မပျိုးရဲ့"

"ပျိုးရယ်… ခုချိန်မှာ လူတွေတော်တော်များများ ဒုက္ခရောက်နေကြတာ၊ ငါတို့မှာ မဟုတ်တဲ့စိတ်တွေ မရှိပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မယုံလို့ပြောတာမဟုတ်ပါဘူး၊ နင် ဒုက္ခရောက်မှာ စိုးလို့ပါ"

"စိတ်ချ၊ ငါ မဟုတ်တာမလုပ်လို့ ဒုက္ခရောက်စရာမရှိဘူး"

"အင်္ကျီလေးတွေက ငါ့စိတ်ကြိုက်ပဲ၊ ငါက ညနေစောင်းလေ နင်တို့ကို စိတ်ပူလေပဲဟာ"

သူမထံမှ စိုးရိမ်မှုကလေးကို ကြားလိုက်ရတာကြောင့် ဝမ်းသာမိတယ်။

"ကဲ... မင်းတို့လည်း နေထိုင်လို့ရပြီဆိုတော့ ငါတို့ လစ်ကြတော့မယ်"

"နီကလောင်... မင်းက ဘယ်မှာသွားအိပ်မှာလဲ"

"ဘုန်းကြီးကျောင်းမှာ"

"ဟာ... ဒီမှာအိပ်ပါလား"

"နောက်တော့ အိပ်တာပေါ့ကွာ၊ ခု ရပ်ရေးရွာရေးကိစ္စတွေအတွက် လူငယ်တွေ ဘုန်းကြီးကျောင်းမှာ စုပြီးအိပ်ကြမယ်လေ၊ ကဲ... သွားပြီ"

နီကလောင်နှင့် ထူးအောင်ထွက်သွားပြီးနောက်...

"ပျိုး"

"နင် ငါ့ကို ဘာပြောချင်နေတာလဲ ဝသုန်"

"ခုချိန်မှာ နင်နဲ့ငါ့ကြားမှာ ထိန်ချန်စရာမရှိတော့ဘူး ငါထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပါ"

"နင့်မှာ ကိုလတ်နဲ့ရတဲ့ ကိုယ်ဝန်ရှိနေတယ် မဟုတ်လား"

"ဟင်"

သူ့စကားကို ပျိုး မျက်လုံးကလေးဝိုင်းပြီး ကြည့်နေလေသည်။ ပျိုးနှုတ်ဖျားထက်မှတော့ စကားလုံးတွေ ထွက်မလာသေးပေ။

"ငါ ဒီစကားကိုမေးရတာ နင့်အတွက်ရော၊ ကိုလတ်အတွက်ပါဆိုတာတော့ နင် သဘောပေါက်စေချင်တယ် ပျိုး"

ပျိုးမျက်ဝန်းတွင် မျက်ရည်ဥတွေ စီးယိုကျနေလေတော့သည်။

"ပျိုးရယ်... မျက်ရည်နဲ့ဆုံးဖြတ်လို့မရဘူး၊ မကြာခင် ရောက်ရှိလာမဲ့ မနက်ဖြန်တွေကို သတ္တိရှိရှိ ရင်ဆိုင်လိုက်ကြရအောင်၊ နင့်ဘေးမှာ ငါဟာ အကောင်းဆုံးအဖော်တစ်ယောက်အဖြစ်နဲ့ ရှိနေမယ်ဆိုတာ နင်ယုံပါ ပျိုး"

"ငါ နင့်ကို ယုံကြည်ပါတယ်၊ ငါ့ဘဝမှာ အယုံကြည်ရဆုံး ယောကျ်ားနှစ်ယောက်ရှိခဲ့ပါတယ်၊ အဲဒီလူတွေက နင်ရယ်၊ ကိုလတ်ရယ်ပါ၊ နင်မေးတဲ့အမေးကို ငါ အခု မဖြေပါရစေနဲ့ဦးဟာ"

"ပျိုး... အချိန်ဆွဲလို့မရတော့ဘူးနော်"

"ငါ သဘောပေါက်ပါတယ်၊ ကိုလတ်မြေပုံရှေ့မှာ ငါ ဖွင့်ပြောပါရစေ ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မနက်ဖြန် လှေငှားပြီး နှင်နဲ့ငါသွားမယ်"

"နှင့်ကို ငါမေးမယ် ဝသုန်"

"မေးလေ"

"နှင့်ဆုံးဖြတ်ချက်ဟာ ကိုလတ်အတွက်လား၊ ငါ့အတွက်လား"

"နှင်တို့နှစ်ယောက်လုံးအတွက်ပါ"

"နှင် ငါ့ကို တကယ်စိတ်မနာဘူးလား"

"ငါပြောခဲ့ပြီးပြီပဲ ပျိုး၊ နှင်ဟာ ငါစိတ်နာရမဲ့လူ မဟုတ်ပါဘူး"

"နှင့်ကို ငါ မုန်းရတဲ့အကြောင်းရော မသိချင်ဘူးလား"

"နှင်ပြောပြရင်တော့ ငါသိချင်တယ်လေ"

"တကယ်တော့ နှင့်ကို ငါမုန်းခဲ့တာဟာ ဘာမှအဓိပ္ပါယ်မရှိတဲ့ အမုန်းတုတစ်ခုပါ ဝသုန်"

"ဟင်... အမုန်းအတု ဟုတ်လား"

"ဟုတ်တယ်၊ အမုန်းကို ခုတုံးလုပ်ပြီး တကယ်ကျတော့ နှင့်ကို ငါက ကြောက်ခဲ့တာ"

"ဘာ... ငါ့ကိုကြောက်ခဲ့တာ"

"ကြောက်ခဲ့တယ်ဆိုတာ တခြားတော့ မဟုတ်ဘူး၊ နှင့်အမေကြောင့်ပဲ"

"အမေ... ငါ့အမေကြောင့်"

"ဒီလို ဝသုန်၊ နှင့်အမေက အရေပြားရောဂါနဲ့ ဆုံးခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်တယ်၊ အမေဟာ အရေပြားရောဂါတော့ မဟုတ်ဘူး၊ ခြေထောက်ကို ရေနွေးပူလောင်တာကစပြီး ပေါ့ပေါ့တန်တန်နေရင်းက ခန္ဓာကိုယ်တစ်ခုလုံး ကူးစက်ပြီး အရေပြားရောဂါလိုဖြစ်သွားတာ၊ တကယ်တမ်း အမေဆုံးခဲ့တာ အရေပြားရောဂါကြောင့်တော့ မဟုတ်ဘူး၊ ရင်ကြပ်ရောဂါကြောင့်"

"ဟင်"

သူ့စကားကို ပျိုး အံ့အားသင့်နေခဲ့သည်။

"ငါက နင့်အမေကို အရေပြားရောဂါသည်ဆိုပြီး နင့်ကို အပေါင်းအသင်းမလုပ်ချင်ခဲ့တာပါ၊ ဒါကို အမုန်းအကြောင်းပြခဲ့တာပဲ ဝသုန်၊ နင်လည်း နင့်အမေလို အရေပြားရောဂါရှိမယ်ဆိုတဲ့ အစွဲနဲ့ နင့်ကို အပေါင်းအသင်း မလုပ်ခဲ့တာပါ၊ ဒါပေမယ့်လေ... ငါ နင့်ကို မုန်းချင်ယောင်ဆောင်ရင်း တကယ်မုန်းရတဲ့ဘဝကို ရောက်ခဲ့ရတာလည်း ရှိတယ်"

"တကယ်မုန်းခဲ့တဲ့ဘဝကို ရောက်ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် ဝသုန်"

"ငါ ဆယ်တန်းနှစ် ကျောင်းပိတ်တုန်းက ရွာကို ပြန်လာတော့ ငါ နင်နဲ့ပတ်သက်ပြီး အမှားတွေကို ပေါင်းပန်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ ငယ်ငယ်တုန်းက သင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ထင်မှားခဲ့တဲ့ အမှားကို တောင်းပန်မယ်ပေါ့၊ ကိုလတ်ကိုလည်း ငါ ကတိမပေးဘူး၊ ရွာရောက်မှ အံ့သြသွားအောင်ဆိုပြီး ပြန်လာခဲ့တယ်၊ ရွာရောက်တော့ ငါ သတင်းတစ်ခု ကြားလိုက်တယ်"

"ဘာသတင်းလဲ ပျိုး"

"နင့်မှာ ချစ်သူရှိနေပြီတဲ့၊ ကောင်မလေးက အရမ်းချမ်းသာပြီး ငါ့ထက်လည်း ချောတယ်တဲ့"

"ဟာ... မဟုတ်တာ"

"နာမည်က ကဗျာအိမ်တဲ့"

"ငါတို့က သူငယ်ချင်းတွေပါ"

"အေးလေ... ဒီတုန်းက ငါက နင့်ဆီက ရှင်းပြဖို့စောင့်ခဲ့တာမဟုတ်သလို မေးစရာအကြောင်းလည်း မရှိတာနဲ့ ငါ ဆုံးဖြတ်ချက်ကိုမပြင်တော့ဘဲ နင့်ကို ဆက်ပြီးမုန်းခဲ့တယ်"

"ဩ... ပျိုးရယ်"

"ဒါပေမယ့် ဒါတွေဟာ နောက်ကျခဲ့ပါပြီလေ၊ ငါ့ဘဝမှာ ပြုပြင်ချင်ပေမဲ့ ပြုပြင်လို့မရတော့ပါဘူး၊ ကံကြမ္မာက ငါတို့နှစ်ယောက်ကို နောက်ကျခြင်းကမ်းတစ်ဖက်မှာပဲ ဆုံဆည်းခွင့်ပေးလိုက်ပြီ မဟုတ်လား"

"နောက်မကျသေးပါဘူး ပျိုးရယ်၊ ခုမှစတာ၊ သုညကစရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်… ငါလေ၊ နင့်ကို ငါ့ဘဝရဲ့ အသုံးတော်ခံလူ တစ်ယောက် အဖြစ်မခံနိုင်ဘူး"

"ငါ ဆုံးဖြတ်ပြီးပြီ ပျိုး"

"နင်ဆုံးဖြတ်ပေမဲ့ ငါ့ဘက်က ဆုံးဖြတ်ချက်မချရသေး ဘူး"

"ဘာလဲ… ငါက နင့်အတွက် အားထားလောက်တဲ့ လူတစ်ယောက်မဟုတ်လို့လား"

"ငါပြောတဲ့အဓိပ္ပါယ်က နင်ထင်သလို မဟုတ်ဘူး"

"ဒါဖြင့် နင်ဆိုလိုတာက"

"ဝသုန်… ငါဟာ အမှားတစ်ခုရဲ့အပြစ်ဒဏ်ကို ခံရတော့ မဲ့ လူတစ်ယောက်ပါ"

"နင်မမှားပါဘူး၊ ကိုလတ်ကလည်း နင့်အပေါ်မှာ သစ္စာမဲ့ ခဲ့တာမှ မဟုတ်တာ"

"အင်းလေ… နင့်ဆုံးဖြတ်ချက်နဲ့ ငါ့ဆုံးဖြတ်ချက်ကို ကိုလတ်မြေပုံရှေ့မှာပဲ ပြောကြတာပေါ့"

နှစ်ယောက်လုံး စကားသံလေးတွေ တိတ်ဆိတ်သွားလေ တော့သည်။ ရင်ထဲမှာတော့ အတွေးကိုယ်စီဖြင့် မနက်ဖြန် ခနက်လေးကို လှမ်းပြီးမျှော်နေလိုက်တော့သည်။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁၃ ◀

နံနက်ခင်း လယ်ကွင်းပြင်ပေါ်မှ လျှော်ခတ်နေသော လေ့
ကလေးသည် ရှာနောက်ဘက်ဆီသို့ ဦးတည်နေလေပြီ။

"ဝသုန်ရယ်... ငါတို့ရွာကြီးကို ခုလိုအနောက်ဘက်ကနေ
ကြည့်ရတာ မီးလောင်ပြင်ကြီးလိုပဲနော်"

"ဟုတ်တယ် ပျိုး၊ ငါတို့ရွာကြီးပျက်သွားတာကို ငါ
ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေခဲ့ရတယ်"

"တကယ့်အိပ်မက်ဆိုးကြီးတစ်ခုကို မက်လိုက်ရသလိုပဲ
ဟာ"

"အိပ်မက်ဆန်တဲ့ ရက်စက်မှုကြီးတစ်ခုကို ကြုံလိုက်ရ
တယ်လို့ပဲလေ"

"ဒီမုန်တိုင်းဟာ ငါ့ဘဝကို ပြောင်းလဲနိုင်ခဲ့ပါပြီ"

"နင်တစ်ယောက်တည်းဘဝမဟုတ်ပါဘူး ပျိုးရယ် ဘဝ
များစွာကို ပြောင်းလဲပစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်… နင် ကိုလတ်ပေါ်မှာ တကယ် သံယောဇဉ် ကြီးတယ်နော်"

"ကိုလတ်လည်း ငါ့အပေါ်ကို သံယောဇဉ်ကြီးခဲ့ပါ တယ်"

"ဟုတ်တယ် ဝသုန်၊ ကိုလတ်ဘဝမှာ အဖြစ်စေချင်ဆုံး ဆန္ဒလေးကို သူမရှိတော့မှ ငါဖြည့်ဆည်းပေးနိုင်ခဲ့တာ ကို တွေးတွေးပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်၊ ဒါတွေက ငါ့ရဲ့ လွဲမှားတဲ့မာနကြောင့်ပါ၊ ကိုလတ်ကို ငါ တောင်းပန်ပါတယ်"

"နင့်တောင်းပန်မှုကို ကိုလတ် ခွင့်လွှတ်မှာပါ၊ ပြီးတော့ ကိုလတ် နင့်ကို စိတ်ချမယ်ဆိုတာလည်း ငါယုံကြည် တယ်"

"နင်ပြောတာ အရမ်းကိုမှန်တယ် ဝသုန်၊ ကိုလတ်က ငါ့ကို နင်နဲ့ဆိုရင် စိတ်ချစွာနဲ့ ထားရက်နိုင်မှာပါ၊ ဒါပေမယ့် ဟာ…"

"ဒါပေမယ့် ဘာဖြစ်လဲ ပျိုး"

"တကယ်တော့ ငါဟာ နင်တို့နှစ်ယောက်လုံးနဲ့ မထိုက် တန်တဲ့သူပါ"

"ပျိုး"

"ဘာ့ကြောင့်လဲဆိုတာကို ကိုလတ်မြေပုံရှေ့ရောက်မှ ငါ ပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လှေကလေးသည် ကိုလတ်ကို မြှုပ်နှံထားသော မြေပုံလေးရှိရာ ကမ်းဆီသို့ရောက်ရှိချိန်တွင် ကောင်းကင်မှ မိုးပွားကလေးများ စတင်ပြီး ကျနေလေသည်။

"မိုးရွာမယ် ထင်တယ်"

"ရွာပါစေတော့ ဝသုန်ရယ်၊ ဒီမိုးနဲ့အတူ ငါပြောပါရစေ"

ကိုလတ်မြေပုံရှေ့တွင် နှစ်ယောက်သား ထိုင်ချလိုက်ပြီးနောက်

"ကိုလတ်… ငါတို့နှစ်ယောက် မင်းရှေ့ကို ရောက်နေပြီကွာ၊ မင်းမြင်ချင်၊ တွေ့ချင်တဲ့ တို့နှစ်ယောက်ရဲ့ငြိမ်းချမ်းရေးကို မင်းကိုလာပြီးပေးနေတယ် သူငယ်ချင်း၊ မင်းသိနိုင်ပါစေကွာ"

"ကိုလတ်… နင် ငါ့ကို ဘယ်ဘဝရောက်ရောက် ခွင့်လွှတ်ပါ၊ နင် အကြိမ်ကြိမ်ပြောဖူးတဲ့ စကားလေးကို ငါ အခုပြောပါတော့မယ်၊ နင်က ဝသုန်ကို မမုန်းဖို့ ပြောခဲ့တာကို နင်မှတ်မိမှာပေါ့၊ ငါ အခု ဝသုန်ကို မမုန်းတော့ပါဘူးဆိုတာ ငါ နင်သိအောင် ပြောနေပြီလေ ကိုလတ်"

"သူငယ်ချင်း ကိုလတ်၊ ငါတို့သုံးယောက် ချစ်ချစ်ခင်ခင်နဲ့ အတူတူနေချင်တယ်ဆိုတဲ့ မင်းစကားကို ကံကြမ္မာက ဖြည့်ဆည်းခွင့်မပေးခဲ့တာကို ငါ အရမ်းဝမ်းနည်းတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်ရေ… ဘယ်ဘဝရောက်ရောက် ငါတို့နှစ်ယောက်ကို စောင့်ပါနော်၊ တို့တစ်တွေ နောင်ဘဝဆိုတာ ရှိခဲ့ရင် အရှမ်းချစ်ကြတဲ့သူတွေအဖြစ်နဲ့ ပြန်ပြီးဆုံကြရအောင် ငါဆုတောင်းနေပါမယ်"

"ပျို့"

"ဝသုန်"

"နင်ဖြေတော့လေ၊ ကိုလတ်ရှေ့မှာ တစ်ခါတည်း ကတိပြုရအောင်"

"ငါပြောပါ့မယ်၊ တကယ်တော့ ဒီကိုယ်ဝန်ဟာ ကိုလတ်နဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ဘူး"

"ဟင်"

"နင် အံ့သြသွားမယ်ဆိုတာ ငါယုံတယ်"

"နင်နဲ့ကိုလတ်က ချစ်သူတွေ မဟုတ်လား"

"ငါနဲ့ကိုလတ် ချစ်သူတွေဖြစ်ခဲ့တာ ဟုတ်ပါတယ်၊ ဒါပေမယ့် ငါဟာ ကိုလတ်ပေါ်မှာ သစ္စာမဲ့ခဲ့တယ်၊ တက္ကသိုလ်တက်တော့ နေမျိုးနိုင်ဆိုတဲ့ သူဌေးသားတစ်ယောက်နဲ့ ဆက်ပြီးရည်းစားဖြစ်ခဲ့တယ်လေ"

"ကိုလတ်က နင့်ကို မတားဘူးလား"

"ကိုလတ်စိတ်ကို နင်သိသားပဲ၊ ငါ့အပေါ်မှာ ပြင်းပြင်းထန်ထန်တားခဲ့ရင်တောင် ငါဟာ အမှားတစ်ခုကို မိုက်မိုက်ကန်းကန်း ကျူးလွန်ခဲ့မှာ မဟုတ်ဘူး၊ ကိုလတ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါ့ရဲ့သစ္စာမဲ့မှုပေါ်မှာ ခွင့်လွှတ်ပြီး ဘာမှမတားခဲ့ဘူးလေ၊ ငါလည်း နေမျိုးနိုင်ပေါ်မှာ သာယာပြီး မှားယွင်းခဲ့တယ်"

"ခု ဒီကောင် ဘယ်ရောက်သွားလဲ"

"သူ ငါ့ကိုပြောခဲ့တာတော့ သင်္ဘောလိုက်သွားတယ်လို့ပြောပြီး ငါတို့နှစ်ယောက် ပြန်ပြီးမဆုံဖြစ်ခဲ့တော့ဘူး"

"မျိုးရယ်"

"ငါ့ကို မိုက်မဲတယ်လို့ ပြောလိုက်ပါတော့ ဝသုန်ရယ်၊ ကိုလတ်လည်း နင့်လိုပဲ ငါလွှယ်ထားရတဲ့ ကိုယ်ဝန်ကို ကာကွယ်ပေးဖို့ ငါ့ကိုလက်ထပ်ဖို့ ပြင်ဆင်ခဲ့တာ၊ ငါက ဒီကိုယ်ဝန်ကို ဖျက်ချဖို့ကြံစည်ခဲ့တယ်၊ ဒါကို ကိုလတ်က လုံးဝလက်မခံခဲ့ဘူး၊ ငါ့အပေါ်မှာ တစ်ကြိမ်တစ်ခါမှ ဒေါသမဖြစ်ဘူးတဲ့ ကိုလတ်ဟာ ဒီကိုယ်ဝန်ဖျက်ချမယ်လို့ ပြောတုန်းက ဒေါသတွေတောင် ထွက်ခဲ့တယ်လေ၊ ဝသုန်"

"မျိုး"

"ခု ငါပြောတာကို နင် သဘောပေါက်ပြီလား၊ နင် ငါ့ကို လက်ထပ်ဖို့လိုအပ်သလား၊ နင့်ဆုံးဖြတ်ချက်ကို ပြင်လို့ရပါသေးတယ်ဟာ"

"မျိုး... နင် ဘယ်သူနဲ့ပဲရရ ခုချိန်မှာ နင့်အတွက် ဘာမဆိုလုပ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်ရယ်… လူဆိုတာ ထိုက်တန်တဲ့ပေးဆပ်မှုပဲ လုပ်သင့်တယ်"

"ငါ့ပေးဆပ်မှုဟာ မထိုက်တန်ဘူးလား"

"မထိုက်တန်ဘူး ဝသုန်၊ နင်တို့နှစ်ယောက်လုံးဟာ ငါ့ရဲ့ မိုက်မဲမှုဒဏ်ကို ခံစားခံရောက်ခဲ့ကြတာပါ၊ ငါ့မိုက်ပြစ်နဲ့ ငါ ဒီလောကကြီးမှာ ဘယ်သူကဲ့ရဲ့ရဲ့၊ ရှုတ်ချချ ရင်ဆိုင်မယ်"

"ငါ့ ရင်ဆိုင်ခွင့်မပေးဘူး"

"ဝသုန်"

"နင် ဘာမှထပ်ပြီးမပြောနဲ့တော့ ပျိုး"

မိုးတွေက သည်းသည်းမည်းမည်း ရွာချနေပြီ ဖြစ်သည်။ ပျိုးရဲ့လက်ကလေးတို့သည် ဝသုန် တင်းကြပ်စွာ ဆုပ်ကိုင်ပြီး

"ကိုလတ်ရဲ့ဆန္ဒဟာ ငါ့ရဲ့ဆန္ဒဆိုတာ နင်ယုံပါ ပျိုးရယ်"

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▶ ၁၄ ◀

"ဟင်"

သူ တရေးနိုးကို မီးခွက်ထပြီးထွန်းကာ ပျိုးအိပ်နေသော နေရာကို လှမ်းပြီးကြည့်လိုက်သော် ပျိုးတစ်ယောက်မတွေ့ရ။

"ပျိုး... ပျိုး... ပျိုး"

သူ အကြိမ်ကြိမ်ခေါ်ပေမဲ့ တုံ့ပြန်သံကို မကြားရပေ။

အိမ်နောက်ဘေးဘက်သို့ ကြည့်တော့လည်း မတွေ့ရသဖြင့် စိုးရိမ်သွားသည်။

"ပျိုးရေ... ပျိုး"

သူ မိုးရေထဲထွက်ပြီး အသံကုန်အော်ကာ ခေါ်ပေမဲ့ ထူးခြားမှုမရှိ။ ခြံဝန်းထဲကို ဓာတ်မီးနှင့်ထိုးပြီး ရှာသော်လည်း မတွေ့ရ

ခြံပြင်ဘက်ကို ထွက်ပြီးရှာရတော့သည်။

"ဟင်... ပျိုး"

မိုးရေထဲတွင် တစ်ယောက်တည်း လျှောက်သွားနေသော ပျိုးကို လှမ်းပြီးတွေ့လိုက်ရတာကြောင့် နောက်မှ အပြေးလိုက်သွားသည်။ သူ အပြေးလိုက်လာတာကို ပျိုးသိသွားပြီး ရှေ့ ပြေး တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျိုး… မပြေးနဲ့"

"ပျိုး ရှေ့မှာ ကွင်းပြင်ပဲရှိတော့တယ်၊ ရေက ကျသေးတာ မဟုတ်ဘူး၊ ဆက်မသွားနဲ့လေ"

"ဝသုန်….နင် ဆက်ပြီးမလိုက်နဲ့"

"ပျိုးရယ်… ဘာလို့ ဆက်ပြီးမိုက်ချင်ရတာလဲ"

"ငါက မိုက်ဓာတ်ကို ငါကိုယ်တိုင်ပဲ သိမ်းပါရစေဟာ"

"ပျိုးရယ်… ပြန်လာပါ၊ နင့်အတွက် ငါဟာ အကောင်း ဆုံးလူ အဖြစ် ရှိနေပေးမှာပါ"

"ဝသုန်… ငါဟာ နင်တို့နဲ့မတန်ဘူး"

"ပျိုး ပြန်လာပါ၊ ပျိုး… ဟာ"

သူ ခေါ်နေတဲ့ကြားက ပျိုးတစ်ယောက် ရေထဲကို ပြေး ဆင်းသွားသည်။

"ပျိုး…. ပျိုး"

"ဝသုန်… ဝသုန်"

"ဟင်"

သူ မျက်လုံးကိုဖွင့်ကြည့်တော့ အိပ်မက်မက်နေခြင်းပင် ဖြစ်သည်။ ပျိုးက သူ့ဘေးတွင် မီးခွက်ကလေးထွန်းပြီး ထိုင်နေ သည်။

"ရော့… ရေသောက်လိုက်"

အသင့်ဖွင့်ပြီးသား ရေသန့်ဘူးကလေးကို လှမ်းပြီးပေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ငါ့နာမည်ကိုခေါ်ပြီး ယောင်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ"

"နင် မညာစမ်းပါနဲ့၊ ဘာအိပ်မက်တွေမက်လဲ ပြော"

"အိပ်မက်ထဲမှာ နင်က အိမ်ကနေထွက်ပြေးသွားလို့တဲ့၊ အဲဒါ ငါက လိုက်ခေါ်တာကို ဂရုမစိုက်ဘဲ ရေထဲခုန်ချလို့"

"အပြင်မှာ ငါထွက်သွားရင် နင် လိုက်ပြီးခေါ်မှာလား"

"ခေါ်မှာပေါ့ဟာ၊ နင်မယုံဘူးလား"

"ယုံပါတယ် ဝသုန်ရယ်၊ ငါ ငယ်ငယ်ကအကြောင်းလေး တစ်ခုကို သွားပြီးသတိရတယ်"

"ဘာအကြောင်းလဲ"

"နင့်ကို ငါက စကားစပြီးမပြောတော့ နင် ငါ့ကို လိုက်ပြီး ပြောတုန်းက ငါက ဖဲအော်ဟစ်လွှတ်တာကို နင် ခွင့်လွှတ် ပြီး ငါ့ကို ကယ်ခဲ့တာလေ၊ မှတ်မိလား"

"မှတ်မိတာပေါ့၊ အနောက်ဘုရားကြီးတံတားပေါ်က ပြုတ် ကျတုန်းက မဟုတ်လား"

"ဟုတ်တယ်၊ ဒီကတည်းက နင် ငါ့ကို မကယ်ခဲ့ရင် ငါဆိုတာ ခုချိန်ထိ ရှိမှာမဟုတ်တော့ဘူး"

"ဒီတုန်းကလည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ ငါက ပိုက်လို ပစ်ရင်း ချောင်းအနားကိုရောက်တော့ ကိုလတ်ခေါ်သံ ကြားလို့ ပြေးကြည့်တော့ နင် ရေထဲရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



နင် ကံကောင်းတာက အဲဒီအချိန်က ရေက စပြီးတက်ကာစမို့ ငါလည်း ကယ်လို့ရတာ၊ နို့မို့ဆိုရင် နှစ်ယောက်သေမှာ"

"ဒီကတည်းက နင့်ကို ငါ ပြန်ပြီးခေါ်သင့်တယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ အဲဒီအစွဲကြီးကြောင့် နင့်ကိုခေါ်ချင်ပေမဲ့ မခေါ်ရဲခဲ့ဘူး ဝသုန်ရယ်"

"ကဲ… ပျိုး၊ စိတ်မကောင်းစရာတွေ ပြောမနေနဲ့၊ မနက်ကို စိတ်သစ် လူသစ် အတွေးသစ်နဲ့ ရင်ဆိုင်ကြစို့လေ"

"ဝသုန်"

"ဘာလဲ ပျိုး"

"ခုလိုဒုက္ခရောက်နေချိန်မှာ မင်္ဂလာကိစ္စကို ရွာထဲမှာ လျှောက်ပြီးပြောလို့ မသင့်ဘူးလေ"

"ရွာထဲမှာ ဘယ်သူမှမပြောဘူး၊ ကျောင်းထိုင်ဘုန်းကြီးရယ်၊ လူကြီး (၅)ယောက်လောက်ကို အသိပေးရုံသက်သက်ပဲ"

"ဒါနဲ့ မင်္ဂလာခန်းဝင်ပစ္စည်းတွေကရော"

"အယ်… နောက်တော့ ဖြစ်လာမှာပေါ့"

"ဝသုန်ရယ်… ငါ နောက်တာပါ၊ ငါတို့နှစ်ယောက်ဘဝကို ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံးနဲ့ စတင်ရဲတဲ့သတ္တိတွေ ငါ့မှာရှိနေပြီးသားပါ"

"ပျိုးရယ်… ငါဟာ ● ယောက်ျားတစ်ယောက်ပါ၊ နင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ငါ ကြိုးစားမယ်၊ ရေတွေလျှမ်းနေတဲ့ လယ်ကွင်းပြင်ကြီးတွေမှာ ရေမရှိတဲ့အခါ ငါတို့ဘဝအတွက် အာရုံသစ်ပေါ်ပြီဆိုတာ နင်ယုံလိုက်တော့"

"ငါ အရင်က စိတ်ကူးထားတာနဲ့ ခုကြုံနေရတာကတော့ တခြားစီဖြစ်နေပြီ"

"နင်က ဘာကိုစိတ်ကူးထားလို့လဲ"

"ငါ ဘယ်တော့မှ လယ်သမားရဲ့ဇနီး မဖြစ်ရဘူးဆိုတာလေ၊ ခုတော့ လယ်သမားရဲ့ဇနီး ဖြစ်ရတော့မယ်"

"ဘာလဲ… နောင်တရနေတာလား"

"နောင်တဆိုတာ ငါ့ဘဝမှာမရှိတော့ဘူး၊ နင်နဲ့အတူ လယ်သမားတစ်ယောက်ရဲ့ဇနီးကောင်း ပီသစွာနေပြမယ်"

"တကယ်"

"တကယ်ပေါင်းများစွာနဲ့ဆိုတာ နင် လက်တွေ့သိစေရမှာပေါ့"

"နင့်ဆီက ဒီစကားကြားရတာ ငါ့အတွက် ခွန်အားတွေကို ရလိုက်သလိုပဲ"

"အမြဲတမ်း နင့်အတွက် ခွန်အားတွေဖြစ်စေရမှာပါ ဝသုန်ရယ်"

♥♥♥

သစ္စာမွန်နှစ်ပါးဝေ

www.burmeseclassic.com

www.burmeseclassic.com

## စာတ်သိမ်းခန်း

"လမ်းကြီးတော့ ပြန်ပြီးပွင့်သွားပြီကွ ဝသုန်"

"ဟာ… ဟုတ်လား၊ ဝမ်းသာစရာပဲ"

"ဒါ့ထက် ဝမ်းသာစရာသတင်း ရှိသေးတယ်"

"ဘာများလဲ"

"ကုယ်ဆယ်ရေးကိစ္စတွေ ဆောင်ရွက်ဖို့ ကားတွေလာနေကြပြီ"

"ဒီနေ့တော့ မင်္ဂလာသတင်းတွေ ထပ်နေပြီကွ"

"ဒါနဲ့ ပျိုးရော"

"အနောက်ကနေ လိုက်လာနေပြီ၊ ငါက ကြိုတင်ပြီး ဆရာတော်ကို လျှောက်ထားမလို့၊ ထူးအောင်ရော ခေါ် ခိုင်းထားတဲ့လူကြီးတွေ သွားပြီးခေါ်ပြီလား မသိဘူး"

"ငါနဲ့ လမ်းမှာတွေ့တော့ သွားပြီးခေါ်နေပြီကွ၊ ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မင်း တကယ် အကောင်အထည်ဖော်လိုက်ပြီနော်"

"ဖော်လိုက်ပြီ နီကလောင်"

"တကယ် ကဗျာအိမ်ရောက်လာရင်ရော"

"သူပေးတဲ့အပြစ်ကို ငါခံလိုက်မယ်"

"အင်းလေ… မင်းရဲ့ဆုံးဖြတ်ချက်နဲ့ မင်းဆိုတော့ ခုချိန်မှာ ငါ ဘာမှမပြောတော့ဘူးကွာ ကဲ… ကျောင်းပေါ်တက်ရအောင်"

သူနှင့် နီကလောင် ကျောင်းပေါ်သို့တက်မည် အပြု…

"ဝေး… ဝါး"

"ဟင်"

ရှာထဲမှ ကလေးများအော်သံနှင့်အတူ ကားတစ်စီး ထိုးရပ်သံကြောင့် လှည့်ကြည့်လိုက်မိကြသည်။

ကျောင်းအပေါက်ဝတွင် ကားဖြူလေးတစ်စီး ထိုးရပ်ပြီးနောက် ကားပေါ်မှ ဆင်းလာသူက ကဗျာအိမ်…

"ဟင်"

သူ့ကို ချိုလွင်သောအပြုံးနှင့်ကြည့်ကာ လျှောက်လာစဉ် အနောက်မှ အမျိုးသားတစ်ယောက်လည်း လိုက်ပါလာတာကို တွေ့လိုက်ရသည်။

"ဝသုန်… မင်း ဘာပြောမှာလဲ"

နီကလောင်မှ ကဗျာအိမ်အနားသို့ ရောက်မလာခင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သတိပေးနေလေသည်။

"ဟူး..."

သူ စိတ်ကိုတင်းပြီး ပြောမဲ့စကားကို နှုတ်ဖျားဆီသို့ ပို့ဆောင်ထားလိုက်သည်။

"ဝသုန်"

"ကဗျာ... ငါ့ကို ခွင့်လွှတ်ပါဟာ"

"အယ်... ဘာကို ခွင့်လွှတ်ခိုင်းနေတာလဲ၊ ဘာလဲ ဒုတိယကတိကို ဖောက်ပြန်ပြီလား၊ နောက်မှ ဆက်ပြီးပြော၊ ခုမိတ်ဆက်ပေးမလို့၊ သူက ကဗျာ့အစ်ကိုတစ်ဝမ်းကွဲ ကိုနေမျိုးနိုင်တဲ့"

"ဟင်"

ကဗျာ မိတ်ဆက်ပေးသောသူကို သူမသိပေမဲ့ နာမည်ကိုတော့ ကြားဖူးသလို ရှိနေလေသည်။

"ဟုတ်ကဲ့... ကျွန်တော်နေမျိုးနိုင်ပါ၊ ပျိုးအလက်ာရဲ့ ချစ်သူပါ"

"ဟာ"

ပျိုးပြောနေသော သဘော်သားဆိုတာကို သိလိုက်ရသည်။

"ခင်ဗျား ဗျာ"

"ကျွန်တော့်ကို ကိုဝသုန်နေခ်ာင် ကြိုက်သလိုလုပ်ပါ၊ ဒါပေမယ့် ကျွန်တော် ရှင်းပြတာကိုတော့ နားထောင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသုန်ရယ်... နားထောင်ပေးလိုက်ပါ"

ကဇုာက သူ့လက်မောင်းလေးကိုကိုင်ပြီး နားထောင်နိုင်းသဖြင့် ဒေါ်သကို ချုပ်ပြီးထားလိုက်သည်။

"တကယ်တော့ ကျွန်တော် ပျိုးအပေါ်မှာ အပျော်ကြံခဲ့တာ မဟုတ်ပါဘူး၊ တကယ့်မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ၊ လက်ထပ်ဖို့ထိလည်း ဆုံးဖြတ်ထားခဲ့ပါတယ်၊ ဒါကြောင့် ပျိုးကို တင့်တင့်တယ်တယ်ထားနိုင်အောင် တခြားနိုင်ငံမှာ သွားပြီးအလုပ်လုပ်ခဲ့တယ်၊ ဒါပေမယ့် ဟိုရောက်တော့ ကုမ္ပဏီကပျက်ပြီး နောက်ကုမ္ပဏီ တစ်ခုကိုရောက်သွားတော့ ပျိုးနဲ့ ကျွန်တော့်ကြားမှာ အဆက်အသွယ်ပြတ်ခဲ့တာပါ၊ ပြီးတော့ ပျိုးမှာ ကိုယ်ဝန်ရှိမှန်းမသိခဲ့ဘူးလေ၊ ခုတောင် ကုမ္ပဏီနဲ့ အဆင်မပြေပြီး ပြန်လာလို့သာ အခြေအနေအားလုံးကို သိခဲ့ရတာပါ"

"ခင်ဗျားက ပျိုးအခြေအနေကို ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဟောဒီစာကြောင့်"

စာအိတ်ကလေးထဲမှစာကို သူထုတ်ယူကြည့်လိုက်တော့ ကိုလတ်က နေမျိုးနိုင်ဆီကို ရေးထားသောစာ ဖြစ်နေလေသည်။

"ဒီစာကို ကိုလတ်က ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို ပေးခိုင်းခဲ့တာလေ၊ ကံကောင်းချင်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေနဲ့ ကျွန်တော် ဘန်ကောက်လေဆိပ်မှာဆုံတုန်း သူက ပေးလိုက်လို့ သိသိချင်း မြန်မာပြည်ကို ပြန်ခဲ့တာ ဒီရောက်တော့ မုန်တိုင်းသတင်းတွေကြားပြီး ချက်ချင်း လာလို့မရတာနဲ့ ခုမှလာနိုင်တာပါ"

"ဟော... ဟိုမှာ ပျိုးလာနေပြီ၊ ခင်ဗျားတို့နှစ်ယောက် ကိစ္စ ခင်ဗျားကိုယ်တိုင်ပဲ သွားပြီးရှင်းတော့"

"သူ့ကိစ္စပြီးသွားရင် ရှင်နဲ့ ကျွန်မကိစ္စကို ရှင်းရအောင်"

"ကဗျာ"

"ဘာ... ကဗျာလုပ်မနေနဲ့၊ ရှင့်ရဲ့ကတိပျက်မှုအတွက် ရှင့်ကို အပြစ်ပေးရမှာပဲ"

"ကဗျာ ကိုယ့်အပေါ် ကြိုက်သလိုမှန်းပါ"

"အံမယ်... မုန်းရအောင် ရှင်နဲ့ကျွန်မက ချစ်မှမချစ်ရ သေးတာ"

"မချစ်ရသေးဘူးလား"

"ဟုတ်တယ်လေ၊ ချစ်မှမချစ်ရသေးတာ"

"ဒါဖြင့် ချစ်လိုက်ရအောင်"

"ဝသုန်"

"ဘာလဲ နီကလောင်"

"ဆရာတော်က ပြောနေတယ်၊ သူ ဘာဆက်ပြီးလုပ်ရမှာ လဲတဲ့၊ ယောဟိုမှာ ထူးအောင်နဲ့ လူကြီးတွေပါလာပြီ"

"ဟာ... ဒုက္ခပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ခုမှဒုက္ခလဲ၊ ရှင့်ပြဿနာ ရှင်ရှင်းလေ"

"ဒါများ လွယ်လွယ်ကလေး"

ကဗျာ့လက်ကိုဆွဲပြီး ကျောင်းပေါ်သို့ တက်ခဲ့သည်။

"ဝသုန်... ဘာလုပ်တာလဲ"

"မင်းနဲ့ ကိုယ်တို့ရဲ့မင်္ဂလာပဲ လုပ်ရတော့မှာပေါ့"

"ရှင်နော်"

သူ ဆုပ်ကိုင်ထားသော လက်ကလေးကို ကဗျာ ပြန်လည် ဆုပ်ကိုင်ပြီး ကျောင်းပေါ်သို့ တက်ခဲ့စဉ်...

သူတို့နှစ်ဦးလုံးရင်တွင် ပုဏ္ဏာလေးတစ်ခုကတော့ ရှိနေခဲ့လေပြီ။

ထိုပုဏ္ဏာကတော့ ခံစားမှုမဲ့စွာ ရက်စက်ခဲ့သော ကံကြမ္မာ၏ ရင်ခွင်မဲ့ပုဏ္ဏာလေးတစ်ခုပင် ဖြစ်တော့သည်။

*ဆက်လက်ကြိုးစားပါဦးမည်။*

အိမ့်သက်ပိုင်

www.burmeseclassic.com